# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၆)ရက် ၊ ကြာသပတေးနေ့ ၊ (3-9-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၂၆)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး လူရည်ချွန်ဆုရရှိသူ မောင်ရဲထက်ကျော်ကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ အခြေခံပညာလူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်

**နေပြည်တော် စက်တင်ဘာ ၂**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့၌ ထူးချွန်စွာ အောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏

**စာမျက်နှာ ၁၆ ကော်လံ ၁** ⚐

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက နီပေါနိုင်ငံနှင့် တရုတ်နိုင်ငံနယ်စပ်ဒေသ သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် အလှူငွေနှင့်စားသောက်ကုန်များ လှူဒါန်း

**နီပေါ စက်တင်ဘာ ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက နီပေါနိုင်ငံနှင့် တရုတ်နိုင်ငံနယ်စပ်ဒေသမှ သဘာဝဘေးဒဏ်သင့် ပြည်သူများအတွက် အလှူငွေနှင့် စားသောက်ကုန်များကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်လေယာဉ် Y8 ဖြင့် ရန်ကုန်မြို့မှ နီပေါနိုင်ငံ ခတ္တမန္ဒူမြို့ရှိ Tribhuvan International Airport(KTM)သို့ သွားရောက်၍ လှူဒါန်းသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား အလှူငွေနှင့် စားသောက်ကုန်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးနှင့် တာဝန်ရှိသူများက ထိုသို့သွားရောက်ပေးအပ်လှူဒါန်းခြင်းဖြစ်သည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက

**စာမျက်နှာ ၂၂ ကော်လံ ၁** ❍




## ရတနာပုံ ယနေ့ဖတ်စရာ


ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ — စာမျက်နှာ - ၂၂

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများသွားရောက်လေ့လာ — စာမျက်နှာ - ၂၁

မလေးရှားထိန်းသိမ်းရေးစခန်းများရှိ မြန်မာနိုင်ငံသားများကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိ — စာမျက်နှာ - ၂၅

အနာဂတ်ပညာရေးကို ပြောင်းလဲပေးမည့် ဉာဏ်ရည်တုနည်းပညာ ဆောင်းပါး — စာမျက်နှာ - ၂၉


## ဖြူးချောင်းရေလှောင်တမံမှ နွေစပါး ၁၇၃၈၉ ဧကအပြင် တိုးချဲ့စိုက်ပျိုးမည့် နွေစပါးဧက ၈၀၀ အတွက် စိုက်ပျိုးရေ ပို့လွှတ်ပေးသွားမည်

**ပဲခူး စက်တင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ဖြူးချောင်းရေလှောင်တမံမှ လာမည့်နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါး ၁၇၃၈၉ ဧကအပြင် တိုးချဲ့စိုက်ပျိုးမည့် နွေစပါးဧက ၈၀၀ အတွက်လည်း စိုက်ပျိုးရေပို့လွှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"တမံရေပြည့်ဖို့ ၁၅ ပေကျော် လိုပါသေးတယ်။ ရေအားလျှပ်စစ်နေ့စဉ်ထုတ်ပေးတဲ့အပြင် နွေစပါးစိုက်ပျိုးရေကိုလဲ ဒီတမံကပဲ ပို့လွှတ်နေတာပါ။

**စာမျက်နှာ ၂၃ ကော်လံ ၁** ❑



ဖြူးချောင်းရေလှောင်တမံ၏ လက်ယာမြောင်းမကြီးမှ နွေစပါးခင်းများ ရေပေးဝေနေမှုကို တွေ့ရစဉ်။

ရတနာပုံ
၂၀၂၆ ခုနှစ် စက်တင်ဘာ ၃ ရက်
အယ်ဒီတာ့အာဘော်

# ပြည်သူ့အကျိုးစီးပွားရှေးရှု အခွန်ကင်းလွတ်ခွင့် ထပ်မံခွင့်ပြု

နိုင်ငံတော်အစိုးရသည် နိုင်ငံ၏စီးပွားတည်ငြိမ်စေရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ သက်သာချောင်ချိမှုရှိစေရေး၊ အခွန်ကဏ္ဍရေရှည်အခြေခံခိုင်မာရေးတို့ကို ရည်ရွယ်သည့် မူဝါဒဆိုင်ရာများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ လက်ရှိတွင် ပြည်ပသွင်းကုန်များနှင့် ပတ်သက်၍ အများပြည်သူအကျိုးစီးပွားကို ရှေးရှုပြီး ဆောင်ရွက်ပေးလျက်ရှိရာ ဖြစ်ပေါ်နေသော အခြေအနေများအပေါ်မူတည်၍ အခွန်ကင်းလွတ်ခွင့်ကာလများကို ထပ်မံတိုးမြှင့်ခွင့်ပြုပေးလျက်ရှိသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် အခွန်ကင်းလွတ်ခွင့်ကာလများကို ထပ်မံတိုးမြှင့်ခွင့်ပြုပေးလျက်ရှိရာတွင် ဒီဇယ်ဆီ HSD (500 ppm) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်(နှစ်ရာခိုင်နှုန်း) တို့ကို ဧပြီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်ထိ ကင်းလွတ်ခွင့်ပြုခဲ့မှုကို စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိလည်းကောင်း၊ သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့ကို မေ ၁ ရက်မှ ဩဂုတ် ၃၁ ရက်ထိ ကင်းလွတ်ခွင့်ပြုခဲ့မှုကို စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိလည်းကောင်း၊ ဓာတ်မြေဩဇာများ တင်သွင်းမှုအပေါ် ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန်(နှစ်ရာခိုင်နှုန်း)ကိုလည်း ဧပြီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်ထိ ကင်းလွတ်ခွင့်ပြုခဲ့မှုကို စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိလည်းကောင်း အသီးသီးတိုးမြှင့်ခွင့်ပြုပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ယခုကဲ့သို့ အခွန်ကင်းလွတ်ခွင့်ကာလကို ထပ်မံတိုးမြှင့်ခွင့်ပြုလျက်ရှိခြင်းဖြင့် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမြင့်တက်နေချိန်တွင် စက်သုံးဆီ(ဒီဇယ်ဆီ) အသုံးပြုမောင်းနှင်ရသည့် မော်တော်ယာဉ်များဖြင့် သယ်ဆောင်အသုံးပြုလျက်ရှိသည့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းများကို ထိန်းညှိပေးနိုင်မည်ဖြစ်သည်။ အလားတူ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားပေးမြှင့်တင်နိုင်ရန်နှင့် ဓာတ်အားခဈေးနှုန်းများ သက်သာစေနိုင်ရန်တို့အတွက် သဘာဝဓာတ်ငွေ့ရည်(Liquefied Natural Gas) အခွန်ကင်းလွတ် ခွင့်ပြုပေးခြင်းဖြင့် သဘာဝဓာတ်ငွေ့ရည် ဈေးနှုန်းမြင့်တက်မှုကို ထိန်းညှိနိုင်မည်ဖြစ်ပေသည်။ ထို့ပြင် ဓာတ်မြေဩဇာများ တင်သွင်းမှုအပေါ် ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နိုင်စေရန်နှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များ လျော့ကျလာစေမည်ဖြစ်သောကြောင့် ပြည်သူအားလုံးက အခွန်ကင်းလွတ်ခွင့်ကာလကို ထပ်မံတိုးမြှင့်ခွင့်ပြုမှုကို ဝမ်းမြောက်ဝမ်းသာကြိုဆိုလျက်ရှိသည်။

သို့ဖြစ်ရာ စက်သုံးဆီ(ဒီဇယ်ဆီ)တင်သွင်းမှု၊ သဘာဝဓာတ်ငွေ့ရည်တင်သွင်းမှု၊ ဓာတ်မြေဩဇာတင်သွင်းမှုတို့အပေါ် အခွန်ကင်းလွတ်ခွင့်ကာလကို ထပ်မံတိုးမြှင့်ခွင့်ပြုပေးထားသဖြင့် ကမ္ဘာ့စက်သုံးဆီဈေးမြင့်တက်နေချိန်တွင် စက်သုံးဆီ(ဒီဇယ်ဆီ)အသုံးပြုမောင်းနှင်ရသည့် မော်တော်ယာဉ်များ သွားလာမှုလွယ်ကူစေခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားပေးမြှင့်တင်နိုင်ခြင်းနှင့် လျှပ်စစ်ဓာတ်အားခဈေးနှုန်းများ သက်သာစေခြင်း၊ စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နိုင်စေခြင်းနှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များ လျော့ကျနိုင်စေခြင်းတို့ကြောင့် အများပြည်သူအကျိုးစီးပွားကို ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

# မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၁၂၉၂၁ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ဂျုံစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၁၂၉၂၁ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုံရွာခရိုင်တွင် မြို့နယ်အလိုက် ဂျုံစိုက်ပျိုးရန် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ဧက ၂၅၀၊ ဘုတလင်မြို့နယ်တွင် ၄၅၃ ဧက၊ အရာတော်မြို့နယ်တွင် ၁၈ ဧက၊ ချောင်းဦးမြို့နယ်တွင် ဧက ၁၂၂၀၀ စုစုပေါင်း ၁၂၉၂၁ ဧက ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ ဂျုံဧက ၁၂၉၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားပါမယ်။ ဂျုံစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တောင်သူတွေကို အသိပညာပေးတာတွေ ဆောင်ရွက်ပေးသွားပါမယ်။ ဂျုံအထွက်တိုးဖို့နဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ဆောင်ရွက်ပေးသွားမယ်"ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ဂျုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဂျုံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ဟသ်ာတမြို့နယ်တွင် ငါးတန်များ အရောင်းအဝယ်ကောင်းမွန်နေ



**ဟသ်ာတ စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့နယ်တွင် ငါးတန်များ ဝယ်လိုအားကောင်းနေပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြ၍ သိရသည်။

ဟသ်ာတမြို့နယ်မှ ထွက်ရှိသည့် ငါးတန်များ ဩဂုတ်လစတုတ္ထပတ်မှ ယနေ့ထိ ဝယ်ယူအားကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ငါးတန်များ တစ်ရက်လျှင် ပိဿာချိန် ၄၀၀၀ မှ ၅၀၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ဟသ်ာတမြို့နယ်ဘက်က ထွက်တဲ့ ငါးတန်တွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်လိုအားကောင်းနေတာပါ။ ဒီဘက်ကနေထွက်တဲ့ ဒေသထွက် ငါးတန်တွေက ဒေသဈေးကွက်မှာကို အရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိငါးတန်တွေက အရင်ကထက် အရနည်းနေပါတယ်။ ငါးတန်က အခုအချိန်မှာ အရောင်းအဝယ် အဖြစ်ဆုံးပါ။ ငါးတန်တွေ အရောင်းအဝယ် ကောင်းလာတော့ ရေလုပ်သားတွေ၊ ပွဲရုံပိုင်ရှင်တွေနဲ့ မွေးမြူရေးလုပ်ငန်းရှင်တွေ အလုပ်အကိုင်အခွင့်အလမ်း ကောင်းလာပါတယ်။ ဒီဒေသကထွက်တဲ့ ငါးတန်တွေက အရည်အသွေး ကောင်းမွန်ပါတယ်"ဟု ဟသ်ာတမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြသည်။

အဆိုပါဒေသမှ ငါးတန်တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ မှ ၂၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း ဟသ်ာတမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်ထံမှ သိရသည်။ **ကျော်ကျော်လင်း**

# တံတားဦးမြို့နယ် အုတ်ကျွတ်ဖိုကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**တံတားဦး စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုတ်ကျွတ်ဖိုကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ တံတားဦးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ထိုက်ထိုက်ပြည့်ဖြိုးလွင်နှင့် တာဝန်ခံ အင်ဂျင်နီယာများက အုတ်ကျွတ်ဖိုကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက ကုမ္ပဏီတာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အုတ်ကျွတ်ဖိုကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် တစ်မိုင်နှစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ချင်းကျောက်ခင်းခြင်းလုပ်ငန်း၊ Box Culvert နှစ်စင်း တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၈၁ ဒသမ ၆၂ သန်းဖြင့် လင်းလက်ပြည့်စုံအောင်ကုမ္ပဏီက ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်းပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။ **အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ပြင်ဦးလွင်မြို့နယ် ကုန်းသာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြင်ဦးလွင် စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုန်းသာကြီးကျေးရွာအုပ်စု ကုန်းသာကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ် ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းက စီမံကိန်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၁၃၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကုန်းသာကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၁၃၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၄၄၄၀ စိုက်ပျိုးမည်



ယခင်နှစ်က ပန်းဂေါ်ဖီစိုက်ခင်းကို တွေ့ရစဉ်။

**ဘုတလင် စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၄၄၄၀ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၄၄၄၀ စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာမှာ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ပန်းဂေါ်ဖီ၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေစိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးသွားပါမယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့်စိုက်ပျိုးရန်၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့် ညီညွတ်သည့် သီးနှံဖြစ်စေရန်၊ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

**(၂၀၆)**

# အစိုးရနည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် အစိုးရ နည်းပညာအထက်တန်းကျောင်း(ကျောက်ဆည်)၌ စက်တင်ဘာ ၁ ရက်က လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အစိုးရနည်းပညာ အထက်တန်းကျောင်း (ကျောက်ဆည်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဇာနည်ထွန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ စာရေးဆရာ တေဇာဘုန်းမြင့်က ကျောင်းသားလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး အနာဂတ်တွင် လူတော်လူကောင်းများ ဖြစ်လာစေရန်အတွက် စိတ်ဓာတ်မြင့်မား အနာဂတ်ရဲ့လူငယ်များ ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောခဲ့ပြီး မေးခွန်းများ မေးမြန်းခဲ့ရာ အကောင်းဆုံး ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများကို အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့သည်။

ထို့နောက် အစိုးရနည်းပညာ အထက်တန်းကျောင်း (ကျောက်ဆည်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဇာနည်ထွန်းက စာရေးဆရာ တေဇာဘုန်းမြင့်ကို ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ပျော်ဘွယ်မြို့နယ် ပေကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပျော်ဘွယ် စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ပေကုန်းကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၈ ဒသမ ၃ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၅၈ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ရမည်းသင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ရောပဒေသာစပါးတင်းရေ ၅၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ရောပဒေသာစပါးတင်းရေ ၅၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဆန်စပါးများ တင်ပို့ရောင်းချလျက်ရှိရာ ဇူလိုင်လအတွင်း ရောပဒေသာစပါးတင်းရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ရောပဒေသာစပါးတင်းရေ ၅၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဩဂုတ်လအတွင်း ကျိုက်လတ်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ရောပဒေသာစပါးတင်းရေ ၅၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်က ထွက်ရှိတဲ့ဆန်စပါးအပါအဝင် လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ရောပဒေသာစပါးက ဆန်ကြမ်းအုပ်စုထဲမှာပါပါတယ်။ ဆန်ကြမ်းဆိုပေမဲ့ လူတန်းစားမရွေး ကြိုက်နှစ်သက်ပြီး စားလို့ကောင်းတဲ့စပါးဖြစ်ပါတယ်။ အဲဒီ ရောပဒေသာစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ရောပဒေသာစပါးတွေကို တင်ပို့ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိပါဘူး"ဟု ကျိုက်လတ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ရောပဒေသာစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါရောပဒေသာစပါးများ တင်ပို့ရောင်းချခဲ့ရသည့်အတွက် တောင်သူများ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချ လုပ်သားများ အလုပ်အကိုင် အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# အမရပူရမြို့တော် နန်းတော်သုတေသန

**ယခင်တစ်ပတ်မှအဆက်**

**အမရပူရမြို့တည်နှစ်**

"အင်းအိုင်ဝိုက်သည်၊ ဘိုးတော်တည်
ရွှေပြည်အမရ၊ သာမောစွ"

ဟူ၍ အမရပူရမြို့တည်နှစ်ကို အမှတ်သင်္ကေတပြုကြသည်။

အမရပူရမြို့နေရာသည် အင်းအိုင်များ၊ ချောင်းကန်များ၊ မြစ်များ ဝန်းရံနေသဖြင့် ထိုအမှတ်သင်္ကေတ စကားပေါ်ထွက်လာခြင်းဖြစ်သည်။ ထိုအမှတ်သင်္ကေတလင်္ကာအရ အမရပူရမြို့ကို ဘိုးတော်ဗဒုံမင်းသည် ၁၁၄၄ ခုနှစ်တွင် တည်ခဲ့ကြောင်း ထင်ရှားလှသည်။ ရှေးမှတ်တမ်း အစောင်စောင်တွင် မြို့တည်နှစ် ၁၁၄၄ ခုနှစ်ဟု တစ်ညီတည်း ပြဆိုထားသော်လည်း ရက်နှင့်နေ့ကို ဖော်ပြရာတွင် အမျိုးမျိုးဖြစ်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် ကျမ်းအစောင်စောင်တွင် တွေ့ရသော အမရပူရမြို့တည်ရက်စွဲကို ထုတ်နုတ်ပြပါဦးမည်။

၁။ ၁၁၄၄ ခု၊ တပို့တွဲလဆန်း ၁၂ ရက် အင်္ဂါနေ့ (စေတီယကထာကျမ်း)

၂။ ၁၁၄၄ ခု၊ တပို့တွဲလဆန်း ၇ ရက် အင်္ဂါနေ့ (မုံရွေးရာဇဝင်ကျော်)

၃။ ၁၁၄၄ ခု၊ တပို့တွဲလဆန်း ၁၂ ရက် အင်္ဂါနေ့ (ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး)

၄။ ၁၁၄၄ ခု၊ တပို့တွဲလဆန်း ၁၂ ရက် အင်္ဂါနေ့ (သာသနာလင်္ကာရစာတမ်း)

၅။ ၁၁၄၄ ခု၊ တပို့တွဲလဆန်း ၁၂ ရက် အင်္ဂါနေ့ (ဆင်ဖြူသျှင်မင်းတရားကြီးဘုရား အရေးတော်ပုံ)

၆။ ၁၁၄၄ ခု၊ တပို့တွဲလဆန်း ၁၂ ရက် အင်္ဂါနေ့ (အမရပူရမြို့တည်နန်းတည် စာတမ်း ပထမတွဲ)

အထက်ပါဖော်ပြချက်များကို ကြည့်ပါက အမရပူရမြို့တည်ရက်စွဲမှာ ၇ ရက်နှင့် ၁၂ ရက် ကွဲနေသည်။ ရှေးကမြို့တည်နန်းတည်ရက်စွဲများကို ဖော်ပြရာတွင် မြေရှင်းသည့်နေ့၊ ပန္နက်ချသည့်နေ့၊ အုတ်ဖုတ်သည့်နေ့ စသည့်နေ့တို့ကို မြို့တည်ရက်စွဲအဖြစ် မယူကြပါ။ ရွှေမြို့တော်၊ နန်းမြို့တော်၊ ရွှေနန်းတော်၊ စည်းခုံတော်၊ ကျောင်းတော်၊ ပိဋကတ်တိုက်တော်၊ ကန်တော် စသဖြင့်ခုနစ်ဌာနကို တစ်ပြိုင်တည်းစ၍ တည်သည့်နေ့ကိုသာ မြို့တည်နန်းတည်နေ့ဟု သတ်မှတ်သည့်ဓလေ့ရှိသည်။ အမရပူရမြို့တည်ရက်စွဲ ကွဲလွဲမှုကို ပြက္ခဒိန်ဖြင့် စစ်ဆေးကြည့်လျှင် ၁၁၄၄ ခု၊ တပို့တွဲလဆန်း ၁၂ ရက်နေ့ (၁၇၈၃ ခု ဇန်နဝါရီလ ၁၅) အင်္ဂါနေ့ကျသည်။ တပို့တွဲလဆန်း ၇ ရက်နေ့မှာ ကြာသပတေးနေ့ဖြစ်နေသည်။ သို့ဖြစ်သောကြောင့် အမရပူရမြို့တည်နှစ်ကို ၁၁၄၄ ခု၊ တပို့တွဲလဆန်း ၁၂ ရက်၊ အင်္ဂါနေ့ဟု အမှန်မှတ်သားသင့်သည်။

**မြို့တည်နန်းတည်ဌာနများ**

ရှေးက မြန်မာမင်းများ မြို့၊ နန်းတည်ရာတွင် မြို့တော်၊ နန်းတော်တို့နှင့် တစ်ပြိုင်တည်း တည်ဆောက်ခဲ့သော အဆောက်အအုံများကို မြို့တည်နန်းတည်ဌာနများဟု ခေါ်ကြသည်။ ငါးခု တစ်ပြိုင်တည်းဆောက်လျှင် မြို့တည်နန်းတည် ငါးဌာန၊ ခုနစ်ခုဆိုလျှင် ခုနစ်ဌာန စသည်ဖြင့် ခေါ်ဝေါ်ကြသည်။ ဘိုးတော်ဗဒုံမင်းအမရပူရမြို့တည်ဆောက်ရာတွင်လည်း ရွှေမြို့တော်ကြီးနှင့်အတူ တစ်ပြိုင်တည်း တည်ဆောက်ခဲ့သော အဆောက်အအုံများရှိသည်။ အမရပူရမြို့တည်နန်းတည်ဌာနများကို ဖော်ပြရာတွင် ရှေးမှတ်တမ်းများ၌ တညီတညွတ်တည်း မတွေ့ရပေ။ ဌာနအရေအတွက် ကွာသကဲ့သို့ အဆောက်အအုံအမည်လည်းကွာသည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၊ မုံရွေးရာဇဝင်ကျော်၊ ရတနာသီခကုန်းဘောင်မဟာရာဇဝင် အကျဉ်းများ စသည့်ကျမ်းတို့၌ အမရပူရမြို့တည်နန်းတည်ခုနစ်ဌာနအဖြစ် အောက်ပါအတိုင်း ဖော်ပြထားသည်။

၁။ မြို့တော်
၂။ ကျုံးတော်
၃။ ရွှေနန်းတော်
၄။ ရွှေဂူတော်
၅။ ကျောင်းတော်
၆။ ပိဋကတ်တိုက်တော်
၇။ ကန်တော် ဟူ၍ဖြစ်သည်။

အမရပူရမြို့တည်နန်းတည် စာတမ်းအစောင်စောင်တွင် ခုနစ်ဌာနမကဘဲ ရှစ်ဌာနထိဖော်ပြထားသည်ကို တွေ့ရသည်။ အမရပူရမြို့တည်နန်းတည် စာတမ်းကျမ်းများ၌ တွေ့ရသော မြို့တည်နန်းတည် ဌာနများမှာ-

၁။ ရွှေမြို့တော်ကြီး
၂။ နန်းမြို့တော်
၃။ ရွှေနန်းတော်
၄။ စည်းခုံတော်
၅။ ကျောင်းတော်
၆။ ပိဋကတ်တိုက်တော်
၇။ ဆည်တော်
၈။ ကန်တော်

တို့ဖြစ်သည်။ ဤကျမ်း၌ ရှစ်ဌာနဖြစ်နေသည်။ ရာဇဝင်တော်ကြီးများ၌ နန်းမြို့တော်မပါဘဲ ကျုံးတော်ကို ထည့်သွင်းထားသည်။ စေတီတော်ကို ဖော်ပြရာတွင် ရာဇဝင်တော်ကြီးများ၌ ရွှေဂူတော်ဟုဖော်ပြထားသည်။ မြို့တည်နန်းတည်စာတမ်းများ၌ စည်းခုံတော်ကိုဖော်ပြသည်။ ရာဇဝင်ကြီးများ၌ ဆည်တော်ကို ထည့်သွင်းမရေတွက်ထားပေ။ ထို့ကြောင့် ရာဇဝင်တော်ကြီးများ၌ ခုနစ်ဌာနသာ ဖြစ်နေသည်။ အမှန်မှာ အမရပူရမြို့တည်နန်းတည် စာတမ်းပထမတွဲပေမူ တစ်နေရာတွင် မြို့တည်နန်းတည်ခုနစ်ဌာနသာ ဖော်ပြထားသည်။ မြို့တည်စာတမ်းများတွင် ကန်တော်တည်ဆောက်သည့်နေ့ကိုသာဖော်ပြထားပြီး ဆည်တော်ကို ဖော်ပြမထားပေ။ ထို့ကြောင့် အဓိကလိုရင်းမှာ ကန်တော်သာဖြစ်သည်။ ဆည်တော်မှာ စကားဖြည့်သည့်အနေဖြင့် ဆည်တော်ကန်ဟု ရေးခြင်းသာဖြစ်သည်။ ဆည်တော်ကိုနုတ်ပါက ခုနစ်ဌာနသာဖြစ်သည်။ စည်းခုံနှင့် ရွှေဂူကွဲပြားနေမှုတွင် စည်းခုံသာ မြို့တည်နန်းတည် စာတမ်းများနှင့်ညီညွတ်သောကြောင့် မြို့တည်နန်းတည်ခုနစ်ဌာနတွင် စည်းခုံသာ ထည့်သွင်းသင့်သည်။

**အမရပူရမြို့ဖွဲ့စည်းပုံ**

အမရပူရမြို့သည် မြို့ရိုးနှစ်ထပ်ကာရံထားသော မြို့ဟောင်းဖြစ်သည်။ မြို့ရိုးနှစ်ထပ်တွင် တံခါး ၁၂ ရပ်ရှိသော အပြင်မြို့ကြီးကို ရွှေမြို့တော်ကြီးဟုခေါ်သည်။ ဝင်းရိုးတံခါးလေးရပ်နှင့် တံခါးနီတံခါးရှိသော အတွင်းမြို့ကို နန်းမြို့တော်ဟုခေါ်သည်။ နန်းမြို့တော်အတွင်း၌ရှိသော နန်းတော်ကြီးကို ရွှေနန်းတော်ကြီးဟု ခွဲခြားခေါ်ကြသည်။ ရွှေမြို့တော်ကြီး၏အပြင် ပတ်ပတ်လည်ကို ကျုံးတစ်ထပ်ကာရံထားသည်။ ထို့ကြောင့် အမရပူရမြို့၏ ဖွဲ့စည်းပုံကို ကြည့်လျှင် ကျုံးတော်၊ ရွှေမြို့တော်ကြီး၊ နန်းမြို့တော်၊ ရွှေနန်းတော်ဟူ၍ တွေ့ရမည်ဖြစ်သည်။

**ရွှေမြို့တော်ကြီး**

ရွှေမြို့တော်ကြီးကို ၁၁၄၄ ခု၊ တပို့တွဲလဆန်း ၁၂ ရက် အင်္ဂါနေ့တွင်စ၍ တည်ခဲ့သည်။ အမရပူရရွှေမြို့တော်သည် စတုရန်းပုံစံဖြစ်သည်။ တစ်မျက်နှာလျှင် တာ ၅၀၀ ကျယ်ဝန်းပြီး လေးမျက်နှာလျှင် တာ ၂၀၀၀ ကျယ်ဝန်းသည်။ ရွှေမြို့တော်ကြီးတည်ရာတွင် များသောအားဖြင့် ကသည်းနှင့် ယိုးဒယားများက လုပ်ရသည်။ လုပ်ခငွေကို တာ ၁၀၀ လျှင် ငွေတော် ၁၂၅ ပေး၍ ခိုင်းခဲ့ခြင်းဖြစ်သည်။ ရွှေမြို့တော်ကြီး တာအကျယ်အဝန်းကို အမရပူရမြို့တည်နန်းတည် စာတမ်းနှင့် လက်ဝဲနော်ရထာ၏ ဆင်ဖြူရှင်မင်းတရားကြီးဘုရား အရေးတော်ပုံကျမ်းတို့၌ တစ်မျက်နှာလျှင် တာ ၅၀၀ ရှိကြောင်း ဖော်ပြထားပြီး လေးမျက်နှာလျှင် တာပေါင်း ၂၀၀၀ ရှိသည်ဟု ဆိုထားသော်လည်း ရှေးပေမူ တစ်ဆူ၌ ရွှေမြို့တော်ကြီး တာစာရင်းကို ဤသို့ဖော်ပြထားသည်။

"အမရပူရမြို့တော် တာစာရင်းဘုရား
မြို့တော်အရှေ့မျက်နှာ ၄၅၆ါ
ငင်းတောင်မျက်နှာ ၄၅၆ါ
ငင်းနောက်မျက်နှာ ၄၅၆ါ
ငင်းမြောက်မျက်နှာ ၄၅၆ါ
ပေါင်း ၁၇၈၆ါ"ဟူ၍ ဖော်ပြထားသည်။

မြို့တာစာရင်း ကွာခြားနေမှုကို နှစ်သက်ရာမှတ်သားနိုင်သည်။

အမရပူရရွှေမြို့တော်ကြီးသည် တာ ၂၀၀၀ ကျယ်ဝန်းပြီး တစ်တာလျှင် သူရဲခိုနှစ်လုံးပြုလုပ်ထားရှိသောကြောင့် သူရဲခိုပေါင်း ၄၀၀၀ ရှိသည်။ အမရပူရမြို့တော်ကြီးတည်လုပ်ရာတွင် မြို့အရွယ်အစား သူရဲခိုအရွယ်အစား ကုန်ကျသောအုတ်အရေအတွက်များကို အမရပူရမြို့တည်နန်းတည် စာတမ်းပေမူမှ ထုတ်နုတ်ပြပါမည်။

❖ ရှေးက မြန်မာမင်းများ မြို့၊ နန်းတည်ရာတွင် မြို့တော်၊ နန်းတော်တို့နှင့် တစ်ပြိုင်တည်းတည်ဆောက်ခဲ့သော အဆောက်အအုံများကို မြို့တည်နန်းတည်ဌာနများဟု ခေါ်ကြသည်။ ငါးခု တစ်ပြိုင်တည်းဆောက်လျှင် မြို့တည်နန်းတည် ငါးဌာန၊ ခုနစ်ခု ဆိုလျှင် ခုနစ်ဌာန စသည်ဖြင့် ခေါ်ဝေါ်ကြသည်။ ဘိုးတော်ဗဒုံမင်း အမရပူရမြို့တည်ဆောက်ရာတွင်လည်း ရွှေမြို့တော်ကြီးနှင့်အတူ တစ်ပြိုင်တည်း တည်ဆောက်ခဲ့သော အဆောက်အအုံများရှိသည်။ အမရပူရမြို့တည်နန်းတည်ဌာနများကို ဖော်ပြရာတွင် ရှေးမှတ်တမ်းများ၌ တညီတညွတ်တည်း မတွေ့ရပေ။ ❖

## ဗိုလ်ရှိတ်(ရတနာပူရ)

၁။ ရွှေမြို့တော်ကြီး တာဝန်း ၂၀၀၀
၂။ သူရဲခို ၄၀၀၀
၃။ ရွှေမြို့တော်အမြစ်အခြေထု ၉ံ (ကိုးတောင်)
၄။ ရွှေမြို့တော်အရပ်(အမြင့်) ၁၀ံ၂ိ(၁၀ တောင်နှစ်မိုက်)
၅။ မြို့ထိပ်အပြင် ၆ံ ၂ိ
၆။ သူရဲခိုအရပ် ၄ံ
၇။ သူရဲခိုထု ၃ံ
၈။ မြို့တော်တစ်တာလျှင်ကုန်ကျအုတ် ၁၅၀၀၀
၉။ မြို့တော်တစ်တာလျှင် သရွတ် ၆၂၅
မြေနီကုန်တင်းပေါင်း (၆၂၅တင်း)
၁၀။ ကုန်ကျသော အုတ်ပေါင်း သုံးကုဋေ
၁၁။ မြေနီသရွတ်တင်းပေါင်း ၁၂၅၀၀၀

အထက်တွင် ကောက်နုတ်ဖော်ပြထားသည့် အမရပူရမြို့တည်နန်းတည်စာတမ်း ပထမတွဲပေမူ အရဖြစ်သည်။

**ပြကြီးနှင့်ပြငယ်များ**

အမရပူရမြို့တော်ကြီးတွင် ထောင့်ပြကြီးလေးလုံးနှင့် ပြငယ် ၃၂ လုံးပါရှိသည်။ ပြငယ် ၃၂ လုံးမှာ မြို့တော်တစ်မျက်နှာလျှင် ရှစ်လုံးနှုန်းဖြင့် တည်ရှိနေသည်။ ထောင့်ပြကြီးလေးလုံးနှင့် ပြငယ် ၃၂ လုံးကို မြို့စားရွာစားတို့က လုပ်ကြရသည်။ ထောင့်ပြကြီးလေးလုံးနှင့် ပြငယ် ၃၂ လုံးကို လုပ်ကြရသော မြို့စားရွာစားနှင့် ပြတို့မှာ-

၁။ အရှေ့မြောက်ထောင့်ပြကြီး= သိန္နီမြို့
၂။ ၎င်းတောင်ပြငယ် = မိုင်းလုံမြို့
၃။ ၎င်းတောင်ပြငယ် = သုံးဆယ်မြို့
၄။ ၎င်းတောင်ပြငယ် = မိုင်းညောင်မြို့
၅။ ၎င်းတောင်ပြငယ် = မော်တုံ မော်ကယ်မြို့
၆။ ၎င်းတောင်ပြငယ် ၂ = သိန္နီမြို့
၇။ ၎င်းတောင်ပြငယ် =ကျိုင်းတောင်မြို့
၈။ ၎င်းတောင်ပြငယ် = သီကျစ်မြို့
၉။ အရှေ့တောင်ထောင့်ပြကြီး = သိန္နီမြို့
၁၀။ ၎င်းအနောက်ပြငယ် = စကားမြို့
၁၁။ ၎င်းအနောက်ပြငယ် = ဟဲလုံမြို့
၁၂။ ၎င်းအနောက်ပြငယ် ၂ = မိုင်းစိတ်မြို့
၁၃။ ၎င်းအနောက်ပြငယ် ၂ = မိုင်းတုံမြို့
၁၄။ ၎င်းအနောက်ပြငယ် ၂ = ကလေးမြို့
၁၅။ အနောက်တောင်ထောင့် = သိန္နီမြို့
ပြကြီး
၁၆။ ၎င်းမြောက်ပြငယ် =သောင်သွပ်မြို့
၁၇။ ၎င်းမြောက်ပြငယ် = ပင်သာမြို့
၁၈။ ၎င်းမြောက်ပြငယ် ၂ = မိုင်းခိုင်းမြို့
၁၉။ ၎င်းမြောက်ပြငယ် ၂ = ဝန်းသိုမြို့
၂၀။ ၎င်းမြောက်ပြငယ် ၂ = မိုင်းပွန် တိန်ညင်မြို့
၂၁။ အနောက်မြောက်ထောင့် = သိန္နီမြို့
ပြကြီး
၂၂။ မြောက်မျက်နှာအနောက် = ပင်ချိုင်ပန်
စွန်ပြငယ် ၂ လက်မြို့
၂၃။ ၎င်းအရှေ့ပြငယ် ၂ = တောင်ပိုင်းမြို့
၂၄။ ၎င်းအရှေ့ပြငယ် ၂ = တောင်ပိုင်းမြို့
၂၅။ ၎င်းအရှေ့ပြငယ် = တောင်ပိုင်းမြို့
၂၆။ ၎င်းအရှေ့ပြငယ် = ကရားမြို့
ဖြစ်သည်။

အမရပူရမြို့တည်နန်းတည်စာတမ်း ပထမတွဲပေမူတွင် ပြငယ် ၃၂ ခုပြဆိုထားသော်လည်း ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး၌ "မြို့တော်တစ်မျက်နှာ သုံးတံခါးစီ၊ လေးမျက်နှာ တစ်ဆယ့်နှစ်တံခါး၊ ပြသုံးဆယ်ငါးများကို တစ်ပြိုင်တည်းစလုပ်စေသည်"ဟူ၍ ပြ ၃၅ လုံးဟုဖော်ပြထား

**စာမျက်နှာ ၅ သို့ á**

## ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ယင်းမာပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၉၁၅၅ ဧကစိုက်ပျိုးမည်



ယခင်နှစ်က ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၉၁၅၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်မြို့နယ်တွင် ဖူးစားပြောင်း ၉၁၅၅ ဧကစိုက်ပျိုးရန်လျာထားပြီး အဆိုပါဖူးစားပြောင်းစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်မြို့နယ်မှာ ဖူးစားပြောင်း ၉၁၅၅ ဧကစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးသွားပါမယ်။ ဖူးစားပြောင်း စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာပါတယ်"ဟု ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

ယင်းမာပင်မြို့နယ်တွင် ယခုနှစ် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ သဘာဝပိုးသတ်ဆေး၊ သဘာဝမြေဩဇာ စနစ်တကျပြုလုပ်သုံးစွဲတတ်စေရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပို့လျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

á စာမျက်နှာ ၄ မှအဆက်

သည်။ အမှန်မှာ ပြ ၃၂ လုံးသာဖြစ်သည်။ ရှေးက ပေမူများတွင် ၃၂ ကို ရေးရာတွင် ဂဏန်းဖြင့်သာ ၃၂ ဟူ၍ရေးပါသည်။ ကုန်းဘောင်မင်းဆက်မဟာရာဇဝင်ကြီးကို တည်းဖြတ်သူတို့က ၃၂ ဟု ဂဏန်းဖြင့်ရေးသည်ကို စာဖြင့် "ပြသုံးဆယ့်ငါး"ဟူ၍ ပြင်လိုက်ခြင်းဖြစ်သည်။ မူလပေမူက ဂဏန်းဖြင့် ၃၂ ရေးရာတွင် တည်းဖြတ်သူက ၂ နှင့် ၅ ကို မှားယွင်းကူးယူတည်းဖြတ်ခဲ့ခြင်းဖြစ်နိုင်သည်။ ထို့ကြောင့် ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၌ ပြသုံးဆယ့်ငါးဟု မှားယွင်းဖော်ပြခဲ့ခြင်းဖြစ်ပါမည်။ ရှေးကပေမူများတွင် ၂ နှင့် ၅ ကို ရေးရာတွင် ခပ်ဆင်ဆင် တူညီကြသည်။ လက်ဝဲနော်ရထာ အမတ်ကြီး၏ "ဆင်ဖြူသျှင်မင်းတရားကြီးဘုရား အရေးတော်ပုံကျမ်း၌လည်း ပြင်ယ်ကို ၃၂ ပြဟု ပြဆိုထားသည်။ သို့ဖြစ်သောကြောင့် အမရပူရရွှေမြို့တော်ကြီးတွင် ပြင်ယ် ၃၂ ပြဟု အမှန်အတိုင်း မှတ်သားသင့်ပါသည်။

အမရပူရမြို့တည်နန်းတည်စာတမ်းများတွင် ထောင့်ပြကြီးလေးပြနှင့် ပြင်ယ် ၃၂ ပြတည်ဆောက်ခဲ့သည့် မြို့စားများကို တိတိကျကျပြဆိုထားသော်လည်း ပြကြီးဘုံအဆင့်အရေအတွက်နှင့် ပြင်ယ်ဘုံအဆင့်တို့ကို ဘယ်နှဆင့်ရှိကြောင်း ဖော်ပြမထားပါ။ ထိုသို့ ဖော်ပြမထားသော်လည်း အမရပူရခေတ် နံရံဆေးရေးပန်းချီများတွင် မြို့တံခါးပြများကို ရေးဆွဲရာတွင် ထောင့်ပြများ ဘုံငါးဆင့်၊ ပြင်ယ်များ ဘုံသုံးဆင့်တွေ့ရသဖြင့် အမရပူရမြို့ထောင့်ပြများ၊ ပြင်ယ်များသည် ဘုံငါးဆင့်၊ ဘုံသုံးဆင့်သာဖြစ်မည်ဟု ယူဆရပါသည်။ ဘိုးတော်ဗဒုံမင်းအရာကို ဆက်ခံခဲ့သည့် မြေးတော်စစ်ကိုင်းမင်းလက်ထက် ထုတ်ပြန်ခဲ့သော အမိန့်တော်တစ်ရပ်တွင် "ရွှေမြို့တော်တံခါးလုပ်ဆောင်ရန်မှာ ဓာတ်တံခါးလေးရပ်ကို သုံးထပ်၊ ကျန်တံခါးများမှာ နှစ်ထပ်လည်ပေါ် လုပ်ဆောင်မြဲလုပ်ဆောင်စေ၊ ထောင့်ပြကြီးလေးမှာ ငါးထပ်ပြာသာဒ်တွင် ထောင့်ချိုးယွန်းဆက်လုပ်ဆောင်စေ၊ ပြင်ယ်သုံးမှာ သုံးထပ်ပြာသာဒ်လုပ်ဆောင်စေ" ဟူ၍ တွေ့ရသည်။ ဘကြီးတော်စစ်ကိုင်းမင်း ထုတ်ပြန်ခဲ့သော အမိန့်တော်ဖြစ်သော်လည်း ဘကြီးတော်စစ်ကိုင်းမင်းသည် ဘိုးတော်ဗဒုံမင်းအရိုက်အရာကိုဆက်ခံသောမင်းဖြစ်သဖြင့် ထောင့်ပြများ၊ ပြင်ယ်များကို ဘိုးတော်ဗဒုံမင်းလက်ထက်ကအတိုင်း လုပ်ဆောင်ခဲ့ခြင်းသာဖြစ်သည်။ အထက်ပါ အချက်များကို အထောက်အထားပြု၍ ဘိုးတော်ဗဒုံမင်း၏ အမရပူရရွှေမြို့တော်ထောင့်ပြကြီးလေးလုံးသည် ဘုံငါးဆင့်ယွန်းဆက်ပါ ပြာသာဒ်ဖြစ်ပြီး ပြင်ယ်များသည် ဘုံသုံးထပ်ပြာသာဒ်များသာဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ပြကြီးနှင့် ပြင်ယ်အမိုးများကို အုတ်ကြွပ်အင်္ဂတေပါ အမိုးများကို မိုးရပါသည်။

ဆက်လက်ဖော်ပြပါမည်။

## မျိုးဆက်သစ် ရတနာ

- တို့နိုင်ငံ တိုးတက်စနစ်ဖြင့်
မျိုးဆက်သစ် တာဝန်ကျေ၊
အသိပညာ တတ်မြောက်ရေး
အားပေးစို့လေ၊
နိုင်ငံချစ် ရတနာတွေ
ပေါ်ထွန်းစေ ကြိုးစား၊
နိုင်ငံအပေါ် သစ္စာရှိအောင်
ကြည့်ရှုသင်ကြား။

- အနာဂတ်ဝယ် မျိုးဆက်များ
နှလုံးသား လှဖို့ရာ၊
ပြုစုလေ စည်းကမ်းကောင်းနဲ့
ထိန်းကျောင်းရမှာ၊
စိတ်ဓာတ်တို့ ကြံ့ခိုင်ကာ
တတ်ပညာ တတ်စေဖို့၊
ကျောင်းဥယျာဉ် စာသင်ခန်းမှ
မှတ်တမ်းတင်စို့။

- အတွေးအကြံ သတိမချို့
မောင်မယ်တို့ ထမ်းရွက်ကွယ်၊
တို့နိုင်ငံ လုပ်ရေး
ဦးစားပေးရွယ်၊
ကမ္ဘာ့၏ ဗဟိုအလယ်
မြန်မာရယ် တင့်တယ်လှ၊
တို့မောင်မယ် ဂုဏ်ရည်အစွမ်းနဲ့
ကြိုးပမ်းစံပြ။ ။

ဖြိုးထက်(ရေစကြို)

## သာစည်မြို့နယ် ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မန်ကျည်းခွကျေးရွာအုပ်စု ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဘုန်းတလုတ်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၉ ဦးကို ငွေကျပ် ၂၃ ဒသမ ၇၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၇ ဒသမ ၈၅ သန်းနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ၈၃ ဦးကို ငွေကျပ် ၂၈ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၅ ဦးကို ငွေကျပ် သန်း ၆၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ယူကရိန်းစစ်ရေးပဋိပက္ခ၌ အနိုင်ရနေကြောင်း ရုရှားသမ္မတ ပူတင်ပြောကြား



**မော်စကို စက်တင်ဘာ ၂**

ယူကရိန်း စစ်ရေးပဋိပက္ခ၌ ရုရှားတပ်များ အနိုင်ရရှိနေကြောင်း သမ္မတပူတင်က စက်တင်ဘာ ၁ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့ပြီး ယူကရိန်းခေါင်းဆောင်များကိုလည်း အကြမ်းဖက်သမားများအဖြစ် ပြောကြားခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ထို့ပြင် ရုရှားနိုင်ငံအနေဖြင့် လက်ရှိယူကရိန်းခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမည်မဟုတ်ကြောင်းလည်း သမ္မတပူတင်က ပြောကြားထားသည်။

သို့ရာတွင် ရုရှားအတွင်းပိုင်းဒေသများကို ယူကရိန်းနိုင်ငံက တိုက်ခိုက်ခဲ့မှုကြောင့် ရုရှားနိုင်ငံအနေဖြင့် အပျက်အစီးများစွာ ကြုံတွေ့ခဲ့ပြီး ယူကရိန်းမောင်းသူမဲ့ ဒရုန်းယာဉ်များသည် ရုရှားနိုင်ငံအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း သမ္မတပူတင်က ဝန်ခံထားသည်။

အဆိုပါ ပြောကြားချက်များသည် ရက်သတ္တပတ်များစွာအတွင်း ယူကရိန်းစစ်ရေးပဋိပက္ခနှင့်ပတ်သက်၍ သမ္မတပူတင်၏ အသေးစိတ်အကျဆုံး ပြောကြားချက်များဖြစ်သည်။

ရုရှားနိုင်ငံအနေဖြင့် စစ်မြေပြင်၌ စစ်ရေးအရ အသာစီးရရှိနေပြီး ရန်သူများကို မလွဲမသွေ ဖြိုခွဲနိုင်မည်ဖြစ်ကြောင်း သမ္မတပူတင်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားထားသည်။

၂၀၂၂ ခုနှစ်တွင် စတင်ခဲ့ပြီး ငါးနှစ်ခွဲ ကြာမြင့်နေပြီဖြစ်သော ယူကရိန်း စစ်ရေးပဋိပက္ခအတွင်း ရုရှားနိုင်ငံသည် ယူကရိန်းတစ်နိုင်ငံလုံး၏ ငါးပုံတစ်ပုံခန့်ကို ထိန်းချုပ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သို့ တရုတ်သမ္မတရှီကျင့်ဖျင် ရောက်ရှိ

**ကိုင်ရို စက်တင်ဘာ ၂**

ကာဂျစ်စတန်နိုင်ငံ ဘစ်ရှက်ခ်မြို့၌ကျင်းပခဲ့သော ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (အက်စ်စီအို) ထိပ်သီးညီလာခံ တက်ရောက်ခဲ့ပြီးနောက် တရုတ်သမ္မတရှီကျင့်ဖျင်သည် စက်တင်ဘာ ၁ ရက်တွင် အီဂျစ်နိုင်ငံသို့ ဆက်လက် သွားရောက်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ခရီးစဉ်သည် တရုတ်သမ္မတရှီကျင့်ဖျင်အတွက် ၁၀ နှစ်တာကာလအတွင်း ပထမဆုံး အီဂျစ်ခရီးစဉ်ဖြစ်ပြီး ယခုနှစ်အတွင်း ဒုတိယမြောက်ပြည်ပခရီးစဉ်လည်းဖြစ်သည်။

ကိုင်ရိုနိုင်ငံတကာ လေဆိပ်သို့ စက်တင်ဘာ ၁ ရက်တွင် ရောက်ရှိလာသည့် တရုတ်သမ္မတရှီကျင့်ဖျင်ကို အီဂျစ်သမ္မတ အယ်လ်စီစီက လေဆိပ်၌ ကိုယ်တိုင်ဆီးကြိုနှုတ်ဆက်ခဲ့သည်။



ယခုနှစ်ဖေဖော်ဝါရီ ၂၈ ရက်တွင် စတင်ဖြစ်ပွားခဲ့သော အီရန်စစ်ရေးပဋိပက္ခကြောင့် အရှေ့အလယ်ပိုင်းဒေသနိုင်ငံများက ပြည်ပနိုင်ငံကြီးများနှင့် စီးပွားရေးအရ၊ စစ်ရေးအရ ဆက်ဆံမှုများကို ပြန်လည်ဆန်းစစ်လာကြချိန်တွင် အီဂျစ်နိုင်ငံ ကိုင်ရိုမြို့သို့ တရုတ်သမ္မတ ရှီကျင့်ဖျင် ရောက်ရှိနေခြင်းဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အီဂျစ်သမ္မတ အယ်လ်စီစီတို့သည် ယနေ့တွင် ကိုင်ရိုမြို့၌ ထိပ်သီးဆွေးနွေးပွဲကျင်းပရန် စီစဉ်ထားသည်။

အီဂျစ်နိုင်ငံသည် တရုတ်နိုင်ငံနှင့် လွန်ခဲ့သောနှစ် ၇၀ ကပင် သံတမန်ဆက်ဆံရေးထားရှိခဲ့သော ပထမဆုံးအာရပ်နိုင်ငံနှင့် အာဖရိကနိုင်ငံဖြစ်သည်။

အီဂျစ်နိုင်ငံသည် ၂၀၁၄ ခုနှစ်မှစ၍ တရုတ်နိုင်ငံနှင့် ဆက်ဆံရေးမြှင့်တင်ရန် ကြိုးပမ်းလာခဲ့ကြောင်းသိရသည်။ Ref : Xinhua

Trs : KKO

# ပြည်ပခရီးသွားဧည့်သည်များအတွက် ခံစားခွင့်ပေးထားသည့် ဗီဇာမဲ့နေထိုင်ခွင့်ကာလကို ထိုင်းနိုင်ငံ ထက်ဝက်လျှော့ချမည်

**ဗန်ကောက် စက်တင်ဘာ ၂**

ထိုင်းနိုင်ငံသည် ကမ္ဘာ့နိုင်ငံနှင့် နေရာဒေသအများအပြားမှ ခရီးသွားဧည့်သည့်များအတွက် ခံစားခွင့်ပေးထားသည့် ဗီဇာမဲ့နေထိုင်ခွင့်ကာလကို ထက်ဝက်လျှော့ချမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက စက်တင်ဘာ ၁ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ဗီဇာမဲ့နေထိုင်ခွင့်ကာလထက်ဝက်လျှော့ချရေး အစီအစဉ်သည် လာမည့်စက်တင်ဘာ ၁၅ ရက်တွင် စတင်အာဏာသက်ဝင်မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထိုင်းအစိုးရ၏ လက်ရှိခရီးသွားလုပ်ငန်းမြှင့်တင်ရေး အစီအစဉ်အရ ဥရောပနိုင်ငံ ၂၉ နိုင်ငံ၊ တရုတ်၊ အိန္ဒိယ၊ အမေရိကန်၊ တောင်အမေရိက နိုင်ငံအချို့အပါအဝင် နိုင်ငံနှင့် ကမ္ဘာ့ဒေသ ၆၀ ကျော်တို့မှ ခရီးသွားဧည့်သည်များအတွက် ဗီဇာမဲ့နေထိုင်ခွင့် ရက် ၆၀ ခံစားခွင့်ပေးထားသည်။

သို့ရာတွင် အဆိုပါနိုင်ငံနှင့် ကမ္ဘာ့ဒေသ ၆၀ တို့မှ ခရီးသွားဧည့်သည်များအတွက် ခံစားခွင့်ပေးထားသည့် ဗီဇာမဲ့နေထိုင်ခွင့်ကာလကို ရက် ၃၀ ထိလျှော့ချမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုနှစ်မှစ၍ လက်ရှိအထိ ထိုင်းနိုင်ငံသို့ ပြည်ပခရီးသွားဧည့်သည် ၂၀ ဒသမ ၉ သန်းထိ ဝင်ရောက်ခဲ့ရာ ၂၀၂၅ ခုနှစ် အလားတူကာလကထက် သုံးရာခိုင်နှုန်း ကျဆင်းကြောင်းသိရသည်။

ထိုင်းနိုင်ငံက ဗီဇာမဲ့နေထိုင်ခွင့်ကာလ လျှော့ချမှုအစီအစဉ်တွင် စင်ကာပူ၊ တရုတ်၊ အမေရိကန်၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၂၇ နိုင်ငံတို့လည်း ပါဝင်ကြောင်းသိရသည်။

Ref : Xinhua

Trs : KKO

# အစ္စတန်ဘူလ်မြို့ ကမ်းလွန်ရေပြင်အတွင်း သင်္ဘောနှစ်စီး တိုက်မိ

**အစ္စတန်ဘူလ် စက်တင်ဘာ ၂**

တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့ ကမ်းရိုးတန်းကမ်းလွန်၌ ယနေ့တွင် သင်္ဘောနှစ်စီး တိုက်မိခဲ့ရာ တူကီယဲတာဝန်ရှိသူများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ စတင်နေကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ သင်္ဘောနှစ်စီးတိုက်မိမှုသည် အစ္စတန်ဘူလ်ကမ်းရိုးတန်းကမ်းလွန် မာမရာပင်လယ်ရေပြင်အတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တူကီယဲတာဝန်ရှိသူများက ပြောကြားထားသည်။

သင်္ဘောနှစ်စီး တိုက်မိမှုဖြစ်စဉ် ပေါ်ပေါက်ခဲ့ပြီးနောက် သင်္ဘောတစ်စီးပေါ်၌ လိုက်ပါလာသူ ရေယာဉ်ဝန်ထမ်း ၁၀ ဦးတို့နှင့် အဆက်အသွယ် ပြတ်တောက်နေကြောင်း တူကီယဲတာဝန်ရှိသူများ၏ အဆိုအရသိရသည်။

အဆက်အသွယ် ပြတ်တောက်နေသည့်သင်္ဘောမှာ တပ်ဂ်ဘုတ်အိုင်မာမိုဂလူ တူကီယဲမှတ်ပုံတင်သင်္ဘောဖြစ်ကြောင်း အစ္စတန်ဘူလ်မြို့ တာဝန်ရှိသူများက သတင်းထုတ်ပြန်ထားသည်။

သင်္ဘောချင်း တိုက်မိမှုတွင် ပါဝင်ခဲ့သော အယ်လ်ဆူသင်္ဘောတစ်စီးမှာမူ အကြီးအကျယ် ပျက်စီးမှုမရှိခဲ့ကြောင်း တူကီယဲတာဝန်ရှိသူများ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကိုယ်ထည်အလျားမီတာ ၉၀ ရှိ တပ်ဂ်ဘုတ်အိုင်မာမိုဂလူ ကုန်တင်သင်္ဘောသည် တူကီယဲနိုင်ငံ မြေထဲပင်လယ်ဒေသ အစ်ကန်ဒီရန်းဆိပ်ကမ်းမှ ပင်လယ်နက်ဒေသရှိ အာရီဂလီဆိပ်ကမ်းသို့ ဦးတည် ခုတ်မောင်းနေသော သင်္ဘောဖြစ်သည်။

အယ်လ်ဆူ သင်္ဘောမှာ ကိုယ်ထည်အလျား ၉၁ မီတာရှိသော ရေနံတင်သင်္ဘောတစ်စီးဖြစ်သည်ဟု တူကီယဲတာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# အီရန်တော်လှန်ရေးအစောင့်တပ် ပစ်မှတ်များကို အမေရိကန်တပ်မတော် ထပ်မံတိုက်ခိုက်



**ဝါရှင်တန် စက်တင်ဘာ ၂**

အီရန်တော်လှန်ရေး အစောင့်တပ်ပစ်မှတ်များကို စက်တင်ဘာ ၁ ရက်တွင် တိုက်ခိုက်ခဲ့ကြောင်း အမေရိကန် တပ်မတော်က သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဩဂုတ် ၃၀ ရက်တွင် အမေရိကန်တပ်မတော်က တစ်လတာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် အီရန်စစ်ရေးပစ်မှတ်များကို တိုက်ခိုက်ခဲ့ပြီးနောက် စက်တင်ဘာ ၁ ရက်တွင် ထပ်မံတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာ ၁ ရက်တွင် အမေရိကန်တပ်များက အီရန်တော်လှန်ရေးအစောင့်တပ်၏ လေကြောင်းရန်ကာကွယ်ရေးစနစ်များ၊ ရေဒါစနစ်များ၊ ပင်လယ်ရေကြောင်း အခြေခံ အဆောက်အအုံများ၊ ဆက်သွယ်ရေးစနစ်များကို တိုက်ခိုက်ခဲ့ကြောင်း အမေရိကန် အလယ်ပိုင်း စစ်ဒေသစစ်ဌာနချုပ် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။


ထို့ပြင် အမေရိကန်မီဒီယာများ၏အဆိုအရ အမေရိကန်တပ်မတော်သည် ဟော်မုဇ်ရေလက်ကြားအတွင်းရှိ အီရန်ရေနံတင်သင်္ဘော နှစ်စီးကိုလည်း တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ခြောက်လကျော်ကြာမြင့်နေပြီဖြစ်သော အီရန်စစ်ရေးပဋိပက္ခ ပြီးဆုံးရေးအတွက် ဒေသတွင်းနိုင်ငံများက သံတမန်နည်းလမ်းဖြင့် ကြိုးပမ်းနေသော်လည်း အောင်မြင်မှု မရသေးကြောင်း သိရသည်။

Ref : RT

Trs : KKO

# ကမ္ဘာဂြိုဟ်နှင့် လတို့ကြား နှစ်လမ်းသွားလေဆာဆက်သွယ်ရေးစနစ် စမ်းသပ်မှုကို တရုတ်သိပ္ပံပညာရှင်များက အပြီးသတ်လုပ်ဆောင်နိုင်ခဲ့




**ပေကျင်း စက်တင်ဘာ ၂**

ကမ္ဘာဂြိုဟ်နှင့် လတို့ကြား နှစ်လမ်းသွားလေဆာဆက်သွယ်ရေးစနစ်စမ်းသပ်မှုကို တရုတ်သိပ္ပံပညာရှင်များက အပြီးသတ်လုပ်ဆောင်နိုင်ခဲ့ကြောင်း စက်တင်ဘာ ၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါစမ်းသပ်မှုတွင် တရုတ်သိပ္ပံပညာရှင်များသည် ကမ္ဘာပတ်လမ်းပေါ်ရှိ လကမ္ဘာနှင့်ကမ္ဘာဂြိုဟ်တို့ကြား လေဆာဆက်သွယ်ရေးစနစ်စွမ်းဆောင်ရည်ကို အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့သည်။

အထက်ပါကမ္ဘာဂြိုဟ်နှင့် လတို့ကြား လေဆာဆက်သွယ်ရေးစနစ်စမ်းသပ်မှုကို တရုတ်သိပ္ပံအကယ်ဒမီ အာကာသအသုံးချနည်းပညာနှင့် အင်ဂျင်နီယာဗဟိုဌာနမှ သိပ္ပံပညာရှင်များက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

စမ်းသပ်မှုအတွင်း တရုတ်သိပ္ပံပညာရှင်များသည် ကမ္ဘာနှင့် လကြား ကီလိုမီတာ ၄၀၀၀၀၀ အကွာအဝေးကို လေဆာဆက်သွယ်ရေးစနစ်အသုံးပြု၍ အချက်အလက်များကို အောင်မြင်စွာ ပို့ဆောင်ရယူနိုင်ခဲ့သည်။

သမားရိုးကျမိုက်ခရိုဝေ့လှိုင်းဆက်သွယ်ရေးစနစ်များနှင့် နှိုင်းယှဉ်ပါက မြန်နှုန်းမြင့်လေဆာဆက်သွယ်ရေးစနစ်သည် သတင်းအချက်အလက်များပေးပို့ရာတွင် ပို၍မြန်ဆန်ပြီး လုံခြုံမှုလည်းမြင့်မားကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် လနှင့် ကမ္ဘာကြား မြန်နှုန်းမြင့် လေဆာဆက်သွယ်ရေးစနစ် တည်ဆောက်ရာတွင် လေဆာရောင်ခြည်လမ်းကြောင်းချိန်သားကိုက်ရေးပြဿနာ၊ လေဆာအချက်ပြလှိုင်း အားပျော့မှုပြဿနာများကို ကျော်ဖြတ်နိုင်ရန်လိုအပ်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**
**Trs : KKO**

# ချွေးထွက်လွန်မှုပြဿနာကို လျှော့ချပေးနိုင်သော လိမ်းဆေးတစ်မျိုးကို လူနာများသုံးစွဲနိုင်မည်

**လန်ဒန် စက်တင်ဘာ ၂**

ချွေးထွက်လွန်မှုပြဿနာကို လျှော့ချပေးနိုင်သည့် လိမ်းဆေးတစ်မျိုးကို ချွေးထွက်လွန်မှုပြဿနာ (Hyper Hidrosis) လူနာများ မကြာမီကာလအတွင်း သုံးစွဲနိုင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Axhidrox ခေါ် အထက်ပါလိမ်းဆေးတွင် Glycopyrronium Bromide ခေါ် ဓာတုဒြပ်ပေါင်းတစ်မျိုး ထည့်သွင်းထားပြီး ချိုင်းကြားတွင် လိမ်းကျံရသည့် လိမ်းဆေးဖြစ်ကြောင်း သိရသည်။

အဆိုပါလိမ်းဆေးသည် ချိုင်းကြားရှိ ချွေးထုတ်ဂလင်းအိတ်များကို ချွေးထုတ်ပေးရန် လှုံ့ဆော်ပေးသည့် အချက်ပြလှိုင်းများကို တားဆီးပေးခြင်းဖြင့် ချွေးထွက်နှုန်းကို လျှော့ချပေးနိုင်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

ရှေးယခင်က ချွေးထွက်လွန်မှုပြဿနာကို Botox ထိုးဆေးများ၊ Antimuscarinics ခေါ် ဆေးဝါးများဖြင့် ကုသလေ့ရှိသည်။

ချွေးထွက်လွန်မှုပြဿနာသည် ဗြိတိန်နိုင်ငံ၌ လူပေါင်း ၂ ဒသမ ၈ သန်းတို့ ရင်ဆိုင်နေရသည့် ပြဿနာဖြစ်ပြီး ၎င်းပြဿနာ၏ အဓိက အကြောင်းတရားကို မသိရသေးပေ။

သို့ရာတွင် ချိုင်းကြားရှိ ချွေးထုတ်ဂလင်းအိတ်များကို ချွေးထုတ်ပေးရန် အချက်ပေးသည့် ဦးနှောက်အစိတ်အပိုင်းဖောက်ပြန်မှုကြောင့် ချွေးထွက်လွန်မှုပြဿနာပေါ်ထွက်လာနိုင်ခြင်း ဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက ယူဆထားသည်။

ထို့ပြင် ချွေးထွက်လွန်မှုပြဿနာများ၏ ၂၅ ရာခိုင်နှုန်းနှင့် ၅၀ ရာခိုင်နှုန်းထိတို့မှာ မျိုးဗီဇနှင့် ဆက်စပ်နေနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**


# နာဆာ၏ ကျူရီယိုစီတီအင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်က အင်္ဂါဂြိုဟ်မျက်နှာပြင်ရှုခင်းများကို ဓာတ်ပုံရိုက်ကူး

**ဝါရှင်တန် စက်တင်ဘာ ၂**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ် ဆင်ခြေလျှောကုန်းမြင့်တစ်ခုပေါ်သို့ တက်ရောက်နေစဉ် အင်္ဂါဂြိုဟ် မျက်နှာပြင်ရှုခင်းများကို ဓာတ်ပုံရိုက်ကူးခဲ့သည်ဟု စက်တင်ဘာ ၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေး အာကာသယာဉ်သည် အဆိုပါအင်္ဂါဂြိုဟ်ရှုခင်းဓာတ်ပုံများကို ဩဂုတ် ၁ ရက်နှင့် ၂ ရက်တို့တွင် ရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေး အာကာသယာဉ်ရိုက်ကူးခဲ့သော ဓာတ်ပုံများတွင် ဗဲဂရန်ဒီ(Valle Grande) အမည်ရှိ တောင်ကြားနယ်မြေတစ်ခုကို တွေ့မြင်နိုင်ကြောင်း သိရသည်။



ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေး အာကာသယာဉ်သည် မောင့်ရှပ်တောင်၏ တစ်ကီလိုမီတာအမြင့်ရှိ ကုန်းမြင့်ဆင်ခြေလျှောပေါ်သို့ တက်ရောက်ခဲ့ပြီးနောက် ဗဲဂရန်ဒီတောင်ကြားနယ်မြေကို ဓာတ်ပုံရိုက်ကူးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျူရီယိုစီတီ အင်္ဂါဂြိုဟ်မျက်နှာပြင်လေ့လာရေး အာကာသယာဉ်ကို အမြင့်သုံးမိုင်ရှိသော မောင့်ရှပ်တောင်ကို ၂၀၁၄ ခုနှစ်မှစ၍ တက်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# Crew-13 အာကာသလူသယ်ယာဉ် လွှတ်တင်ရေးအစီအစဉ် နာဆာနှင့် စပေ့စ်အိတ်ကုမ္ပဏီတို့က ဆိုင်းငံ့ထား

**ဝါရှင်တန် စက်တင်ဘာ ၂**

Crew-13 အမည်ရှိ အာကာသလူသယ်ယာဉ်လွှတ်တင်ရေးအစီအစဉ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)နှင့် စပေ့စ်အိတ်ကုမ္ပဏီတို့က ဆိုင်းငံ့ထားကြောင်း စက်တင်ဘာ ၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

နာဆာနှင့် စပေ့စ်အိတ်ကုမ္ပဏီတို့သည် မူလက အာကာသယာဉ်မှူးလေးဦးလိုက်ပါမည့် Crew-13 မစ်ရှင်ကို နိုင်ငံတကာအာကာသစခန်းသို့ စက်တင်ဘာ ၁၂ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားသည်။

သို့ရာတွင် စပေ့စ်အိတ်ကုမ္ပဏီ၏ Crew Dragon အာကာသလူသယ်ယာဉ် ဒုံးကန်အားစနစ်တွင် ဓာတုယိုစိမ့်မှုတစ်ရပ် ဖြစ်ပွားနေမှုကြောင့် Crew-13 မစ်ရှင်လွှတ်တင်ရေးအစီအစဉ်ကို ဆိုင်းငံ့ထားခြင်းဖြစ်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

Crew-13 မစ်ရှင် လွှတ်တင်မည့်နေ့ရက်ကို နာဆာနှင့် စပေ့စ်အိတ်ကုမ္ပဏီတို့က ကြေညာခြင်း မရှိသေးပေ။

Crew-13 မစ်ရှင်တွင် Crew Dragon အာကာသလူသယ်ယာဉ်နှင့်အတူ နာဆာအာကာသယာဉ်မှူးနှစ်ဦး၊ ကနေဒါအာကာသအေဂျင်စီ အာကာသယာဉ်မှူးတစ်ဦးနှင့် ရုရှားအာကာသအေဂျင်စီ အာကာသယာဉ်မှူး တစ်ဦးတို့ လိုက်ပါသွားမည်ဖြစ်သည်။

Crew-13 မစ်ရှင်ကို စပေ့စ်အိတ် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗရယ် အာကာသစခန်းမှ လွှတ်တင်ရန် နာဆာနှင့် စပေ့စ်အိတ်တို့က စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# စတာတင်သွေးကျဲဆေးများက Dementia ဖြစ်နိုင်ခြေကိုလျှော့ချနိုင်

**ကိုပင်ဟေဂင် စက်တင်ဘာ ၂**

စတာတင်(Statin) သွေးကျဲဆေးများသည် ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ (Dementia)ဖြစ်နိုင်ခြေကိုလျှော့ချနိုင်ကြောင်း စက်တင်ဘာ ၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ထို့ပြင် စတာတင်ဆေးကို အသက်ငယ်ရွယ်ချိန်တွင် သုံးစွဲခဲ့ရသူများဖြစ်ပါက Dementia ဖြစ်နိုင်ခြေကို ရှောင်ရှားနိုင်ကြောင်း ဒိန်းမတ် သုတေသနပညာရှင်များက ပြောကြားသည်။

ဒိန်းမတ်သုတေသနပညာရှင်များသည် ၂၀၀၆ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်ကြား စတာတင်ဆေးသုံးစွဲသူဦးရေ ၁၃၂၀၀၀ ကျော်တို့ကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ စတာတင်ဆေးသုံးစွဲသူများတွင် Dementia ဖြစ်နိုင်ခြေ ပုံမှန်ထက် ၁၅ ရာခိုင်နှုန်း နည်းပါးနေတတ်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

တစ်ကမ္ဘာလုံးအတိုင်းအတာအရ Dementia ရောဂါလူနာအရေအတွက်မှာ ၂၀၅၀ ပြည့်နှစ်အရောက်တွင် သုံးဆမြင့်တက်လာနိုင်ပြီး လူနာအရေအတွက် ၁၅၃ သန်းထိ ရှိလာနိုင်ကြောင်း သိရသည်။

သို့ရာတွင် အထက်ပါ Dementia ရောဂါဖြစ်စဉ်များအနက် ထက်ဝက်ခန့်မှာ ကြိုတင်တားဆီး၍ ရနိုင်သည့် ရောဂါဖြစ်စဉ်များဖြစ်ကြကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**





# U.S. Open အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ကို ဇီရက်ဗ် တက်ရောက်



ဝါရှင်တန် စက်တင်ဘာ ၂

အမေရိကန်နိုင်ငံတွင် ကျင်းပနေသည့် U.S. Open အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်အဖြစ် ယနေ့တွင် ကမ္ဘာ့အဆင့်(၂) ဂျာမနီတင်းနစ်ကစားသမားဇီရက်ဗ်နှင့် အီတလီတင်းနစ်ကစားသမား ဆိုနီဂိုတို့ ကစားခဲ့ရာ ဇီရက်ဗ်ကအနိုင်ရပြီး ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

U.S. Open တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁) အီတလီတင်းနစ်ကစားသမား ဂျန်နစ်ဆင်နာပါဝင်နိုင်ခြင်းမရှိသည့်အတွက် ဇီရက်ဗ်က ချန်ပီယံဆု ဆွတ်ခူးနိုင်ခြေအဆင့်(၁) သတ်မှတ်ခံထားရသူဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ဆိုနီဂို၏ အကောင်းဆုံး တုံ့ပြန်ကစားမှုများကြောင့် ဇီရက်ဗ်အတွက်အနည်းငယ် ခက်ခဲခဲ့ပြီး (၆-၃)၊ (၃-၆)၊ ၆-၇)၊ (၇-၆)၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဇီရက်ဗ်က"ဆိုနီဂိုကကျွန်တော့်အတွက် ပြိုင်ဘက်ကောင်းဖြစ်ခဲ့ပါတယ်။ ကျွန်တော် ပထမပွဲငယ်မှာ အကောင်းဆုံးပုံစံရှိခဲ့တယ်ဆိုပေမဲ့ ဒုတိယပွဲငယ်နဲ့ တတိယပွဲငယ်တွေမှာ ဆိုနီဂိုအနေနဲ့ အကောင်းဆုံး လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ကျွန်တော်နှစ်ပွဲဆက်ရှုံးနိမ့်ပြီးတော့ ပွဲအပေါ်သေချာအာရုံပြန်စိုက်နိုင်ခဲ့လို့ လက်ကျန်ပွဲစဉ်တွေမှာ ရလဒ်တွေကောင်းခဲ့တာပါ" ဟု ပြောကြားခဲ့ကြောင်းသိရသည်။ Ref : AGTP Tennis

Trs : STA

# 2026 Dow Impact Award ဂေါက်သီးရိုက်မယ်ဆုအတွက် ဆန်ခါတင်စာရင်း ထုတ်ပြန်

ဝါရှင်တန် စက်တင်ဘာ ၂

2026 Dow Impact Award ဂေါက်သီးရိုက်မယ် ဆုအတွက် ဆန်ခါတင်စာရင်းကို LPGA အဖွဲ့ချုပ်က ယနေ့တွင်ထုတ်ပြန်ခဲ့ကြောင်း LPGA.com သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

2026 Dow Impact Award ဂေါက်သီးရိုက်မယ်ဆုအတွက် ပရိသတ်များထံမှ ဆန္ဒမဲကောက်ယူမည်ဖြစ်ပြီး ပရိသတ်များအနေဖြင့် စက်တင်ဘာ ၁၆ ရက် နောက်ဆုံးထားပြီး မဲပေးရွေးချယ်ရမည်ဖြစ်သည်။

2026 Dow Impact Award ဂေါက်သီးရိုက်မယ်ဆု အတွက် ဆန်ခါတင်စာရင်းကို လေးဦးထုတ်ပြန်ခဲ့ပြီး အမေရိကန်ဂေါက်သီးရိုက်မယ်များဖြစ်သည့် ဒန်နီရယ်ကန်၊ အိန်ဂျယ်ယင်၊ ထိုင်းဂေါက်သီးရိုက်မယ် သီတီကူးကနေဒါဂေါက်သီးရိုက်မယ် ဟန်ဒါဆန်တို့ပါဝင်ခဲ့ကြပြီး ဆန်ခါတင်ကစားသမားစာရင်းတွင် ပါဝင်ခဲ့ကြသူများသည် အဆိုပါဆုအတွက် ပြင်ပလောကတွင် လူမှုအကျိုးပြုလုပ်ငန်းများကို အသီးသီးလုပ်ဆောင်လျက်ရှိသည်။

2026 Dow Impact Award ဂေါက်သီးရိုက်မယ်ဆုကို ၂၀၂၅ ခုနှစ်မှစတင်ချီးမြှင့် ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲများအတွင်း အောင်မြင်မှုများအပြင် လူမှုအကျိုးပြုလုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်မှု စွမ်းဆောင်ရည်များကိုပါထည့်သွင်းတွက်ချက်ပြီး စိစစ်ရွေးချယ်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်က ပေးအပ်ခဲ့သည့် 2026 Dow Impact Award ဂေါက်သီးရိုက်မယ်ဆုကို အမေရိကန် ဂေါက်သီးရိုက်မယ် သွမ်ဆန်က ဆွတ်ခူးခဲ့ပြီး ယခုနှစ်အတွက်ဆုကို လာမည့်စက်တင်ဘာ ၂၂ ရက်တွင်ကြေညာမည်ဖြစ်ကြောင်း သိရသည်။ Ref : LPGA.com

Trs : STA

# ပရီးမီးယားလိဂ်ပြိုင်ပွဲဝင် ကလပ်အသင်းများ၏ နွေရာသီပြောင်းရွှေ့ကြေးအသုံးစရိတ် အများဆုံးနှစ်အဖြစ်ရပ်တည်





လန်ဒန် စက်တင်ဘာ ၂

ယခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလပြီးဆုံးချိန်တွင် ပရီးမီးယားလိဂ်ပြိုင်ပွဲဝင်ကလပ်အသင်းများ၏ ပြောင်းရွှေ့ကြေးအသုံးစရိတ် စတာလင်ပေါင် ၃ ဒသမ ၄၆ ဘီလီယံထိရှိခဲ့ပြီးနောက် ပြောင်းရွှေ့ကြေးအသုံးစရိတ်အများဆုံးနှစ်အဖြစ် ရပ်တည်ခဲ့ကြောင်း Transfermarket သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ယခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ပရီးမီးယားလိဂ် ထိပ်တန်းအသင်းများဖြစ်သည့် မန်စီးတီးအသင်း၊ စပါးအသင်း၊ လီဗာပူးအသင်းတို့က ပြောင်းရွှေ့ကြေး အများဆုံးအသုံးပြုခဲ့ပြီး မန်စီးတီးအသင်းက အန်ဖီဖာနန်ဒက်၊ အန်ဒါဆန်အစရှိသည့် ကစားသမားများအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၄၀၀ ကျော်ထိ အသုံးပြုခဲ့ခြင်းဖြစ်သည်။

ပရီးမီးယားလိဂ် ပြိုင်ပွဲတွင် ၂၀၂၅ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ပြောင်းရွှေ့ကြေးအသုံးစရိတ်မှာ စတာလင်ပေါင် ၃ ဒသမ ၁၄ ဘီလီယံဖြင့် အများဆုံး စံချိန်တင်ခဲ့သော်လည်း ယခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ ကာလတွင် စတာလင်ပေါင် ၃ ဒသမ ၄၆ ဘီလီယံထိရှိလာခဲ့ပြီး ပြောင်းရွှေ့ကြေးအများဆုံးအဖြစ် စံချိန်တင်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ ပြောင်းရွှေ့ကြေးအများဆုံး ကစားသမားအဖြစ် အပြောင်းအရွှေ့ကာလနောက်ဆုံးရက်တွင် ချဲလ်ဆီးအသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၂၅ သန်းဖြင့် ပြောင်းရွှေ့ခဲ့သည့် အန်ဖီဖာနန်ဒက်က ရပ်တည်ခဲ့ကြောင်းသိရသည်။

Ref : Transfermarket

Trs : STA

# ဂျာမနီလက်ရွေးစင်အသင်းကစားသမားဘဝမှ အနားယူကြောင်း ခံစစ်ကစားသမား ရူဒီဂါကြေညာ

ဘာလင် စက်တင်ဘာ ၂

ဂျာမနီအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်း ခံစစ်ကစားသမား ရူဒီဂါသည် ဂျာမနီလက်ရွေးစင်အသင်း ကစားသမားဘဝမှအနားယူကြောင်း အတည်ပြုကြေညာခဲ့သည်ဟု 433 သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၃ နှစ်ရှိ ရူဒီဂါသည် ၂၀၁၁ ခုနှစ်ကစတင်ပြီး ဂျာမနီယူ-၁၈အသင်း၊ ဂျာမနီယူ-၂၁အသင်း စသည့် သက်တမ်းအလိုက်လူငယ်အသင်းများတွင် အဆင့်ဆင့်ပါဝင်ကစားခဲ့ပြီးနောက် ၂၀၁၄ ခုနှစ်က ဂျာမနီအသင်းတွင် စတင်ပါဝင်ကစားခဲ့ခြင်းဖြစ်သည်။

ရူဒီဂါသည် ဂျာမနီအသင်းနှင့်အတူ ၂၀၁၄ ခုနှစ်မှစတင်ပြီး ပြီးခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲထိပြိုင်ပွဲစုံ ၈၆ ပွဲကစားခဲ့ကာ သွင်းဂိုး သုံးဂိုး သွင်းယူခဲ့ပြီး အသင်းနှင့်အတူ ၂၀၁၇ ခုနှစ်က Confederations ဖလားတစ်ကြိမ် ဆွတ်ခူးခဲ့သည်။

ရူဒီဂါက "ကျွန်တော်၂၀၁၄ ခုနှစ် ကဂျာမနီအသင်းအတွက် ရွေးချယ်ခံခဲ့ရပြီး အသင်းရဲ့ ဂျာစီဝတ်ဆင် ကစားချိန်မှာ အခုလိုပြိုင်ပွဲစုံ ၈၆ ပွဲထိပါဝင်ကစားနိုင်လိမ့်မယ်လို့ မတွေးခဲ့ဖူးပါဘူး။ ကွန်တော် ဂျာမနီအသင်းကစားသမားဘဝ သက်တမ်းတစ်လျှောက် အမှတ်ရစရာအခိုက်အတန့်တွေ အများကြီးရှိပါတယ်။ ကစားခဲ့တဲ့ အသင်းဖော်တွေ၊ အသင်းနည်းပြ အဖွဲ့ဝင်တွေ၊ လူငယ်အသင်းက အသင်းဖော်တွေကို အများကြီးကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ပြီးခဲ့တဲ့ ယူရို ၂၀၂၄ ပြိုင်ပွဲက ပရိသတ်တွေရဲ့ အားပေးသံတွေကို ကျွန်တော်မမေ့လို့ရမှာ မဟုတ်ပါဘူး။ ဒီအချိန်က အသင်းကစားသမားဘဝကနေ အနားယူသင့်ပြီလို့လဲထင်ပါတယ်" ဟုပြောကြားခဲ့သည်။

ရူဒီဂါသည် ဂျာမနီအသင်းကစားသမားဘဝ အနားယူခဲ့သော်လည်း ရီးရဲလ်မက်ဒရစ်အသင်းနှင့် ယခုနှစ် ဘောလုံးရာသီကုန်ထိ စာချုပ်သက်တမ်း ကျန်ရှိနေသည့်အတွက် အသင်းနှင့်အတူ ရာသီကုန်ထိ ဆက်လက်ကစားမည်ဖြစ်ကြောင်းသိရသည်။

Ref : 433

Trs : STA

# လိုက်ဘေးရီးယားအသင်းလက်ရွေးစင်ဟောင်း Albert ကို ရန်ကုန်ယူနိုက်တက်အသင်း တစ်ရာသီစာချုပ်ဖြင့် ခေါ်ယူ




ရန်ကုန် စက်တင်ဘာ ၂

မြန်မာလိဂ်ကလပ် ရန်ကုန်ယူနိုက်တက်အသင်းသည် အသင်း၏ကစားသမားစာရင်းကို အင်အားဖြည့်ရန်အတွက် လိုက်ဘေးရီးယားအသင်း လက်ရွေးစင်ဟောင်းနှင့် နိုင်ဂျီးရီးယားပရီးမီးယားလိဂ်ကလပ် Remo Stars အသင်းမှ ဘယ်တောင်ပံကစားသမား Albert ကို တစ်ရာသီစာချုပ်ဖြင့် ယနေ့တွင် ခေါ်ယူစာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

ဘယ်တောင်ပံ နေရာတွင် အဓိက ကစားသည့် Albert သည် ကွင်းလယ်တိုက်စစ် နေရာတွင်လည်း ကစားနိုင်သည့်စွယ်စုံရကစားသမားတစ်ဦး ဖြစ်ပြီး လိုက်ဘေးရီးယား၊ နိုင်ဂျီးရီးယား၊ လစ်ဗျားနိုင်ငံတို့ရှိ ကလပ်အသင်းများတွင်ကစားခဲ့ကာ အတွေ့အကြုံကောင်းများ ရှိထားသူဖြစ်သည်။

Albert က "ရန်ကုန်ယူနိုက်တက်လို အသင်းကြီးတစ်သင်းနဲ့အတူ ကစားခွင့်ရတော့မှာ ဖြစ်တဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်။ အသင်းဖော်တွေနဲ့ အကောင်းဆုံးပူးပေါင်းပြီး အသင်းအတွက် နိုင်ပွဲတွေရရှိအောင် အစွမ်းကုန်ကြိုးစားသွားမှာပါ။ ပရိသတ်တွေ ပျော်ရွှင်စေရအောင်လဲ အကောင်းဆုံး စွမ်းဆောင်ပေးသွားပါမယ်" ဟု ပြောကြားခဲ့သည်။

Albert သည် ရန်ကုန်ယူနိုက်တက်အသင်းတွင် ဂျာစီနံပါတ် (၁၂) ကိုဝတ်ဆင်ကစားမည်ဖြစ်ကြောင်းသိရသည်။ STA

# PGA Tour ဂေါက်သီးရိုက်ပြိုင်ပွဲများမှ ဆုကြေးငွေအများဆုံးရရှိခဲ့သည့် ကစားသမားအဖြစ် တိုက်ဂါးဝုဒ်ကို စကော့တီရှက်ဖလာကျော်ဖြတ်



ဝါရှင်တန် စက်တင်ဘာ ၂

ကမ္ဘာ့အဆင့်(၁) အမေရိကန် ဂေါက်သီးရိုက် ကစားသမား စကော့တီရှက်ဖလာသည် တစ်နိုင်ငံတည်းသား တိုက်ဂါးဝုဒ်ကို ကျော်ဖြတ်ပြီး PGA Tour ပြိုင်ပွဲများမှ ဆုကြေးငွေ အများဆုံးရရှိခဲ့သည့် ကစားသမားအဖြစ် ရပ်တည်ခဲ့ကြောင်း Golf Monthly သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

စကော့တီရှက်ဖလာသည် 2026 Tour Championship ပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့သည့်အတွက် ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၁၀ သန်းထိ ရရှိခဲ့ပြီး တိုက်ဂါးဝုဒ်ကို ကျော်ဖြတ်ကာ PGA Tour ပြိုင်ပွဲများမှ ဆုကြေးငွေအများဆုံးရရှိခဲ့သည့် ကစားသမားဖြစ်လာခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့အဆင့်(၁) ဂေါက်သီးရိုက် ကစားသမားဟောင်း တစ်ဦးဖြစ်သည့် တိုက်ဂါးဝုဒ်သည် PGA Tour ပြိုင်ပွဲများတွင် ၂၆ နှစ်ကြာ ကစားခဲ့ပြီးနောက် ဆုကြေးငွေများအဖြစ် အမေရိကန်ဒေါ်လာ ၁၂၁ သန်းရရှိခဲ့ပြီး ယခုအခါ စကော့တီရှက်ဖလာက အမေရိကန်ဒေါ်လာ ၁၃၉ ဒသမ ၃၉ သန်းထိရရှိခဲ့ပြီးနောက် တိုက်ဂါးဝုဒ်ကို ကျော်ဖြတ်ကာ PGA Tour ပြိုင်ပွဲများမှ ဆုကြေးငွေအများဆုံး ရရှိခဲ့သည့် ကစားသမားအဖြစ် ရပ်တည်ခဲ့ခြင်းဖြစ်သည်။

PGA Tour ပြိုင်ပွဲများမှဆုကြေးငွေအများဆုံးရရှိခဲ့သည့်ဂေါက်သီးရိုက်ကစားသမားစာရင်း၌ စကော့တီရှက်ဖလာနှင့် တိုက်ဂါးဝုဒ်တို့နောက်တွင် မြောက်အိုင်ယာလန်ဂေါက်သီးရိုက်ကစားသမား မက်အီရွိုင်းက အမေရိကန် ဒေါ်လာ ၁၁၉ ဒသမ ၅၆ သန်း၊ အမေရိကန်ဂေါက်သီးရိုက် ကစားသမား မစ်ကယ်ဆန်က ၉၆ ဒသမ ၇၃ သန်း၊ အင်္ဂလန်ဂေါက်သီးရိုက် ကစားသမား ရို့စ်က ၇၉ ဒသမ ၃၆ သန်းဖြင့် ထိပ်ဆုံးငါးဦးစာရင်းတွင် ရပ်တည်ခဲ့ကြောင်း သိရသည်။

Ref : Golf Monthly

Trs : STA

# မြန်မာဖူဆယ်လိဂ်ယူ-၁၉ပြိုင်ပွဲ ပွဲစဉ်(၁၁) ပွဲစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာဖူဆယ်လိဂ်ယူ-၁၉ ပြိုင်ပွဲ ပွဲစဉ်(၁၁)ပွဲစဉ်များကို ယနေ့နံနက် ၉နာရီမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadiumတွင် ဆက်လက်ကျင်းပခဲ့ကြောင်းသိရသည်။

မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၁)ပွဲစဉ်များအဖြစ် နံနက် ၉ နာရီက ယူနိုက်တက်စီးတီးအသင်းနှင့် Royal Nokaအသင်းတို့ ကစားခဲ့ရာRoyal Nokaအသင်းက ခြောက်ဂိုး သုံးဂိုး၊ နံနက် ၁၀နာရီခွဲက မင်္ဂလာဒုံစီးတီးအသင်းနှင့်MIU FC အသင်းတို့ကစားခဲ့ရာ MIU FC အသင်းက ၁၄ဂိုး တစ်ဂိုး၊ မွန်းတည့် ၁၂နာရီက YCDC Dream Team အသင်းနှင့် ပစိဖိတ်ဆန်းဖားအသင်းတို့ကစားခဲ့ရာ ပစိဖိတ်ဆန်းဖားအသင်းက ခြောက်ဂိုး နှစ်ဂိုးဖြင့် အသီးသီးအနိုင်ရခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီက ULAD FCအသင်းနှင့် JV FCအသင်းတို့ကစားခဲ့ရာ ULAD FCအသင်းက ခုနစ်ဂိုး နှစ်ဂိုး၊ ညနေ ၃ နာရီက YRG FCအသင်းနှင့် Gold Dream အသင်းတို့ကစားခဲ့ရာ YRG FC အသင်းက လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ညနေ ၄ နာရီခွဲက Burmese Warriorအသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ သုံးဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့သည်။

မြန်မာဖူဆယ်လိဂ်ယူ-၁၉ ပြိုင်ပွဲ ပွဲစဉ် ၁၁ အပြီးတွင် ပစိဖိတ်ဆန်းဖားအသင်းက ၁၁ ပွဲနိုင် ရမှတ် ၃၃ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်ခဲ့ကြောင်း သိရသည်။

STA



# ရန်ကုန်စီးတီးအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ပွဲစဉ်မှဖြစ်ရပ်အတွက် ပြစ်ဒဏ်များအသီးသီးချမှတ်အရေးယူ

ရန်ကုန် စက်တင်ဘာ ၂

မြန်မာလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁) အဖြစ်ကစားခဲ့သည့် ရန်ကုန်စီးတီး အသင်းနှင့် ရှမ်းယူနိုက်တက် အသင်းတို့ပွဲစဉ်မှ ဖြစ်ရပ်အတွက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးနှင့် ကျင့်ဝတ်ကော်မတီက စက်တင်ဘာ ၁ ရက်တွင် စစ်ဆေးမှုများလုပ်ဆောင်ခဲ့ပြီး ပြစ်ဒဏ်များအသီးသီးချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်၌ ပွဲချိန် ဒုတိယပိုင်းအတွင်း နှစ်ဖက်အသင်းကစားသမားများ အချင်းများမှုများဖြစ်ပွားခဲ့သကဲ့သို့ ရိုင်းပျစွာပြောဆိုခဲ့မှုအတွက် ကွင်းလယ်ဒိုင်က တိုက်ရိုက်အနီကတ်ပြသမှုများရှိခဲ့ရာ အဆိုပါဖြစ်ရပ်များအတွက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးနှင့်ကျင့်ဝတ်ကော်မတီက အသေးစိတ် စစ်ဆေးမှုများလုပ်ဆောင်ခဲ့ပြီးနောက် ပြစ်ဒဏ်များ ချမှတ်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးနှင့် ကျင့်ဝတ်ကော်မတီက စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် ကွင်းလယ်ဒိုင်ကို ရိုင်းပျစွာပြောဆိုခဲ့သည့် ရှမ်းယူနိုက်တက်အသင်းမှ နည်းပြဦးအောင်ခိုင်နှင့် နန္ဒကျော်တို့ကို စည်းကမ်းထိန်းသိမ်းရေးမူ အပိုဒ်(၂) အပိုဒ်ခွဲ(၁၉)တို့အရ ဒဏ်ကြေးငွေကျပ် ခုနစ်သိန်း၊ ပွဲချိန် ၅၆ မိနစ်တွင် ကွင်းလယ်ဒိုင်ကို ရိုင်းပျစွာပြောဆိုခဲ့ပြီး အနီကတ်ပြသခံခဲ့ရသည့် ရှမ်းယူနိုက်တက်အသင်းမှ ကျော်မင်းဦးကို နှစ်ပွဲပယ်ပြစ်ဒဏ်နှင့်ဒဏ်ကြေးငွေ သုံးသိန်းပေးဆောင်စေရန်ပြစ်ဒဏ်များ ချမှတ်ခဲ့သည်။

အလားတူ ပွဲချိန် ၆၆ မိနစ်တွင် ပြိုင်ဘက်အသင်း ဂိုးသမားကို ရိုင်းပျစွာဆဲဆိုခဲ့သည့် ရန်ကုန်စီးတီးအသင်းမှ အောင်ကောင်းမာန်ကို နှစ်ပွဲပယ်ပြစ်ဒဏ်နှင့်ဒဏ်ကြေးငွေ သုံးသိန်းပေးဆောင်စေရန် ပြစ်ဒဏ်များ ချမှတ်ခဲ့ကြောင်း သိရသည်။

STA

# တောင်ကိုရီးယားအသင်းက နည်းပြသစ်အဖြစ် စပိန်အသင်းနည်းပြဟောင်း မိုရီနိုကိုခန့်အပ်

ဆိုးလ် စက်တင်ဘာ ၂

တောင်ကိုရီးယား အသင်းက လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် စက်တင်ဘာ ၁ ရက်က စပိန်အသင်းနည်းပြဟောင်း မိုရီနိုကိုခန့်ခဲ့ကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

တောင်ကိုရီးယားအသင်းနည်းပြဟောင်း ဟောင်မြန်ဘိုသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး အသင်းနည်းပြရာထူးမှ နုတ်ထွက်ခဲ့ပြီးနောက် နည်းပြနေရာလစ်လပ်နေခြင်းဖြစ်ပြီး ယခုအခါ နည်းပြသစ်အဖြစ် မိုရီနိုကို ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။

အသက် ၄၈ နှစ်ရှိ နည်းပြမိုရီနိုသည် စပိန်အသင်းတွင် နည်းပြဟောင်းအင်းနရစ်၏လက်ထောက်နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် နည်းပြ အင်းနရစ်ရာထူးမှ နုတ်ထွက်ခဲ့သည့် အချိန်တွင် အသင်းနည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ထို့နောက် နည်းပြမိုရီနိုသည် စပိန်အသင်းနှင့်လမ်းခွဲခဲ့ပြီးနောက် ၂၀၂၅ခုနှစ်တွင် ရုရှားကလပ် ဆိုချီအသင်းကို တာဝန်ယူကိုင်တွယ်ခဲ့သော်လည်း လအနည်းငယ်အကြာတွင်လမ်းခွဲခဲ့ပြီးနောက် အသင်းလက်မဲ့ဖြစ်နေရာမှ တောင်ကိုရီးယားအသင်း နည်းပြသစ် အဖြစ်ခန့်အပ်ခံခဲ့ရခြင်းဖြစ်သည်။

နည်းပြမိုရီနိုသည် ယခုလ အတွင်း နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ်ကစားမည့် အီကွေဒေါအသင်းနှင့်ပွဲစဉ်တွင် တောင်ကိုရီးယား အသင်းကို စတင်တာဝန်ယူကိုင်တွယ်မည် ဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : STA

# တရုတ်ဖိုက်တာ ဆောင်ယာဒုံ UFC ဘင်တန်ဝိတ်တန်းသတ်မှတ်ချက်အဆင့်(၃)နေရာရောက်ရှိ




ဝါရှင်တန် စက်တင်ဘာ ၂

ပြီးခဲ့သည့်ဩဂုတ် ၂၉ ရက်က UFC ပြိုင်ပွဲတွင် ပြိုင်ဘက်ရုရှားဖိုက်တာ အူမာကို အလဲထိုး ဖြင့် အနိုင်ရခဲ့သည့် တရုတ်ဖိုက်တာ ဆောင်ယာဒုံသည် UFC ဘင်တန်ဝိတ်တန်း အဆင့်သတ်မှတ်ချက်တွင် အဆင့်(၃)နေရာရောက်ရှိလာခဲ့ပြီး ချန်ပီယံစိန်ခေါ်ပွဲ ထိုးသတ်ရန် နီးစပ်လာခဲ့ကြောင်း UFC.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဆောင်ယာဒုံသည် ပြီးခဲ့သည့် UFC ပြိုင်ပွဲတွင် အူမာကို အလဲထိုးဖြင့်အနိုင်ရခဲ့ပြီး လာမည့်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံရုရှားဖိုက်တာ ပီတာယန်နှင့် ထိုးသတ်ရန် ၄၈ ရာခိုင်နှုန်း၊ အဆင့်(၁)နေရာမှ ဂျော်ဂျီယာဖိုက်တာ မီရတ်ဘ်နှင့် ထိုးသတ်ရန် ၅၁ ရာခိုင်နှုန်းရှိနေသည်။

ဆောင်ယာဒုံသည် ပြီးခဲ့သည့် အူမာနှင့်ပွဲစဉ်အပါအဝင် စုစုပေါင်း ၃၄ ပွဲထိုးသတ်ခဲ့ရာ ၂၄ ပွဲအနိုင်၊ ကိုးပွဲရှုံး၊ တစ်ပွဲရှုံးရလဒ် ပိုင်ဆိုင်ထားသူဖြစ်ပြီး အနိုင်ရရှိခဲ့သည့် ပွဲစဉ် ၂၄ ပွဲတွင် ၁၀ ပွဲထိအလဲ ထိုးဖြင့်အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိ UFC ဘင်တန်ဝိတ်တန်း အဆင့် သတ်မှတ်ချက်တွင် မီရတ်ဘ်က အဆင့်(၁) နေရာ၌ ရပ်တည်နေပြီး ၎င်း၏နောက်တွင် အမေရိကန်ဖိုက်တာ ရှောင်အိုမေလီကအဆင့်(၂)၊ ဆောင်ယာဒုံက အဆင့်သုံးဆင့် မြင့်တက်ခဲ့ပြီး အဆင့်(၃)၊ အမေရိကန်ဖိုက်တာ ဘူတီစတာက အဆင့်(၄)၊ အူမာက အဆင့်သုံးဆင့်ထိကျဆင်းခဲ့ပြီး အဆင့်(၅)နေရာတို့တွင် အသီးသီး ရပ်တည်နေကြောင်း သိရသည်။

Ref : UFC.com

Trs : STA

# နှမ်းအထွက်နှုန်း မြင့်မားရေးမှသည် ဘေးကင်းသော ဆီစားသုံးမှုဆီသို့

ပပ(ရောဝတီသူ)

နှမ်းသီးနှံကို ပုဂံခေတ်မတိုင်မီ အစောပိုင်းကာလကတည်းက စတင်စိုက်ပျိုးခဲ့ကြသည်ကို မှတ်တမ်းများအရ လေ့လာသိရှိရသည်။ ဆန်စပါးသည် မြန်မာနိုင်ငံ၏ အဓိကစားသုံး သီးနှံဖြစ်သကဲ့သို့ ဆီထွက်သီးနှံများတွင်လည်း ဒုတိယအရေးပါဆုံး သီးနှံဖြစ်သည်။ နေ့စဉ် ကြော်လှော် ချက်ပြုတ်ရာတွင် ဆီကိုမပါမဖြစ် သုံးစွဲကြသည်။ နှမ်းဆီကို free fatty acid ကင်းစင်အောင် ထုတ်လုပ်ပါက ကျန်းမာရေးအတွက် အလွန်ကောင်းမွန်သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် နှမ်းစိုက်ပျိုးဖြစ်ထွန်းရာ အဓိကဒေသများမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ဖြစ်သည်။ လက်ရှိစိုက်ပျိုးနေသော ဆီထွက်သီးနှံများတွင် နှမ်းစိုက်ဧရိယာအများဆုံးဖြစ်သည်။ မြန်မာနိုင်ငံတွင် နှမ်းသီးနှံကို နွေ၊ မိုးနှင့် ဆောင်းရာသီ ရာသီသုံးမျိုးစလုံးတွင် စိုက်ပျိုးကြသည်။ နှမ်းသီးနှံ တစ်ဧကပန်းတိုင် အထွက်နှုန်းရရှိရန် စနစ်တကျစိုက်ပျိုးဆောင်ရွက်ရမည်ဖြစ်သည်။

**နွေနှမ်း**

နွေနှမ်းကို ဖေဖော်ဝါရီလမှ မတ်လအတွင်း စိုက်ပျိုးရန်သင့်တော်သည်။ နွေနှမ်းကို နွေရာသီတွင် ရေသွင်းစိုက်ပျိုးပြီး မိုးနှမ်းနှင့် ဆောင်းနှမ်းများထက် ပိုမိုအထွက်ကောင်းသည်။ နှမ်းသီးနှံတွင် တစ်ပင်တိုင်မျိုးနှင့် ကိုင်းဖြာမျိုးဟူ၍ နှစ်မျိုးရှိသည်။ တစ်ပင်တိုင်မျိုးအတွက် တန်းကြား၊ ပင်ကြား ၁၂ x ၄ လက်မနှင့် ကိုင်းဖြာမျိုးအတွက် တန်းကြား၊ ပင်ကြား ၁၅ x ၄ လက်မ စိုက်ပျိုးပြီး နှမ်းကြီးမျိုးအတွက် တန်းကြား ၁၈ လက်မနှင့် ပင်ကြားလေးလက်မဖြင့် စိုက်ပျိုးနိုင်သည်။ အထွက်နှုန်းကောင်းပြီး ရာသီဥတုဒဏ်ခံနိုင်သော နှမ်းမျိုးများဖြစ်သည့် ဆင်းရတနာ-၂၊ ဆင်းရတနာ-၃၊ ဆင်းရတနာ-၄၊ ဆင်းရတနာ-၅၊ ဆင်းရတနာ-၁၄၊ သိပ္ပံနှမ်းနက်၊ မကွေးနက်၊ မကွေး ၇/၉ စသည့်နှမ်းမျိုးများကို အဓိကရွေးချယ်စိုက်ပျိုးသင့်သည်။ ရေစီးရေလာကောင်းပြီး သဲနုန်းမြေ (သို့မဟုတ်) နုန်းမြေကဲ့သို့ မစေးလွန်း မဖွယ်လွန်းသော မြေမျိုးကို ရွေးချယ်သင့်သည်။ မြေချဉ်ငံဓာတ် (PH ၅ ဒသမ ၅ မှ ၇ ဒသမ ၀ ရှိရန်လိုသည်။ မြေလွှာပွပြီး အပင်ကြီးထွားမှု လွယ်ကူစေရန်အတွက် ထယ်တစ်စပ်၊ ထွန်နှစ်စပ်ခန့် ထွန်ယက်ပေးရမည်။ ထွန်ရေးနက်နက်ဖြင့် မြေကိုညက်အောင်ထွန်ယက်ပြီး ပေါင်းမြက်များကို ရှင်းလင်းရမည်။ မြေပြုပြင်စဉ်တွင် သဘာဝမြေဩဇာ (နွားချေး၊ သစ်စိမ်းမြေဩဇာ) တစ်ဧကလျှင် သုံးတန်မှ ငါးတန်နှုန်း ထည့်သွင်းပေးရမည်။ တန်ကြား ၁၂ လက်မနှင့် ၁၅ လက်မ ပင်ကြားလေးလက်မခြားစိုက်ပါက ပေါင်းရှင်းရလွယ်ကူပြီး အထွက်တိုးစေသည်။

တစ်ကေလျှင် မျိုးစေ့နှစ်ပြည်ခန့် အသုံးပြုပြီး အပင်ဦးရေ တစ်သိန်းခန့်ရှိရန် လိုအပ်သည်။ နွေနှမ်းတွင် အပင်ကြီးထွားချိန်၊ ပန်းပွင့်ချိန်နှင့် အသီးတည်ချိန်တို့တွင် ရေသုံးကြိမ်ခန့် ပုံမှန်သွင်းပေးရမည်။ ဓာတ်မြေဩဇာ ထည့်သွင်းအနေဖြင့် ယူရီးယား ၅၆ ပေါင်၊ တီစူပါ၅၆ ပေါင်နှင့် ပိုတက်ရှ် ၂၈ ပေါင်နှုန်းကို ထယ်ရေးပြင်ချိန်တွင် ထည့်ပေးပါ။ အဖူးစတင်ဝင်ချိန်တွင် တစ်ကေလျှင် ယူရီးယား ၂၈ ပေါင်နှုန်းနှင့် ပန်းဖြိုင်ဖြိုင်ပွင့်ချိန်တွင် ယူရီးယား ၂၈ ပေါင်နှုန်းစီ ထပ်မံထည့်သွင်းပေးပါ။ အပင်သက်တမ်း ၁၅ ရက် သို့မဟုတ် မူမှန်အရွက်ခြောက်ရွက်ထွက်ချိန်တွင် တစ်ကျင်းလျှင် သန်စွမ်းသော တစ်ပင်ချန်၍ သားခွဲပေးပါ။ အပင်ပေါက်သည်မှ ရက် ၃၀ အတွင်း ပေါင်းမြက်ကင်းစင်အောင် ဆောင်ရွက်ပါ။ နှမ်းအထွက်ကောင်းစေရန် အပင်သက်တမ်းတစ်လျှောက် အစိုဓာတ် အလိုအပ်ဆုံးအချိန်များမှာ စိုက်ပြီး ၁၅ ရက်မှ ၂၀ ရက်အတွင်း အပင်ငယ်စဉ်ကာလ၊ အဖူးဝင်ချိန်နှင့် ပန်းပွင့်ပြီး ၃၅ ရက်မှ ရက် ၄၀ နှမ်းသီးဖြစ်ပေါ်ချိန်များတွင် အစိုဓာတ်လိုအပ်သည်။



ရွက်လိပ်ပိုး၊ နှမ်းတောင့်တဲပိုး၊ ဖြုတ်ညိုပိုးတို့ကို ပင်လုံးပြန့်ပိုးသတ်ဆေးဖြင့် ကာကွယ်ပါ။ နွေနှမ်းတွင် အဖြစ်များဆုံးရောဂါများမှာ ပင်ညှိုးရောဂါ၊ ရွက်ပြောက်ရောဂါနှင့် ပင်ရိုးပုပ်ရောဂါတို့ဖြစ်သည်။ နှမ်းဖိုရောဂါသည် ဖြုတ်ညိုပိုးမှတစ်ဆင့် ကူးစက်နိုင်သဖြင့် ရောဂါကျရောက်သောအပင်များကို ချက်ချင်းဖယ်ရှားပါ။ သီးလှည့်စိုက်ပျိုးရန်လည်း လိုအပ်သည်။ နှမ်းရိုးမည်းရောဂါမကျရောက်ရန် မျိုးစေ့ကို မှိုသတ်ဆေးဖြင့် လူးနယ်စိုက်ပျိုးပါ။ နှမ်းသီးများ ၈၀ ရာခိုင်နှုန်းအဝါရောင်ပြောင်းပြီး မကွဲမီ ရိတ်သိမ်းပါ။ နှမ်းသီးနှံရိတ်သိမ်းရာတွင် မြေပွလျှင် လက်ဖြင့်နှုတ်ပြီး မြေမာလျှင် အပင်ခြေမှ တံစဉ်ဖြင့် ဖြတ်ပြီး ရိတ်သိမ်းရမည်။

နှမ်းပင်များ ရိတ်သိမ်းပြီးနောက် အလျား ရှစ်တောင်၊ အမြင့် သုံးတောင်ထားပြီး အသီးချင်း ထပ်၍ ပုံပေးရမည်။ အသီးများအမှည့်ညီစေရန် ကောက်ရိုး၊ နှမ်းရိုးခြောက် သို့မဟုတ် အမှိုက်သရိုက်များဖြင့် ဖုံးအုပ်၍ လေးရက်ခန့်ထားပေးရမည်။ ငါးရက်မြောက်နေ့တွင် ထွာဆိုင်ခန့်စည်း၍ ဖိုခနောက်ဆိုင်အစည်းများထောင်၍ နေလှမ်းပေးရမည်။ အသီးများကွဲ၍ အစေ့များခြောက်သွေ့လာပါက အစည်းကို ဇောက်ထိုးထား၍ တုတ်ဖြင့်ပုတ်ပြီး နှမ်းစေ့များကို ခါချ သိမ်းယူနိုင်သည်။

နှမ်းသီးနှံအထွက်တိုးစေရန် သီးလှည့်စိုက်ပျိုးခြင်း (ပြောင်း၊ မြေပဲ၊ ပဲပုတ်) ကဲ့သို့ သီးနှံများနှင့် သီးလှည့်စိုက်ပျိုးပါ။ ရေရရှိရန် သေချာပါက နွေနှမ်းကို စိုက်ပျိုးသင့်သည်။ နှမ်းပင်သည် ရေပေးသွင်းပြီး စိုက်ပျိုးနိုင်လျှင် အထွက်နှုန်းကောင်းမွန်သည်။ နွေနှမ်း (ရေသွင်းနှမ်း) စိုက်လျှင် သတိထားရမည့်အချက်များမှာ စိုက်ချိန်စောလွန်းလျှင် အပင်ပေါက်နှုန်းမကောင်းခြင်းနှင့် စိုက်ချိန်နောက်ကျလျှင်လည်း မိမိစိုက်သည့်မျိုး၏ သက်တမ်းကိုလိုက်၍ မိုးလွတ်စေရန် ချင့်ချိန်စိုက်သင့်သည်။ ရေသွင်းနှမ်းကို ဖေဖော်ဝါရီလလယ်မှ မတ်လအတွင်း စိုက်ပျိုးသင့်သည်။

**မိုးနှမ်း**

မိုးနှမ်းကို မေလမှ စက်တင်ဘာလအတွင်း စိုက်ပျိုးကြသည်။ မိုးနှမ်းကို မေလတွင် ပထမမိုးရလျှင်ရခြင်း အစိုဓာတ်လုံလောက်ပါက စိုက်ပျိုးသင့်သည်။ ယေဘုယျအားဖြင့် နှမ်းသီးနှံသည် လုံလောက်သောရေအစိုဓာတ် ထိန်းထားနိုင်ရန်အတွက် ရေသွင်းရေထုတ်ကောင်းပြီး သဲဆန်သော မြေကိုနှစ်သက်သည်။ မြေကိုမှုန့်ညက်အောင် ထွန်ယက်ခြင်းတို့ကို ဆောင်ရွက်သင့်သည်။ မြေဆီလွှာတွင် သဘာဝမြေဩဇာ တစ်ကေလျှင် ၃ တန်မှ ၅ တန်နှုန်း ထည့်သွင်းပေးပါ။ ဥပမာ- မြေဆွေး၊ နွားချေး ထည့်ပေးပါ။ မြေချဉ်ငံဓာတ်(PH ၅ ဒသမ ၅ မှ ၇ ဒသမ ၀) အတွင်းရှိသင့်သည်။ ယူရီးယား ၅၆ ပေါင်၊ တီစူပါ ၅၆ ပေါင်နှင့် ပိုတက်ရှ် ၂၈ ပေါင်နှုန်းကို စိုက်ရန် ထယ်ရေးပြင်ချိန်တွင် ထည့်ပေးပါ။ အဖူးစတင်ဝင်ချိန်တွင် တစ်ကေလျှင် ယူရီးယား ၂၈ ပေါင်နှုန်းနှင့် ပန်းဖြိုင်ဖြိုင်ပွင့်ချိန်တွင် ယူရီးယား ၂၈ ပေါင်နှုန်းစီ ထပ်မံထည့်သွင်းပေးပါ။ မိုးနှမ်းသည် မိုးကိုအားပြု၍ စိုက်ပျိုးရသော သီးနှံဖြစ်သည့်အတွက် မိုးနည်းလွန်းခြင်းနှင့် မိုးများလွန်းခြင်းကို ဂရုပြု၍ စီမံဆောင်ရွက်သင့်သည်။ နှမ်းခင်းပတ်လည်တွင် စိမ့်မြောင်း၊ ပတ်မြောင်းများထား၍ စီမံဆောင်ရွက်ကြရမည်။

**ဆောင်းနှမ်း**

ဆောင်းနှမ်းကို အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း စိုက်ပျိုးကြသည်။ စက်တင်ဘာလအတွင်း အပြီးစိုက်ပျိုးနိုင်လျှင် ပိုမိုကောင်းမွန်သည်။ ဆောင်းနှမ်းသည် ရေမဝပ်သော သဲနှုန်းမြေ သို့မဟုတ် နုန်းမြေတွင် ကောင်းစွာဖြစ်ထွန်းသည်။ မစိုက်ပျိုးမီ မြေကို နှံ့စပ်စွာမွှေပေးပြီး မြေပြင်ညီညာ စေရန် အလေးထားဆောင်ရွက်ပါ။ မြေဆီလွှာတွင် သဘာဝမြေဩဇာတစ်ကေလျှင် ၃ တန်မှ ၅ တန်နှုန်း ထည့်သွင်းပေးပါ။ မြေချဉ်ငံဓာတ်(PH ၅ ဒသမ ၅ မှ ၇ ဒသမ ၀) အတွင်းရှိသင့်သည်။ ယူရီးယာ ၅၆ ပေါင်၊ တီစူပါ ၅၆ ပေါင်နှင့် ပိုတက်ရှ် ၂၈ ပေါင်နှုန်းကို စိုက်ထယ်ရေးပြင်ချိန်တွင် ထည့်ပေးပါ။ အဖူးစတင်ဝင်ချိန်တွင် တစ်ကေလျှင် ယူရီးယား ၂၈ ပေါင်နှုန်းနှင့် ပန်းဖြိုင်ဖြိုင်ပွင့်ချိန်တွင် ယူရီးယား ၂၈ ပေါင်နှုန်းစီ ထပ်မံထည့်သွင်းပေးပါ။ ဒေသအလိုက်ခံနိုင်ရည်ရှိသော ဆောင်းနှမ်းမျိုးကို ရွေးချယ်စိုက်ပျိုးပါ။ ဆောင်းနှမ်းသည် ရေလိုအပ်မှုနည်းသော်လည်း အပင်ငယ်စဉ်တွင် ရေမပြတ်စေရန် လိုအပ်သည်။ မြေတွင်စိုစွတ်မှုရှိစေရန် ၇ ရက် သို့မဟုတ် ၁၀ ရက်တစ်ကြိမ် ရေသွင်းပါ။ ရေဝပ်ခြင်းမဖြစ်စေရန် ဂရုပြုပါ။ စိုက်ပြီး ၁၅ ရက်မှ ၂၀ ရက်အတွင်း ပေါင်းလိုက်ပေးပါ။ လိုအပ်ပါက ပေါင်းသတ်ဆေး အသုံးပြုနိုင်သည်။ ဖြုတ်ကောင်၊ ပျပိုး၊ ရွက်စားဖလံပိုးများကို ကြိုတင်ကာကွယ်ရန် ပိုးသတ်ဆေးဖျန်းပေးပါ။ မှိုရောဂါများအတွက် မှိုသတ်ဆေး အသုံးပြုနိုင်သည်။ စနစ်တကျစိုက်ပျိုးပါက တစ်ကေလျှင် အထွက်နှုန်းမြင့်မားစွာ ရရှိနိုင်သည်။ နှမ်းရိတ်သိမ်းပြီး နောက်ပိုင်းမျှော်မှန်းအထွက်နှုန်းရရှိစေရန် စည်းထောင်ခြင်း အခြောက်ခံခြင်းကို အလေးထားဆောင်ရွက်သင့်သည်။ သန့်စင်ပြီး နှမ်းများကို မျိုးအဖြစ် အသုံးပြုမည်ဆိုပါက အစိုဓာတ် ကိုး ရာခိုင်နှုန်းထိ ရရှိအောင် အခြောက်ခံပြီး လေလုံအောင်ပိတ်၍ သိုလှောင်သိမ်းဆည်းသင့်သည်။

နှမ်းသီးနှံမှ ထုတ်လုပ်နိုင်သော တန်ဖိုးမြင့်ထုတ်ကုန်များမှာ နှမ်းဆီ၊ နှမ်းယို၊ နှမ်းလှော်၊ နှမ်းဖတ်၊ နှမ်းလှော်ဆီမွှေး စသည်တို့ဖြစ်ကြသည်။ မြန်မာရိုးရာ အရွက်စုံသုတ်များတွင် နှမ်းလှော်ကို ထောင်း၍ ထည့်သွင်းစားသုံးကြသည်။ နှမ်းဆီကို ကလေးငယ်များ လေထိုးခြင်း၊ ဗိုက်အောင့်ခြင်းများတွင် လူးဆေးတစ်မျိုးမျိုးဖြင့်ရော၍ ပွတ်လိမ်းပေးခြင်းဖြင့် ကျန်းမာရေးအတွက် ကောင်းမွန်သည်ကိုလည်း တွေ့ရသည်။

နှမ်းသီးနှံကို စနစ်တကျစိုက်ပျိုးထုတ်ခြင်းဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်လာခြင်းနှင့်အတူ တောင်သူလယ်သမားများ၏ဝင်ငွေလည်း တိုးတက်လာမည်ဖြစ်သည်။ အထူးသဖြင့် နှမ်းရိတ်သိမ်းပြီးနောက် စည်းထောင်စနစ်ဖြင့် နေလှန်းအခြောက်ခံပြီး သန့်စင်နိုင်မှသာ နှမ်းစေ့များတွင် free fatty acid ကင်းစင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုသို့ သန့်စင်ထားသောနှမ်းသည် ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးကင်းသောဆီကို ပြည်သူများ စိတ်ချစွာ စားသုံးနိုင်မည်ဖြစ်သည်။ ထို့အတူ ပိုလျှံသော နှမ်းများကိုလည်း ပြည်ပသို့ တင်ပို့နိုင်သဖြင့် နိုင်ငံခြားဝင်ငွေများ တိုးတက်ရရှိနိုင်သည်။ ထို့ကြောင့် တောင်သူများ၏ အကျိုးစီးပွားသာမက နိုင်ငံ့စီးပွားကိုပါ တိုးတက်ရရှိလာစေသောကြောင့် နှမ်းသီးနှံကို စနစ်တကျစိုက်ပျိုးထုတ်လုပ်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# မိတ္ထီလာမြို့နယ် သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ၁၄၃ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်


ယခင်နှစ်က လောင်းလှေပြိုင်ပွဲကို တွေ့ရစဉ်။

**မိတ္ထီလာ စက်တင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် သမိုင်းဝင် ဖောင်တော်ဦးစေတီတော် ၁၄၃ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို စက်တင်ဘာ ၁၉ ရက်မှ စက်တင်ဘာ ၂၉ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဖောင်တော်ဦးစေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်ညိုထံမှ သိရသည်။

အဆိုပါ ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်တွင် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲကို အကြီးတန်းနှင့် အငယ်တန်း ဟူ၍ ခွဲခြားကျင်းပသွားမည်ဖြစ်ပြီး အဆိုပါလောင်းလှေပြိုင်ပွဲသို့ မိတ္ထီလာမြို့ပေါ် ရပ်ကွက်များနှင့် လူးခင်းကြီး၊ နွားစမ်းတောင်၊ အင်းပက်လက်၊ အုတ်နဲ့ဘုတ် စသည့် ကျေးရွာများမှ ပြိုင်ပွဲဝင်လှေအသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

"တော်သလင်းလဆန်း ၈ ရက်မှာ ဖောင်တော်ဦးစေတီတော် ဘုရားအနေကဇာတင်တာ၊ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ဆွမ်းနဲ့ လှူဖွယ်ဝတ္ထုတွေ ဆက်ကပ်လှူဒါန်းတာတွေ၊ ဆွမ်းသပိတ်လောင်းလှူပွဲ၊ မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲတွေကို ထည့်သွင်းကျင်းပသွားမှာ ဖြစ်ပါတယ်" ဟု ဦးခင်ညိုက ပြောပြသည်။

အဆိုပါ သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်တွင် လောင်းလှေပြိုင်ပွဲများအပြင် ခြင်းအလှခတ်ပွဲ၊ ပျော်ပွဲရွှင်ပွဲနှင့် ပွဲဈေးတန်းများ၊ အရောင်းပြခန်းများကို ထည့်သွင်းပြသရောင်းချမည်ဖြစ်ကြောင်း သိရသည်။ ASH

# လွန်ဆန်မရတဲ့စည်း ရုပ်သံဇာတ်လမ်းကို SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်ဖြစ်

**ရန်ကုန် စက်တင်ဘာ ၂**

လွန်ဆန်မရတဲ့စည်း ရုပ်သံဇာတ်လမ်းကို SKYPREMIER HD ရုပ်သံလိုင်းမှ စက်တင်ဘာ ၅ ရက်တွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွင် ပါဝင်ထားသူ သရုပ်ဆောင် ဇေရဲထက်ထံမှ သိရသည်။

လွန်ဆန်မရတဲ့စည်း ရုပ်သံဇာတ်လမ်းသည် တစ်ပိုင်းတည်းအပြီးဇာတ်လမ်းဖြစ်ပြီး ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ကိုလွင်(စနိုးပို့က်)က ရေးသားပေးထားကာ ဒါရိုက်တာ မောင်မောင်ဦး(စနိုးပို့က်)က ခင် ဗီဒီယိုထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။




"မိဘတွေရဲ့အယူသီးမှုကြောင့် ဝေးကွာခဲ့ရတဲ့ ချစ်သူနှစ်ဦး ပြန်ဆုံတွေ့ကြတဲ့အခါ ရင်ထဲမှာ အရင်လို အချစ်စိတ်တွေရှိနေသေးပေမဲ့ အရင်လို လွတ်လပ်ခွင့်တွေမရှိတော့ဘူး။ စောင့်ထိန်းရမဲ့ကတိတွေနဲ့ လွန်ဆန်လို့မရတဲ့ စည်းဘောင်တွေကြားမှာ ရှေ့ဆက်ဖို့ခက်ခဲနေတဲ့အခါ ဘယ်လို ရှေ့ဆက်သွားမယ်ဆိုတာ စောင့်ကြည့်ပေးပါအုံး"ဟု သရုပ်ဆောင် ဇေရဲထက်က ပြောပြသည်။

အဆိုပါ လွန်ဆန်မရတဲ့စည်း ရုပ်သံဇာတ်လမ်းတွင် သရုပ်ဆောင်များအဖြစ် ဇေရဲထက်၊ ကျော်ကျော်၊ ရန်ပိုင်စိုး၊ ဇော်ထက်၊ လင်းနေ၊ နန္ဒာဝင်း၊ မေသဇင်အောင်၊ ဟန်နီဟိန်းသစ်၊ မာယုသာ၊ သူဇာပွင့်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။ ASH

# ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်း၏ မွေးနေ့မင်္ဂလာနှစ်ပါး ဇာတ်သဘင်ဖျော်ဖြေပွဲကို ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ ပြုလုပ်မည်

**ရန်ကုန် စက်တင်ဘာ ၂**

ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်း၏ မွေးနေ့မင်္ဂလာနှစ်ပါး ဇာတ်သဘင်ဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ စက်တင်ဘာ ၁၂ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်းထံမှ သိရသည်။

အဆိုပါ ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်း၏ မွေးနေ့မင်္ဂလာနှစ်ပါး ဇာတ်သဘင်ဖျော်ဖြေပွဲတွင် တင်မောင်ဆန်းမင်းဝင်း၏ ဇာတ်သဘင်ဖျော်ဖြေမှုအပြင် သဘင်၊ ရုပ်ရှင်၊ ဂီတ အနုပညာရှင်ပေါင်းများစွာက ပါဝင်အားဖြည့်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မွေးနေ့ပွဲမှာတော့ သဘင်၊ ရုပ်ရှင်၊ ဂီတ အနုပညာရှင်များစွာရဲ့ အခမ်းနားဆုံးဖျော်ဖြေတင်ဆက်မှုတွေနဲ့ တင်ဆက်ပေးသွားမှာဖြစ်လို့ သဘင်ချစ်သူတို့ ပျော်ရွှင်ကြည်နူးရမဲ့ ညတစ်ညဖြစ်မှာအသေအချာပါပဲ။ ဧည့်သည်တော်တွေရဲ့ ဖျော်ဖြေမှုအပြင် ပွဲအစကနေအဆုံးထိ ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ အစီအစဉ်တွေ အပြည့်ပါဝင်မှာမို့ သဘင်ချစ်သူအားလုံးကို မွေးနေ့မင်္ဂလာနှစ်ပါး ဇာတ်ပွဲကို လာရောက်အားပေးဖို့ ဖိတ်ခေါ်လိုက်ပါတယ်"ဟု ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်းက ပြောပြသည်။

အဆိုပါ ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်း၏ မွေးနေ့မင်္ဂလာနှစ်ပါး ဇာတ်သဘင်ဖျော်ဖြေပွဲကို အမျိုးသားဇာတ်ရုံ(ရန်ကုန်) ၌ စက်တင်ဘာ ၁၂ ရက် ညနေ ၃ နာရီမှ ည ၉ နာရီထိ ဖျော်ဖြေတင်ဆက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Miami Vice 85 ဇာတ်ကား၌ မင်းသား ဒန်နီရာမီးရက်လည်း ပါဝင်လာ

**နယူးယောက် စက်တင်ဘာ ၂**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Miami Vice 85 ရုပ်ရှင်ဇာတ်ကားတွင် မင်းသား ဒန်နီရာမီးရက်ပါဝင်လာကြောင်း စက်တင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

အဆိုပါ Miami Vice 85 ဇာတ်ကားတွင် မင်းသား ဒန်နီရာမီးရက်သည် မင်းသား မိုက်ကယ်ဘီဂျော်ဒန်၊ အော်စတင်ဘတ္တလာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Miami Vice 85 ဇာတ်ကားသည် နာမည်ကျော် မှုခင်းရုပ်သံဇာတ်လမ်းတွဲဖြစ်သည့် Miami Vice 85 ဇာတ်လမ်းတွဲများကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြောင်းလဲရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Miami Vice 85 ဇာတ်ကားကို ဒါရိုက်တာ ဂျိုးဆက်ကိုစင်စကီးက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒန်းဂျီရှိုင်းက တာဝန်ယူရေးသားပေးထားသည်။

ယူနီဗာဆယ် ကုမ္ပဏီသည် Miami Vice 85 ဇာတ်ကားကို ၂၀၂၈ ခုနှစ် မေ ၁၉ ရက်တွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# Deadlocked ဇာတ်ကား၌ မင်းသမီး ဆာရှာကယ်လီ ပါဝင်မည်

**နယူးယောက် စက်တင်ဘာ ၂**

Amazon MGM စတူဒီယို၏ Deadlocked ဇာတ်ကား၌ မင်းသမီး ဆာရှာကယ်လီ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း စက်တင်ဘာ ၁ ရက် သတင်းများအရ သိရသည်။

Deadlocked ဇာတ်ကားတွင် မင်းသမီး ဆာရှာကယ်လီသည် မင်းသား ဂျေမီဖောက်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Deadlocked ဇာတ်ကားတွင် တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်နေသည့် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး ခားစာခံဖမ်းဆီးမှုပြဿနာတစ်ရပ်ကို ဖြေရှင်းရန်ကြိုးပမ်းခဲ့ရပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Deadlocked ဇာတ်ကားကို ဒါရိုက်တာ နစ်ဟီးဘက်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အားရစ်စကော့အန်ဒါဆင်နှင့် မက်တာကီဂျီရိုတို့က ပူးတွဲရေးသားပေးထားသည်။

မင်းသမီးဆာရှာကယ်လီသည် ဝါနာဘရားသား၏ The Flash ဇာတ်ကားဖြင့် ထင်ရှားလာသည့် လက်တင်မင်းသမီးတစ်လက်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# Ceremony to honour soldiers from Tatmadaw (Army, Navy and Air), children of in-service soldiers and war veterans, and children of civilian employees in military substitute positions, who passed the matriculation examination and technological, agricultural, and animal husbandry university entrance examinations for academic year 2025-2026 with flying colors and students from basic education schools who received outstanding student award held



**General Ye Win Oo presents honorary badge, award, and certificate of honor to the principal in charge of a basic education high school under the Directorate of Public Relations and Psychological Warfare.**



**Daw Nilar awards an outstanding student.**

**Nay Pyi Taw September 2**

A ceremony to honour soldiers from Tatmadaw (Army, Navy and Air), children of in-service soldiers and war veterans, and children of civilian employees in military substitute positions, who passed the matriculation examination and technological, agricultural, and animal husbandry university entrance examinations for academic year 2025-2026 with flying colors and students from basic education schools who received outstanding student awards took place at Zeyathiri Villa in Nay Pyi Taw this afternoon. Commander-in-Chief of Defence Services General Ye Win Oo attended the ceremony and presented prizes.

Also present at the ceremony together with General Ye Win Oo were his wife Daw Nilar, Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin and wife Daw Nang Kue Ku, union ministers and wives, the Chief of General Staff (Army, Navy and Air) and wife, the Commander-in-Chief (Navy) and wife, the Commander-in-Chief (Air) and wife, senior military officers from the Office of the Commander-in-Chief and wives, the chairman and central executive committee members of Myanmar War Veterans Organization, administrators and heads of Tatmadaw basic education schools and Tatmadaw education schools, prize winner soldiers and students, parents, teachers and invited guests.

In his honorary speech, Commander-in-Chief of Defence Services General Ye Win Oo said the Tatmadaw is holding the annual ceremony to present outstanding awards in education to acknowledge and honour the efforts, zeal, perseverance, diligence and energy of youths. It is also a ceremony to enable young people to taste the fruits of success, and to serve as a lifelong drive for success.

At this ceremony, 53 all-subject distinction winner students, 120 five-subject distinction winner students, 29 outstanding students, four three-subject distinction winner soldier students, five two-subject distinction winner soldier students, eight one-subject distinction winner soldier students, along with the Tatmadaw BEHSs and Tatmadaw education schools with the best pass rates will be deservingly honoured. Prizes will be presented to the remaining award-winners at the relevant military command headquarters.

The outstanding youths here will have to pursue higher university education based on the scores they achieved. If they are able to choose the higher education branch based on their own passions, it will be the best for their life and success and will provide support for the country.

As it is now the age of technology, there is a daily rise in the number of mobile phone and social platform users. And the users include a large diversity of ages, from pre-kindergarten children to university students. There are youths whose lives were ruined after been driven towards the wrong path by the fallacious concepts they received from false information on various social platforms. Future threats have become visible due to gradual loss of interest in moral teachings, and study on capacity building among youths.

In this regard, parents must properly discipline their children over their use of social media. Good literature is one of man's best companions. By reading good literature, thinking power, decision-making ability and the standard of life will enhance more and more. As reading enriches not only academic knowledge but also wisdom and practical skills, people should nurture their reading habit from their childhood days.

He stated that military officers and soldiers serve anywhere in various territories of the nation as assigned, fulfilling their duties while working to advance their families' education, health, and social aspects. He added that those who successfully ensure their children's educational excellence amidst life's challenges are recorded in history not only as good soldiers of the nation but also as good parents of their families. He expressed great pride and delight that the youth who strove and succeeded under their parents' guidance have distinguished themselves not only as precious children of their families but also as worthy gems of the nation.

He stated that the Tatmadaw is promoting educational standards across two sectors: elevating education for military personnel and advancing educational opportunities for their family members. He noted that while military educational schools enhance the qualifications of personnel, continuous efforts are carried out in collaboration with the Ministry of Education to ensure family members succeed from basic to higher education. He added that for the current 2026-2027 academic year, two Tatmadaw youth training schools were opened in Nay Pyi Taw and Yangon, covering Upper and Lower Myanmar, respectively. He emphasized that these newly established schools are teaching family members of serving and retired military personnel, as well as anyone interested in the Tatmadaw's educational initiatives, with new applicants always welcome.

He urged the youth to build upon their existing drive for excellence, firm determination established from an early age, and passion for success to achieve further distinction in their chosen higher university studies. He added that they should continue striving with an eager, burgeoning spirit to learn and master everything necessary for their lives, families, and the nation, thereby preparing themselves to assume the future responsibilities of the state.

Adjutant-General Lt-Gen Zaw Hein then presented details regarding the awards won by outstanding soldiers, children of military personnel, children of veterans, and children of civilian replacement staff who excelled in the 2025-2026 academic year matriculation exam and technical, agricultural, and livestock matriculation exams, as well as outstanding student award-winning students, and the Tatmadaw education schools and basic education schools that secured first, second, and third prizes for the highest pass rates.

During the honor award presentation ceremony, Commander-in-Chief of Defence Services General Ye Win Oo presented honorary badges, awards, and certificates of honor to three principals in charge of basic education high schools under the Directorate of Public Relations and Psychological Warfare that achieved first, second, and third prizes for the highest pass rates in the 2025-2026 academic year matriculation exam, as well as three outstanding student award winners and two outstanding students who passed with six distinctions.

Subsequently, Daw Nilar, wife of the Commander-in-Chief of the Defence Services, presented commemorative medals, *See Page 13*

# Myanmar's Response to the Statements and Remarks made by certain countries with regard to the incidents that took place in northern Rakhine State in August 2017

## (3 September 2026, Nay Pyi Taw)

It has been observed that certain countries issued statements, made remarks, posted on social media including Facebook and X and published news in reference to the incidents that took place in northern Rakhine State on 25 August 2017.

These statements and remarks did not accurately reflect the situation on the ground and failed to acknowledge that the subsequent incidents in northern Rakhine State were caused by the coordinated and premeditated attacks by ARSA terrorists.

What actually happened in northern Rakhine State is that the ARSA terrorists had committed terrorist attacks in October and November 2016 causing the loss of lives of Myanmar security personnel and civilians.

On 25 August 2017, the ARSA terrorists carried out simultaneous and coordinated attacks on 30 police outposts and a Regiment Headquarters in northern Rakhine State resulted in the deaths of Myanmar security personnel, government officials and innocent people while many others were injured.

However, certain countries have ignored the brutal acts committed by the ARSA terrorists. Terrorism in all its forms and manifestations must be condemned.

These terrorist attacks and threats driven by violence extremism of the ARSA terrorists led to the displacement of local ethnic residents to other towns and villages in Rakhine State and Bengalis from northern Rakhine State to Bangladesh. Therefore, it is important to highlight that the root causes of the incidents and the actual situation on the ground should not be overlooked, nor should any actions be taken that could undermine the image and dignity of Myanmar.

As a sovereign state, Myanmar has the right to protect itself and respond to any terrorist attacks against the State and its people by taking counter-terrorism measures. Moreover, Myanmar security personnel, in responding to these terrorist attacks, acted in accordance with the Rules of Engagement (RoE) to protect the innocent local populace and their properties to maintain peace and stability in Rakhine State.

Moreover, Myanmar categorically rejects the expression using a nomenclature that falsely claims an ethnic identity which has never existed in Myanmar. Therefore, the issuance of statements and remarks using such terminology for political purposes to gain political advantage over the related incidents in northern Rakhine State is unacceptable. Those actions would not contribute constructively to Myanmar's sincere efforts to repatriate the verified displaced persons in accordance with the agreements reached between Myanmar and Bangladesh in 2017 and 2018.

In addition, Myanmar reiterates its concern over allegations that all individuals residing in the camps in Bangladesh are listed as people from Myanmar. The repatriation of displaced persons is a matter to be resolved between the two countries. Myanmar is committed to working closely with Bangladesh and friendly countries to facilitate the voluntary return of verified displaced persons in a safe and dignified manner.

In this regard, Myanmar issued a Press Statement on its ongoing efforts on repatriation of displaced persons from Rakhine State on 15 August 2026.

Therefore, Myanmar rejects the politically motivated statements, remarks, social media posts made by certain countries and news articles without due consideration of the root causes of the said incidents and the actual situation on the ground.

**Ministry of Foreign Affairs**
**Nay Pyi Taw**
**Dated, 3 September 2026**

# Coordination for Repatriation of 1,476 Myanmar Nationals Detained in Immigration Detention Camps in Malaysia Currently Underway

**Nay Pyi Taw September 2**

The Government of Myanmar repatriated a total of 1,086 verified Myanmar nationals who were facing hardship and unable to afford to return to Myanmar after serving their respective sentences in immigration detention camps for illegal stay and violation of immigration regulations were repatriated from Malaysian immigration detention camps by Myanmar naval vessels on humanitarian basis in 2021.

Likewise, the relevant Myanmar authorities and Malaysian authorities have coordinated the repatriation of verified 1,476 Myanmar nationals under the same conditions by Myanmar naval vessels on 27 and 28 August 2026.

However, the Malaysian side subsequently informed that it would not be convenient to facilitate the Myanmar side's request on the aforementioned dates and proposed to reschedule the dates to 28 and 29 September 2026. Accordingly, the Government of Myanmar will re-arrange the repatriation on the proposed dates.

The Government of Myanmar has been putting great emphasis on safeguarding the interests of its nationals abroad, and is constantly providing necessary consular assistance and facilitate their repatriation through the relevant Myanmar embassies and Consulates-General to help and assist Myanmar nationals who are facing difficulties and hardships in foreign countries for various reasons.

**Ministry of Foreign Affairs**
**Nay Pyi Taw**
**Dated: 2 September 2026**

*From Page 12*

awards, and certificates of honour to three students who received the outstanding student award and to five students who excelled with distinctions in six subjects.

Following this, Deputy Commander-in-Chief of Defence Services and Commander-in-Chief (Army) General Kyaw Swa Lin presented commemorative medals, awards, and certificates of honour to three school administrators, three recipients of the outstanding student award and three students who passed the matriculation examination for the 2025–2026 academic year with distinctions in six subjects from Tatmadaw educational schools under the command of the Directorate of Public Relations and Psychological Warfare.

Continuing the ceremony, Daw Nan Kue Ku, wife of the Deputy Commander-in-Chief and Commander-in-Chief (Army) also presented commemorative medals, awards and certificates of honour to three "outstanding student" award recipients and six students who excelled with distinctions in six subjects.

Following this, Union Ministers and their wives, the Chief of General Staff (Army, Navy and Air) and wife, the Commander-in-Chief (Navy) and wife, the Commander-in-Chief (Air) and wife, the Chairman of the Central Executive Committee of Myanmar War Veterans Organization, along with senior military officers from the Office of the Commander-in-Chief and their wives, presented commemorative medals, awards and certificates of honour to outstanding students and soldiers who had achieved distinctions and outstanding student awards.

After the presentation of awards, a representative of the prize-winners delivered a vote of thanks on behalf of the awardees. Subsequently, Commander-in-Chief of the Defence Services General Ye Win Oo and party posed for a group commemorative photo with the award-winning students and soldiers, along with the responsible officials.

Following the photo session, General Ye Win Oo and his wife Daw Nilar hosted a refreshment reception for the attendees, including the award-winning soldiers, students, parents, and teachers. During the reception, artists from the Myawady Music Band, under the supervision of the Directorate of Public Relations and Psychological Warfare, performed youth tribute songs.

After the reception and entertainment, General Ye Win Oo and party cordially greeted and exchanged pleasantries with the outstanding students, soldiers, parents, and responsible officials, according to reports.

100


# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ဂျာမနီကုမ္ပဏီနှစ်ခုက လေကြောင်းရန်ကာကွယ်ရေးစနစ်မြှင့်တင်ရန် Passive Sensor နည်းစနစ်ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့



ဂျာမနီနိုင်ငံ၏ ကုမ္ပဏီနှစ်ခုဖြစ်သော Rheinmetall Air Defenseနှင့် Hensoldt တို့သည် လေကြောင်းရန်ကာကွယ်ရေးစနစ်မြှင့်တင်ရန် Passive Sensor နည်းစနစ်ကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ကြောင်း Interesting Engineering သတင်းဌာနက ဩဂုတ် ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းစမ်းသပ်မှုသည် ရေဒါနှင့် အခြားအာရုံခံစနစ်များမှ ရရှိသည့်အချက်အလက်များကို ကွန်ရက်တစ်ခုတည်းအတွင်း စုစည်းအသုံးပြုနိုင်စေရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

အဆိုပါစမ်းသပ်မှုကို ဂျာမနီနိုင်ငံ Manching ဒေသတွင် ပြုလုပ်ခဲ့သည့် Timber Express 2026 စစ်ရေးလေ့ကျင့်မှုအတွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ Rheinmetall Air Defenseနှင့် Hensoldt ကုမ္ပဏီတို့က Passive Sensor နည်းပညာကို လေကြောင်းရန်ကာကွယ်ရေးစနစ်အတွင်း ပေါင်းစပ်အသုံးပြုနိုင်မှုကို သရုပ်ပြခဲ့ကြသည်။

လေ့ကျင့်မှုအတွင်း Hensoldt ၏ Twinvis Passive Radar က ရှာဖွေတွေ့ရှိသည့် လေကြောင်းအခြေအနေပြမြေပုံ (Air Picture)ကို Rheinmetall ကုမ္ပဏီ၏ Skymaster Command and Weapon Engagement System အတွင်းသို့ အောင်မြင်စွာ ထည့်သွင်းပေါင်းစပ်နိုင်ခဲ့သည်။ Skymaster စနစ်သည် လေ့ကျင့်ခန်းအတွင်း တပ်ဖြန့်ထားသည့် Skynex လေကြောင်းရန် ကာကွယ်ရေးစနစ်များကို ကွပ်ကဲထိန်းချုပ်ပေးသည့်စနစ်ဖြစ်ကြောင်း သိရသည်။

အဆိုပါစမ်းသပ်မှုကို NATO ၏ ကွန်ရက်ချိတ်ဆက်စနစ်များနှင့် ကိုက်ညီသည့် အခြေအနေများအောက်တွင် ဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် Skymaster စနစ်သည် မတူညီသော အာရုံခံကိရိယာများမှ ရရှိသည့် အချက်အလက်များကို ပေါင်းစပ်အသုံးပြုနိုင်ကြောင်း ပြသနိုင်ခဲ့သည်။

ထို့ပြင် NATO ၏ Link 16 Data Link Network အတွင်း အာရုံခံကိရိယာများမှ ရရှိသည့်အချက်အလက်များကို အတူတကွစုစည်းပြီး ဘုံလေကြောင်းအခြေအနေပြမြေပုံကို ဖန်တီးနိုင်ခဲ့သည်။ ၎င်းက မတူညီသည့်နေရာများရှိ အာရုံခံစနစ်များက ရှာဖွေတွေ့ရှိသည့် ပစ်မှတ်အချက်အလက်များကို စနစ်တစ်ခုတည်းအတွင်း မျှဝေအသုံးပြုနိုင်ကြောင်း ပြသခြင်းဖြစ်သည်။

Hensoldt ၏ Twinvis Passive Radar စနစ်သည် လေကြောင်းပစ်မှတ်များကို ရှာဖွေတွေ့ရှိခြင်းနှင့် ခြေရာခံခြင်းတို့တွင် ကောင်းမွန်သည့် စွမ်းဆောင်ရည်ကို ပြသခဲ့သည်။ ၎င်းစမ်းသပ်မှုက Passive Sensor နည်းပညာကို လေကြောင်းရန်ကာကွယ်ရေး လုပ်ငန်းများတွင် လက်တွေ့အသုံးချနိုင်ကြောင်း ထပ်မံအတည်ပြုပေးခဲ့သည်။

Passive Radar ဆိုသည်မှာ မိမိဘက်မှ ရေဒါလှိုင်းများကို ကိုယ်တိုင်ထုတ်လွှင့်ခြင်းမပြုဘဲ ပြင်ပမှ ရှိနေသည့် လှိုင်းအချက်အလက်များကို အသုံးပြု၍ လေကြောင်းပစ်မှတ်များကို ရှာဖွေခြင်းနှင့် ခြေရာခံခြင်းပြုလုပ်သည့် စနစ်ဖြစ်သည်။

ထို့ကြောင့် မိမိဘက်မှ ရေဒါလှိုင်းများ မထုတ်လွှင့်ရသည့်အတွက် အာရုံခံကိရိယာ၏ တည်နေရာကို ရန်သူက ရှာဖွေဖော်ထုတ်ရန် ပိုမိုခက်ခဲနိုင်သည်။ ၎င်းက လေကြောင်းရန်ကာကွယ်ရေးစနစ်၏ ရှင်သန်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်သည့် အားသာချက်တစ်ရပ်ပင် ဖြစ်သည်။

**Networked air defense could get major boost with integrated passive sensor tech ကို ဘာသာပြန်ဆိုထားပါသည်။**

# အမေရိကန်ကြည်းတပ်က LOCUST လေဆာလက်နက်စနစ်များကို Aero Vironment ကုမ္ပဏီထံမှ လက်ခံရရှိ

အမေရိကန်ကြည်းတပ်သည် AeroVironment ကုမ္ပဏီထုတ် 20kW အတန်းအစား LOCUST လေဆာလက်နက်စနစ်များကို လက်ခံရရှိခဲ့ကြောင်း Interesting Engineering သတင်းဌာနက ဩဂုတ် ၃၁ ရက်တွင် ဖော်ပြခဲ့သည်။

အဆိုပါစနစ်သည် ဒရုန်းတန်ပြန်ရေးစနစ် (C-UAS)အဖြစ် အသုံးပြုနိုင်ပြီး General Motors Defense ကုမ္ပဏီထုတ် Infantry Squad Vehicle (ISV) ယာဉ်ပေါ်တွင် တပ်ဆင်ထားသည့် ရွေ့လျားအသုံးပြုနိုင်သော လေဆာလက်နက်စနစ်ဖြစ်သည်။

အဆိုပါစနစ်များသည် အမေရိကန်ကြည်းတပ်၏ ဘက်စုံသုံး မြင့်မားသော စွမ်းအင်သုံး လေဆာ(AMP-HEL) ရွေ့ပြောင်းစနစ်ဖွံ့ဖြိုးရေး အစီအစဉ်အောက်တွင် လျင်မြန်သော စွမ်းဆောင်ရေးများနှင့် အရေးကြီးသောနည်းပညာများ ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ISV ယာဉ်ပေါ်တွင် လေဆာစနစ်ကို တပ်ဆင်ထားခြင်းကြောင့် ရှေ့တန်းတွင် ဖြစ်ပေါ်လာနိုင်သည့် ဒရုန်းခြိမ်းခြောက်မှုများကို တုံ့ပြန်ရန်အတွက် စနစ်ကို လိုအပ်သည့်နေရာသို့ ရွေ့ပြောင်းအသုံးပြုနိုင်မည့် အားသာချက်ရရှိစေမည်ဖြစ်သည်။

AeroVironment ကုမ္ပဏီ၏ Space & Directed Energy Group မှ အကြီးတန်းဒုတိယဥက္ကဋ္ဌ Mary Clum က AMP-HEL အစီအစဉ်အတွင်း အသုံးပြုသည့် LOCUST လေဆာစနစ်သည် စမ်းသပ်မှုများမှတစ်ဆင့် ယုံကြည်စိတ်ချရမှုနှင့် စစ်ဆင်ရေးအသင့်ဖြစ်မှုတို့ကို သက်သေပြထားပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။ ၎င်းစနစ်သည် ဒရုန်းများကို တိုက်ဖျက်ရန်အတွက် တိုက်ရိုက်စွမ်းအင်သုံး နည်းပညာကို အသုံးပြုထားခြင်းဖြစ်သည်။

AMP-HEL ရွေ့ပြောင်းစနစ်များကို AeroVironment ကုမ္ပဏီ၏ နယူးမက္ကဆီကိုပြည်နယ်ရှိ စွမ်းအင်ထုတ်လုပ်ရေးစက်ရုံတွင် စနစ်ပေါင်းစပ်တပ်ဆင်ပြီးနောက် အရီဇိုနားပြည်နယ်တွင် လက်ခံစမ်းသပ်မှုများပြုလုပ်ခဲ့သည်။ ၎င်းစမ်းသပ်မှုများအတွင်း စနစ်၏စွမ်းဆောင်ရည်၊ ရွေ့လျားအသုံးပြုနိုင်မှု၊ လုံခြုံစိတ်ချရမှုနှင့် ပစ်မှတ်ကို ထိရောက်စွာ တိုက်ဖျက်နိုင်မှုတို့ကို စစ်ဆေးခဲ့သည်။

AMP-HEL အစီအစဉ်သည် အမေရိကန်ကြည်းတပ်၏ ခေတ်မီတပ်ဖွဲ့တည်ဆောက်ရေးလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ဒရုန်းများအပါအဝင် အမျိုးမျိုးသော လေကြောင်းခြိမ်းခြောက်မှုများကို တန်ပြန်နိုင်မည့် တိုက်ရိုက်စွမ်းအင်သုံး လက်နက်စနစ်များကို လက်တွေ့အသုံးချနိုင်သည့် အဆင့်သို့ မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ထားသည်။

ထို့ပြင် AeroVironment ကုမ္ပဏီသည် AMP-HEL အစီအစဉ်၏ ဒုတိယအဆင့်အဖြစ် 20kW အတန်းအစား LOCUST လေဆာစနစ်၊ ရေဒါနှင့် ကွပ်ကဲထိန်းချုပ်ရေးစနစ်များ တပ်ဆင်ထားသည့်





JLTV ယာဉ်နှစ်စီးကိုလည်း အမေရိကန်ကြည်းတပ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ အဆိုပါ JLTV ယာဉ်နှစ်စီးကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလက ပေးအပ်ခဲ့ကြောင်း အဆိုပါကုမ္ပဏီက တရားဝင်ထုတ်ပြန်ထားသည်။

AMP-HEL စနစ်၏ အရေးပါမှုမှာ ဒရုန်းများကို တန်ပြန်ရာတွင် ဒုံးကျည်အခြေပြု ကြားဖြတ်စနစ်များအပြင် လေဆာစွမ်းအင်အသုံးပြုသည့် တိုက်ရိုက်စွမ်းအင်သုံးနည်းပညာကိုပါ ရွေ့လျားအသုံးပြုနိုင်သည့် ပုံစံဖြင့် တပ်ဖွဲ့များထံ ဖြန့်ကြက်လာခြင်း ဖြစ်သည်။

အထူးသဖြင့် လေဆာစနစ်ကို ISV ယာဉ်နှင့် JLTV ယာဉ်ကဲ့သို့ ရွေ့လျားနိုင်သည့် ယာဉ်ပလက်ဖောင်းများပေါ်တွင် တပ်ဆင်ထားခြင်းသည် ဒရုန်းခြိမ်းခြောက်မှု ဖြစ်ပေါ်သည့်နေရာသို့ လိုက်လျောညီထွေ ရွေ့ပြောင်းအသုံးပြုနိုင်စေသည်။ ထို့ကြောင့် အနာဂတ်လေကြောင်းရန်ကာကွယ်ရေးစနစ်များတွင် ဒုံးကျည်များ၊ အမြောက်များကဲ့သို့ ကြားဖြတ်စနစ်များနှင့်အတူ တိုက်ရိုက်စွမ်းအင်သုံးလေဆာစနစ်များကို ပေါင်းစပ်အသုံးပြုလာမည့် လမ်းကြောင်းကို AMP-HEL ရွေ့ပြောင်းအစီအစဉ်က ထင်ရှားစွာ ဖော်ပြနေကြောင်း သိရသည်။

**20kW high energy laser systems that can fry enemy's drones at rapid speed delivered to US Army ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# တမူးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၂၅၀၀ စိုက်ပျိုးမည်


ယခင်နှစ်က မုန်ညင်းစိုက်ခင်းကို တွေ့ရစဉ်။

**တမူး စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ်တွင် ယခုနှစ် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၂၅၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၂၅၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ ဆောင်းသီးနှံ စိုက်ပျိုးရာသီ တမူးမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၂၅၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ကိုက်လန်၊ ခရမ်းချဉ်၊ သခွား စတဲ့သီးနှံတွေကို အများဆုံး စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးသွားပါမယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးသိန်းက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးမျိုးသိန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဩဂုတ်လအတွင်း ငါးပြေမပိဿာချိန် ၄၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ပြီးခဲ့သည့် ဩဂုတ်လအတွင်း ငါးပြေမပိဿာချိန် ၄၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကုန်အမျိုးမျိုးကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ် ဇူလိုင်လအတွင်းက ငါးပြေမပိဿာချိန် ၄၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငါးပြေမပိဿာချိန် ၄၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဒေသထွက် ငါးပြေမတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းခဲ့တယ်။ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ငါးပြေမပိဿာချိန် ၄၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပြီးခဲ့တဲ့လတွေကထက် ပိဿာချိန် တော်တော်များများ ပိုမို တင်ပို့ရောင်းချခဲ့ရပါတယ်။



ဘိုကလေးမြို့နယ်ကနေ ငါးပြေမတွေအပါအဝင် ရေထွက်ကုန်မျိုးစုံကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချပါတယ်။ ငါးပြေမတွေ ဝယ်လိုအားကောင်းပြီး ဈေးကတော့ ပုံမှန်အခြေအနေမှာပဲ ရှိနေပါတယ်။ အခြားရေထွက်ကုန်တွေလဲ တင်ပို့ရောင်းချနေပါတယ်။ ငါးပြေမကတော့ အများဆုံး တင်ပို့ခဲ့ရတာပေါ့"ဟု ဘိုကလေးမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် လယ်ငါးပြေမနှင့် မွေးမြူရေးငါးပြေမ နှစ်မျိုး ထွက်ရှိပြီး ထွက်ရှိလာသည့် ငါးပြေမများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးပြေမ ၁၀ ပိဿာလျှင် ငွေကျပ် ၁၇၅၀၀၀ မှ ၁၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ငါးပြေမသည် ဈေးကွက်အခိုင်အမာရှိခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် ငါးပြေမအမျိုးအစားကို ထပ်တိုးမွေးမြူလာကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ညောင်ရွှေမြို့နယ် အလယ်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်ရွှေ စက်တင်ဘာ ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အလယ်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အလယ်မြောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၃၃ ဒသမ ၉ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလယ်မြောင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၃ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**




# ပြည်မြို့နယ် အနောက်လက်ခုပ်ပင်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်



**ပြည် စက်တင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အနောက် လက်ခုပ်ပင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သော်သော်သိန်းအေးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်း လုပ်ငန်းစဉ် အကြောင်းအရာများ၊ ကျေးရွာသူ၊ ကျေးရွာသားများမှ ပူးပေါင်းဆောင်ရွက်ပေးရမည့် အခြေအနေများ၊ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရန်နှင့် စာရင်းဇယားများ၊ ကျေးရွာအချက်အလက်များကောက်ယူရန် ကျေးရွာစီမံကိန်း ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းက ကျေးရွာစီမံကိန်း ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့် စီမံကိန်းနှင့် ပတ်သက်၍ ကဏ္ဍတစ်ခုချင်းအလိုက် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်သော်သော်သိန်းအေးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းတို့က အနောက်လက်ခုပ်ပင်ကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်မည့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP) စီမံကိန်းကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အနောက်လက်ခုပ်ပင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သော်သော်သိန်းအေးထံမှ သိရသည်။

**ကိုညို**





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ စစ်သည်များ၊ စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ အခြေခံပညာလူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

သားသမီးများ၊ အခြေခံပညာလူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန်၌ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက် ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုဆု များပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ တပ်မတော်ကာကွယ် ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်အတူ ဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး ဒေါ်နန်း ကူးကူပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံစစ်မှု ထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တပ်မတော်အခြေခံပညာ အထက်တန်းကျောင်းများနှင့် တပ်မတော် ပညာရေးကျောင်းများမှ အုပ်ချုပ်မှုတာဝန်ခံ အရာရှိများနှင့် ကျောင်းအုပ်ကြီးများ၊ ဆုရ စစ်သည်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများ၊ ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက ဂုဏ်ပြုအမှာ စကားပြောကြားရာတွင် တပ်မတော်အနေ ဖြင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲများကို နှစ်စဉ် ကျင်းပပေးနေခြင်းသည် လူငယ်မောင်မယ် များ၏ ကြိုးစားအားထုတ်ခဲ့မှုများ၊ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် စွမ်းအားများကို အသိအမှတ်ပြု သည့်အနေဖြင့် ဂုဏ်ပြုချီးမြှင့်ပေးခြင်းပင်ဖြစ် ကြောင်း၊ ထို့ပြင် လူငယ်မောင်မယ်များ၏ ရင်ထဲတွင် အောင်မြင်မှု၏အသီးအပွင့်များ ကိုခံစားတတ်ပြီး ဘဝတစ်လျှောက်အောင်မြင် မှုကို ရင်းနှီးခုံမင်တတ်သည့် စိတ်အမြုတေ တစ်ခုဖြစ်ပေါ်လာစေရန် ထုဆစ်ပုံဖော်ပေး ခြင်းလည်းဖြစ်ကြောင်း။

ယနေ့အခမ်းအနားတွင် ခြောက်ဘာသာ ဂုဏ်ထူးရရှိသူ ၅၃ ဦး၊ ငါးဘာသာဂုဏ်ထူး ရရှိသူဦးရေ ၁၂၀ ၊လူရည်ချွန်ဆုရရှိသူ ၂၉ ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ စစ်သည် လေးဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ စစ်သည် ငါးဦး၊ တစ်ဘာသာဂုဏ်ထူးရရှိသူ စစ်သည် ရှစ်ဦး



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး နှင့်ဇနီး ဒေါ်နီလာ၊ အခမ်းအနား တက်ရောက်လာကြသူများက လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ စစ်သည်များ၊ မိဘများနှင့် တာဝန်ရှိသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

တို့အပြင် အောင်ချက်အကောင်းဆုံးဖြစ်သည့် တပ်မတော် အခြေခံပညာအထက်တန်း ကျောင်းများ၊ တပ်မတော်ပညာရေးကျောင်း များကိုလည်း ထိုက်တန်စွာဂုဏ်ပြုချီးမြှင့် ပေးသွားမည်ဖြစ်ပြီး ကျန်ဆုရရှိသူများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

လူငယ်မောင်မယ်များအနေဖြင့် ယခုအခါ အခြေခံပညာအဆင့်ကို ထူးချွန်မှုများနှင့် အတူ အောင်မြင်ခဲ့ပြီးဖြစ်၍ ရရှိသည့်အမှတ် စာရင်းများအလိုက် အဆင့်မြင့်တက္ကသိုလ် ပညာရပ်များကို ဆက်လက်သင်ကြားသွား ကြရမည်ဖြစ်ကြောင်း၊ အဆင့်မြင့်တက္ကသိုလ် ပညာရပ်များကို သင်ကြားရန်အတွက် ရွေးချယ်ရာတွင် မိမိဝါသနာအပေါ်အခြေခံပြီး ရွေးချယ်နိုင်ကြမည်ဆိုပါက မိမိတို့ဘဝ ရပ်တည်ရေးနှင့် အောင်မြင်မှုများအတွက် အကောင်းဆုံးဖြစ်မည်ဖြစ်ပြီး နိုင်ငံတော် အတွက်လည်း များစွာအထောက်အကူပြုနိုင် မည်ဖြစ်ကြောင်း။

ယနေ့ကမ္ဘာကြီးသည် နည်းပညာခေတ် ဖြစ်သည်နှင့်အညီ Mobile Phone သုံးစွဲမှု နှင့်အတူ လူမှုကွန်ရက်ပလက်ဖောင်း အသီးသီးတွင် သုံးစွဲမှုများသည်လည်း တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာသည် ကိုတွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ သုံးစွဲမှု အရွယ်များကိုလေ့လာကြည့်ပါက KG မတိုင်မီအရွယ်အပါအဝင် အဆင့်မြင့် တက္ကသိုလ်ပညာသင်အရွယ်များထိ ပါဝင် နေသည်ကိုတွေ့မြင်နေရကြောင်း၊ လူမှု ကွန်ရက် ပလက်ဖောင်းမျိုးစုံကတစ်ဆင့် သတင်းတု၊ သတင်းမှားများဖတ်မိပြီး စိတ် အလိုလိုက်ကာ လွဲမှားသည့် အယူအဆ အမှားများကတစ်ဆင့် လမ်းမှား၊ ဘဝပျက်ခဲ့ ရသည့် လူငယ်များရှိနေသကဲ့သို့ လူငယ်များ ၏ လောကနီတိဖွံ့ဖြိုးမှုလူငယ်များ၏စွမ်းရည် မြင့်မားရေးဆိုင်ရာ လေ့လာမှုအပိုင်းများ တွင် စိတ်ပါဝင်စားမှုနှင့် လိုက်နာမှုများ တစ်စတစ်စလျော့ပါးလာသည့် အနာဂတ် အန္တရာယ်များကို တွေ့မြင်နေရကြောင်း။

ထို့ကြောင့် မိဘများအနေဖြင့် မိမိတို့၏ သားသမီးများ ဆိုရှယ်မီဒီယာများသုံးစွဲခြင်း ကို စည်းကမ်းတကျစီမံကြပ်မတ်ဆောင်ရွက် ပေးကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ လူသား တို့၏ ဘဝအဖော်မွန်ကောင်းတစ်ခု သည် စာကောင်းပေမွန်များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စာကောင်းပေမွန်များ ဖတ်ရှုခြင်း ဖြင့် ဘဝ၏စဉ်းစားတွေးခေါ်မှုများ၊ ဘဝ၏ ဆုံးဖြတ်ချက်များ၊ ဘဝရပ်တည်မှုများသည် မြင့်မားသည်ထက် မြင့်မားလာမည်ဖြစ် ကြောင်း၊ စာဖတ်ခြင်းသည် တတ်မြောက် ထားသည့် အတန်းပညာများသာမက အသိ ပညာ၊ အတတ်ပညာများကိုပါ ပိုမိုရင့်သန်စေ ခြင်းဖြစ်၍ လက်ရှိငယ်ရွယ်စဉ်ကတည်းက စာပေများဖတ်ရှုခြင်းဝါသနာကို မွေးမြူကြ ရန်လိုအပ်ကြောင်း။

တပ်မတော်သား အရာရှိ၊ စစ်သည်များ သည် နိုင်ငံတော်၏နယ်မြေအသီးသီးတွင် ကျရာတာဝန်ကို နေရာဒေသမရွေးထမ်း ဆောင်နေကြသူများပင်ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ကျရာနယ်မြေအသီးသီးတွင် ပေးအပ် လာသည့်ကျရာတာဝန်များကို ထမ်းဆောင် ကြရင်း ကိုယ်စီမိသားစုများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် ကဏ္ဍများကို တိုးတက်အောင် ထမ်းဆောင်နေကြသူများ ပင်ဖြစ်ကြောင်း၊ ထိုသို့ဘဝ၏စိန်ခေါ်မှုများ ကြားက မိမိတို့သားသမီးများ၏ ပညာရည် မြင့်မားရေးကို စွမ်းစွမ်းတမံကျေပွန်စွာထမ်း ဆောင်နိုင်ခဲ့ကြသူများသည် နိုင်ငံတော်၏ စစ်သည်တော်ကောင်းများ ဖြစ်သကဲ့သို့ မိသားစု၏ မိဘကောင်းများအဖြစ်လည်း သမိုင်းမှတ်တမ်း တင်နိုင်ခဲ့ကြသူများဖြစ် ကြောင်း၊ မိဘ၏အရိပ်အောက်မှ ကြိုးစား အောင်မြင်ခဲ့ကြသည့် လူငယ်မောင်မယ်တို့ အနေဖြင့်လည်း မိသားစု၏သားသမီးကောင်း ရတနာများအဖြစ်သာမက နိုင်ငံ့သားကောင်း ရတနာများအဖြစ်ပါ ဆင့်ကဲကမ္ပည်းထိုးနိုင် ခဲ့မှုအတွက်လည်း များစွာဂုဏ်ယူဝမ်းမြောက် ပါကြောင်း။

မိမိတို့တပ်မတော်အနေဖြင့် ပညာရည် မြင့်မားရေးကိုဆောင်ရွက်ရာတွင် ကဏ္ဍ နှစ်ခုကိုအပိုင်းခွဲဖော်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်သားများ၏ ပညာရည်မြင့်မား ရေးနှင့် တပ်မတော်သားမိသားစုဝင်များ ၏ ပညာရည်မြင့်မားရေးပင်ဖြစ်ကြောင်း၊ တပ်မတော်သားများ၏ပညာရည်မြင့်မားရန် အတွက် တပ်မတော်ပညာရေးကျောင်းများ နှင့် အကောင်အထည်ဖော်ဆောင်ရွက်နေ သကဲ့သို့ တပ်မတော်သားမိသားစုဝင်များ၏ ပညာရည်မြင့်မားရေးအတွက်လည်း ပညာ ရေးဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး အခြေခံပညာ ရေးမှသည် အဆင့်မြင့်ပညာရေးထိသင်ကြား အောင်မြင်နိုင်ရေးအစဉ်တစိုက်ကြိုးပမ်းထမ်း ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် လက်ရှိ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင်လည်း တပ်မတော် လူငယ်ပညာရေးသင်တန်း ကျောင်း နှစ်ကျောင်းကို အထက်မြန်မာပြည်၊ အောက်မြန်မာပြည်ခွဲ၍ နေပြည်တော်နှင့် ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိ ကြောင်း၊ ပညာရေးကဏ္ဍသစ်အဖြစ်ဖွင့်လှစ် လိုက်သည့်ကျောင်းများတွင် တပ်မတော် သားမိသားစုဝင်များ၊ တပ်မတော်သား အငြိမ်းစားများ၏ မိသားစုဝင်များအပြင် တပ်မတော်နှင့် တပ်မတော်၏ပညာရည်မြင့် မားရေးဖော်ဆောင်မှုအပေါ် စိတ်ပါဝင်စားစွာ တက်ရောက်လိုသူများကို ဖွင့်လှစ်သင်ကြား ပေးနေပြီဖြစ်သကဲ့သို့ တက်ရောက်လိုသူများ ကိုလည်း အမြဲတမ်းကြိုဆိုလျက်ရှိကြောင်း။

လူငယ်မောင်မယ်တို့ကိုယ်စီတွင် ပိုင်ဆိုင် ထားပြီဖြစ်သည့် ထူးချွန်လိုသည့် စိတ်ဓာတ်၊ ငယ်ရွယ်စဉ်ကတည်းက ရည်မှန်းချက်ထား ရှိခဲ့သည့် ခိုင်မာသည့်သန္နိဋ္ဌာန်စိတ်ဓာတ်၊ ထူးချွန်အောင်မြင်မှုကိုခုံမင်သည့် စိတ်ဓာတ် များကိုအခြေခံပြီး မိမိတို့ရွေးချယ်ရာအဆင့် မြင့်တက္ကသိုလ်ပညာရပ်များတွင်လည်း ထူးချွန် အောင်မြင်သူများဖြစ်အောင် ဆက်လက် ကြိုးပမ်းသွားကြရန်၊ မိမိဘဝအတွက်၊ မိမိ မိသားစုအတွက်၊ မိမိနိုင်ငံတော်အတွက် တတ်သင့်တတ်ထိုက်၊ သိသင့်သိထိုက်သည် မှန်သမျှကို တတ်ချင်၊ သိချင်၊ ကြိုးစားချင်

သည့် အညွန့်တလူလူစိတ်ဓာတ်နှင့် နိုင်ငံတော်၏ အနာဂတ်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်နိုင်သူများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန် တိုက်တွန်းလိုကြောင်း ဖြင့်ပြောကြားသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်သည်များ၊ တပ်မတော်သားမိသားစုဝင်သားသမီးများ၊ စစ်မှုထမ်းဟောင်း မိသားစုဝင်သားသမီးများ၊ စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ၏ သားသမီးများ၊ အခြေခံပညာလူရည်ချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် တပ်မတော်ပညာရေးကျောင်းများ၊ တပ်မတော်အခြေခံပညာကျောင်းများ၏ ဆုရရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်အခြေခံပညာအထက်တန်းကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံ သုံးဦး၊ လူရည်ချွန်ဆုရရှိသူ သုံးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ နှစ်ဦးတို့ကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်အကောင်းဆုံး ဆုရရှိသည့် အခြေခံပညာအထက်တန်းကျောင်းအတွက် ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ ဇနီး ဒေါ်နီလာ လူရည်ချွန်ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

**မိဘ၏အရိပ်အောက်မှ ကြိုးစားအောင်မြင်ခဲ့ကြသည့် လူငယ်မောင်မယ်တို့အနေဖြင့်လည်း မိသားစု၏သားသမီးကောင်းရတနာများအဖြစ်သာမက နိုင်ငံ့သားကောင်းရတနာများအဖြစ်ပါ ဆင့်ကဲကမ္ပည်းထိုးနိုင်ခဲ့မှုအတွက်လည်း များစွာဂုဏ်ယူဝမ်းမြောက် . . .**

**မိမိ ဘဝအတွက်၊ မိမိ မိသားစုအတွက်၊ မိမိနိုင်ငံတော်အတွက် တတ်သင့်တတ်ထိုက်၊ သိသင့်သိထိုက်သည်မှန်သမျှကို တတ်ချင်၊ သိချင်၊ ကြိုးစားချင်သည့် အညွန့်တလူလူစိတ်ဓာတ်နှင့် နိုင်ငံတော်၏အနာဂတ်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်နိုင်သူများဖြစ်အောင် ဆက်လက်ကြိုးစား . . .**



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူတစ်ဦးကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၏ဇနီး ဒေါ်နန်းကူးကူ လူရည်ချွန်ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုတံဆိပ်၊ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာက လူရည်ချွန်ဆုရရှိသူ သုံးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ ငါးဦးတို့ကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်မတော်ပညာရေးကျောင်းများတွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် တပ်မတော်ပညာရေးကျောင်းများမှ ကျောင်းအုပ်ချုပ်မှုတာဝန်ခံသုံးဦး၊ လူရည်ချွန်ဆုရရှိသူ သုံးဦးနှင့်ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ သုံးဦးတို့ကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၏ဇနီး ဒေါ်နန်းကူးကူက လူရည်ချွန်ဆုရရှိသူ သုံးဦးနှင့် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူ ခြောက်ဦးတို့ကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်ဥက္ကဋ္ဌ၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ စစ်သည်များကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဂုဏ်ပြုဆုများပေးအပ်အပြီးတွင် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများနှင့် စစ်သည်များကိုယ်စား လူရည်ချွန်ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်အဖွဲ့ဝင်များသည် လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ စစ်သည်များ၊ တာဝန်ရှိသူများနှင့်အတူ အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာတို့က အခမ်းအနားတက်ရောက်လာကြသူများ၊ ဆုရစစ်သည်များ၊ လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် ဆရာ၊ ဆရာမများကို စားသောက်ဖွယ်ရာများဖြင့် ဂုဏ်ပြုတည်ခင်းဧည့်ခံသည်။ စားသောက်ဖွယ်ရာများ သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက လူငယ်ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဂုဏ်ပြုဧည့်ခံဖျော်ဖြေပွဲ အပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် အဖွဲ့ဝင်များသည် လူရည်ချွန်ဆုနှင့် ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ စစ်သည်များ၊ မိဘများနှင့် တာဝန်ရှိသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ထူးချွန်ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများနှင့် စစ်သည်များ ကိုယ်စား လူရည်ချွန် ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားစဉ်။

# မိတ္ထီလာစီးပွားရေးတက္ကသိုလ် ၂၅ နှစ်မြောက် ငွေရတုသဘင်အခမ်းအနားကျင်းပ



**မန္တလေး စက်တင်ဘာ ၂**

မိတ္ထီလာစီးပွားရေးတက္ကသိုလ် စတင်ဖွင့်လှစ်ခဲ့သည့် ၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်ထိ နေ့သင်တန်း ကျောင်းသား၊ကျောင်းသူ ၁၀၉၅၄ ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်းနှင့် ဘောဂဗေဒ၊ ဝါဏိဇ္ဇဗေဒ၊ စာရင်းအင်းပညာ၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာ၊ စွန့်ဦးတီထွင်မှုနှင့် စီမံခန့်ခွဲမှုပညာစသည့် ပညာရပ်များကို သင်ကြားပေးလျက်ရှိသည်။

မိတ္ထီလာစီးပွားရေးတက္ကသိုလ်၏ ၂၅ နှစ်မြောက်ငွေရတုသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက မိတ္ထီလာစီးပွားရေးတက္ကသိုလ်ပင်မဆောင်တွင် ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က virtual zoom system ဖြင့် တက်ရောက်ပြီး မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ နည်းပြများ၊ ဝန်ထမ်းများ၊ ဘွဲ့ကြိုဘွဲ့လွန်သင်တန်းများမှ ကျောင်းသား၊ကျောင်းသူများ၊ MBA၊ MPA၊ MBF၊ MDevS၊ MAS တို့မှ ကျောင်းသား၊ကျောင်းသူများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အခမ်းအနားကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီးက မိတ္ထီလာစီးပွားရေးတက္ကသိုလ်သည် ၂၅ နှစ်ကာလပတ်လုံး စီးပွားရေးနှင့် စီမံခန့်ခွဲမှုပညာရပ်များကို သင်ကြားဖြန့်ဝေပေးရင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် အခန်းကဏ္ဍကနေ ပါဝင်နေပါကြောင်း၊ ယနေ့ခေတ်တွင် သုတေသနကဏ္ဍသည်လည်း အလွန်အရေးကြီးပြီး နိုင်ငံ့အကျိုးပြုသုတေသနရလဒ်ကောင်းများထွက်ပေါ်လာရန် ကြိုးစားအားထုတ်ကြရမည်ဖြစ်ပါကြောင်း၊ ကျောင်းသား၊ကျောင်းသူများကို အလုပ်သင်အဖြစ် လက်တွေ့ကွင်းဆင်းဆောင်ရွက်နိုင်ရန် လုပ်ငန်းရှင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ရေးသည်လည်း အဓိကကျပါကြောင်း၊ ငွေရတုမှသည် နောင်လာမည့်ကာလများတွင်လည်း ပိုမိုခိုင်မာသည့် အဆင့်မြင့်ပညာရေးအဖွဲ့အစည်းတစ်ခုအဖြစ် ဆက်လက်ရပ်တည်နိုင်ပြီး နိုင်ငံတော်အတွက် အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များကို ဆက်လက်မွေးထုတ်နိုင်ပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုဝမ်းမြောက်စကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ၂၅ နှစ်မြောက် ငွေရတုသဘင်အခမ်းအနားတွင် ကူညီပါဝင် ဆောင်ရွက်ပေးခဲ့သူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ပညာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က ငွေရတုအထိမ်းအမှတ် Logo ပြိုင်ပွဲတွင် ဆုရရှိသူကို ဂုဏ်ပြုဆုငွေချီးမြှင့်သည်။

၂၅ နှစ်မြောက် ငွေရတုသဘင်အခမ်းအနားတွင် ခါတ်ပုံပြခန်း၊ သုတေသနစာတမ်းဖတ်ပွဲများနှင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲများ၊ အမှတ်တရအရောင်းဆိုင်ခန်းများ၊ စတုဒိသာညှော်ခံကျွေးမွေးမှုများဖြင့် စည်ကားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ ၈၁ နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကျင်းပ




**ရန်ကုန် စက်တင်ဘာ ၂**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ ၈၁ နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ည ၆ နာရီတွင် ရန်ကုန်မြို့ Melia Hotel ရှိ Grand Ballroom ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် တက်ရောက်သည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H.E. Mr. Nguyen Anh Duc နှင့် တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် ညှော်သည်တော်များကို ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H.E. Mr. Nguyen Anh Duc နှင့် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်တို့က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် သံအမတ်ကြီးတို့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ ၈၁ နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြပြီး အခမ်းအနားသို့ တက်ရောက် လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက်အခမ်းအနားသို့တက်ရောက်လာကြသည့် ညှော်သည်တော်များကို သံအမတ်ကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးမျိုးမြင့်အောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ညှော်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ သက်စွန့်ကြိုးပမ်းထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ချင်းပြည်နယ် တီးတိန်မြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကိုတက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တာဝန်ရှိသူများက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကိုအနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

■ **ကလေးမြို့နယ်မှ**

နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများပူးပေါင်း၍ ရေဘေးသင့်ပြည်သူများကို ကလေးမြို့ မြို့တော်ခန်းမနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတို့၌ ယာယီရေဘေးရှောင်စခန်းများ ဖွင့်လှစ်၍ ရွှေ့ပြောင်းပေးလျက်ရှိပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ချင်းပြည်နယ် တီးတိန်မြို့နယ် အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယနေ့ နေ့လယ်ပိုင်းတွင် ခိုင်ကမ်းမြို့ရှိ ဆည်ကြီးချောင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ပြီး ရေတိုက်စား၍ ချောင်းကမ်းပါးပြိုကျကာ အမှတ်(၁)ရပ်ကွက်ရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းနှင့် ၎င်းအနီးရှိ နေအိမ်တစ်လုံးရေစီးနှင့် မျောပါသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ချောင်းရေကြီးမှုကြောင့် ခိုင်ကမ်းမြို့ပေါ် ရပ်ကွက်များ အတွင်းသို့ ရေဝင်ရောက်မှုမရှိကြောင်း၊ လူ၊ တိရစ္ဆာန်သေဆုံးထိခိုက်မှုမရှိကြောင်းနှင့် လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ချက်ချင်း ဆောင်ရွက်နိုင်ရန်အတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအဖွဲ့များက စနစ်တကျ စုဖွဲ့စောင့်ကြည့်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ရုရှား-အာဆီယံ စီးပွားရေးကောင်စီ အမှုဆောင်အတွင်းရေးမှူးချုပ် မစ္စတာ ဆာမတ် ဆတ်ဖော်လ်ဒီနော့ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

**ဗလာဒီဗော့စတော့ စက်တင်ဘာ ၂**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပမည့် ၁၁ ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့တက်ရောက်ရန် ဗလာဒီဗော့စတော့မြို့၌ ရောက်ရှိနေသည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ရုရှားအရှေ့ဖျားဖက်ဒရယ်တက္ကသိုလ်နယ်မြေရှိ အဆောက်အအုံ၌ ရုရှား-အာဆီယံ စီးပွားရေးကောင်စီ အမှုဆောင်အတွင်းရေးမှူးချုပ် မစ္စတာ ဆာမတ် ဆတ်ဖော်လ်ဒီနော့ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည်။



တွေ့ဆုံစဉ် အာဆီယံနှင့် ရုရှားနိုင်ငံတို့ကြား စီးပွားရေးပူးပေါင်းဆောင်ရွက်ရာတွင် အချက်အချာနေရာတွင်တည်ရှိသည့် မြန်မာနိုင်ငံကိုရွေးချယ်ပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ ရုရှားနှင့် မြန်မာနိုင်ငံတို့ကြား လျှပ်စစ်စွမ်းအားနှင့် စွမ်းအင်ဆိုင်ရာကိစ္စရပ်များတွင် နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး၊ စက်မှုကဏ္ဍတွင် နည်းပညာမြင့် Robotic ဆိုင်ရာလုပ်ငန်းများနှင့် ဒစ်ဂျစ်တယ်နည်းပညာသုံး လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားနိုင်ရေး၊ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ဘဏ်လုပ်ငန်း၊ ပညာရေးနှင့် ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ Online ကုန်သွယ်မှုလုပ်ငန်းကဏ္ဍနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်ရေးနှင့် လူမှုစီးပွားလုပ်ငန်းဆိုင်ရာကိစ္စရပ်များတွင် ရင်းနှီးမြှုပ်နှံသွားနိုင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ရုရှားအရှေ့ဖျားဖက်ဒရယ် တက္ကသိုလ်နယ်မြေရှိ အဆောက်အအုံ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ RADIO SPUTNIk နှင့် တွေ့ဆုံမေးမြန်းခြင်း အစီအစဉ်ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ **မြန်မာနိုင်ငံ၏ တုံ့ပြန်ချက်မှ**

မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အစိုးရဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများ အသက်ဆုံးရှုံးခဲ့ရပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

သို့သော် ကမ္ဘာ့နိုင်ငံအချို့က အာဆာအကြမ်းဖက်များ၏ ရက်စက်ကြမ်းကြုတ်သောလုပ်ရပ်များကို လျစ်လျူရှုထားကြောင်း တွေ့ရှိရသည်။ အကြမ်းဖက်မှု၏ အသွင်သဏ္ဍာန်မျိုးစုံနှင့် လုပ်ရပ်များအားလုံးကို ရှုတ်ချသင့်သည်။

အာဆာ အကြမ်းဖက်များ၏ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ၎င်းတို့၏ အစွန်းရောက်အကြမ်းဖက်ဝါဒဖြင့် ခြိမ်းခြောက်မှုများ လုပ်ဆောင်မှုတို့ကြောင့် ဒေသခံတိုင်းရင်းသားများက အခြားမြို့ရွာများသို့လည်းကောင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ဘင်္ဂါလီများက ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့လည်းကောင်း နေရပ်စွန့်ခွာမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဖြစ်စဉ်များ၏ အရင်းခံအကြောင်းတရားများနှင့် မြေပြင်ပကတိအခြေအနေမှန်များကိုလည်း လျစ်လျူရှုကာ မြန်မာနိုင်ငံ၏ ပုံရိပ်နှင့် ဂုဏ်သိက္ခာကျဆင်းအောင် လုပ်ဆောင်မှုများမပြုသင့်ကြောင်း အလေးထားဖော်ပြလိုသည်။

မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သည့် အားလျော်စွာ မိမိနိုင်ငံအား ကာကွယ်ပိုင်ခွင့်နှင့် နိုင်ငံနှင့်လူမျိုးအပေါ်ကျူးလွန်သည့် အကြမ်းဖက်တိုက်ခိုက်မှုများကို တုံ့ပြန်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ထို့ပြင် အကြမ်းဖက်တိုက်ခိုက်မှုများအားတုံ့ပြန်ရာတွင် မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အပြစ်မဲ့ဒေသခံပြည်သူများနှင့် ၎င်းတို့၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ရန်နှင့် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းရန်အတွက် ထိတွေ့တိုက်ခိုက်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ(RoE) နှင့်အညီ ဆောင်ရွက်ခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံတွင်မရှိသည့် လူမျိုးအမည်ဖြင့် လွဲမှားစွာသုံးစွဲဖော်ပြလျက်ရှိသည့် အခြေအနေကိုလည်း ပြတ်သားစွာ ကန့်ကွက်သည်။ ထို့ကြောင့် ယင်းစကားရပ်ကို နိုင်ငံရေး ရည်ရွယ်ချက်ဖြင့် အသုံးပြု၍ ရခိုင်ပြည်နယ်မြောက်ပိုင်း ဆက်စပ်ဖြစ်စဉ်များအပေါ် နိုင်ငံရေးအရ အကျိုးအမြတ်ရှိစေရန်အတွက် ကြေညာချက်များနှင့် ထုတ်ပြန်ပြောကြားချက်များ ထုတ်ပြန်နေခြင်းကို လက်ခံနိုင်ခြင်းမရှိပါ။ ယင်းဆောင်ရွက်ချက်များသည် မြန်မာနှင့်ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံကြား ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင် ရရှိထားသည့် သဘောတူညီချက်များနှင့်အညီစိစစ်ပြီး နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေး မြန်မာနိုင်ငံ၏ စေတနာမှန်ဖြင့် ကြိုးပမ်းအားထုတ်မှုများအတွက် အပြုသဘောဆောင်သည့် အထောက်အပံ့ဖြစ်မည်မဟုတ်ပါ။

ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ စခန်းများတွင် ရောက်ရှိနေသူအားလုံးကို မြန်မာနိုင်ငံမှဟု စွပ်စွဲပြောဆိုချက်များအပေါ် မြန်မာနိုင်ငံအနေဖြင့် စိုးရိမ်မကင်းဖြစ်ရကြောင်း ထပ်လောင်းဖော်ပြအပ်သည်။ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးကိစ္စသည် နှစ်နိုင်ငံကြား ဖြေရှင်းရမည့်ကိစ္စဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် စိစစ်ပြီးနေရပ်စွန့်ခွာသူများကို ၎င်းတို့၏ ဆန္ဒအလျောက်၊ လုံခြုံ၊ ဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် ခင်မင်ရင်းနှီးသည့် မိတ်ဆွေနိုင်ငံများနှင့် နီးကပ်စွာလက်တွဲဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းနှင့်စပ်လျဉ်း၍ ၂၀၂၆ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသည့် ကြိုးပမ်းမှုများအပေါ် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

သို့ဖြစ်၍ ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များ၏ အရင်းခံအကြောင်းတရားများနှင့် မြေပြင်ပကတိအခြေအနေမှန်များကို အသိအမှတ်ပြုခြင်းမရှိဘဲ နိုင်ငံအချို့၏ နိုင်ငံရေးလှုံ့ဆော်မှုအရ ထုတ်ပြန်သည့် ကြေညာချက်များ၊ ထုတ်ပြန်ပြောကြားချက်များ၊ လူမှုကွန်ရက်မီဒီယာများအပါအဝင် သတင်းဖော်ပြချက်များကို မြန်မာနိုင်ငံကပယ်ချသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးအဆင့် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ မိတ္ထီလာမြို့နယ် မိတ္ထီလာ-မြင်းခြံကားလမ်းဝဲယာတွင် ကျင်းပ



**မန္တလေး စက်တင်ဘာ ၂**

သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ဂေဟစနစ်ထိန်းသိမ်းနိုင်ရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ သစ်တောဖုံးလွှမ်းမှု တိုးတက်လာစေရေးနှင့်သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများမှ သစ်တောသစ်ပင်များ၏တန်ဖိုးကို နားလည်မြတ်နိုးစေရန်နှင့် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းကို တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ချက်ကောင်းများဖြင့် ဖော်ဆောင်နိုင်ရေးအတွက် ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကကြီးမှူး၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးအဆင့် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို မိတ္ထီလာမြို့နယ်ရှိ လိန်တောကျေးရွာအုပ်စု မိတ္ထီလာ-မြင်းခြံကားလမ်း မိုင်တိုင်အမှတ်(၆/၀)မှ (၆/၁)ကြား ဝဲယာတွင် ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့က ဦးဆောင်၍ သစ်ပင်များကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက ပိတောက်၊ တမာ၊ စိန်ပန်း၊ ရင်းမာ၊ ဒဟတ်၊ ဖျောက်ဆိပ်၊ မည်စည်၊ မန်ကျည်း၊ ရေတမာ၊ သစ်ဖြူ စသည့် သစ်မျိုး ၁၀ မျိုး စုစုပေါင်း ၁၆၆၂ ပင်ကို အတူတကွစိုက်ပျိုးကြပြီး သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၈)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို တွေ့ဆုံအားပေး

**နေပြည်တော် စက်တင်ဘာ ၂**

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၈)သို့ တက်ရောက်ကြမည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရတနာများကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက မြိတ်မြို့ရှိ နယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၈)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်း ရတနာများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် နိုင်ငံ့သားကောင်းရတနာများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်စဉ်။

**၂၀၂၆ ခုနှစ် စက်တင်ဘာ ၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကျင်းပ





ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

**နေပြည်တော် စက်တင်ဘာ ၂**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း၊ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့သည်။

အလားတူ အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအလှများဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြပြီး တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားကာ ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

## ၂-၉-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၂.၃ ~ ၃၆၆၅.၇ | ၅၅၇.၅ ~ ၅၅၈.၂ | ၁၂၅.၄ ~ ၁၂၅.၅ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၉,၇၉၁,၈၆၈.၈၉ | ၆,၅၁၆,၉၆၄.၅၄ | ၈၄,၅၆၂,၀၁၉.၁၄ | - |

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





တပ်ကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်း ကြည့်ရှုလေ့လာကြစဉ်။

**နေပြည်တော် စက်တင်ဘာ ၂**

ကျောင်းသားလူငယ်များ မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် မြန်မာနိုင်ငံတော်သမိုင်းနှင့် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ သဘာဝ ပတ်ဝန်းကျင်ရှုခင်းများကိုကြည့်ရှု၍ စိတ်ကို ကြည်လင်လန်းဆန်းစေပြီး ကျန်းမာသန်စွမ်းစွာ ပညာသင်ကြားနိုင်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ကျောင်းသူများကိုတပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်း၊ ရဲဘော်သုံးကျိပ်သမိုင်း၊ ခေတ်အဆက်ဆက်တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များသမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ပြခန်းများ လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာမေးမြန်းကြသည်။

ဆက်လက်၍ ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း) ပြင်ပကွက်တွင် ဒုတိယကမ္ဘာစစ်နှင့် စစ်ပြီးကာလတို့တွင် အသုံးပြုခဲ့သော အမြောက်နှင့် သံချပ်ကာများ၊ တပ်မတော်(ရေ)ပြင်ပပြကွက်တွင် စစ်ရေယာဉ်ပုံစံတူများနှင့် အမြောက်များ၊ တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး သိရှိလိုသည်များကိုမေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြကြောင်း သိရသည်။

ထို့ပြင် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ဆုအဖြစ်ချီးမြှင့်ပေးအပ်ခဲ့သည်။

လေ့လာရေး သွားရောက်ခဲ့သည့် ကျောင်းသား၊ကျောင်းသူများ၏စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါတယ်-





"ပထမဆုံးအနေနဲ့ကတော့ စစ်သမိုင်းပြတိုက်ဆိုတာ ပညာရပ်ပေါင်းစုံပြသပေးတဲ့ နေရာတစ်ခုဖြစ်တဲ့အတွက် ပညာရေးဆိုင်ရာမှာရော သင်ကြားမှုဆိုင်ရာမှာပါ အကျိုးရှိတဲ့ ခရီးစဉ်တစ်ခုဖြစ်ပါတယ်။ စာသင်ခန်းထဲမှာ သင်ကြားရတဲ့သမိုင်းတွေ စာတွေ့တွေကို ပြတိုက်မှာလာပြီးတော့ လက်တွေ့လေ့လာရတဲ့အတွက် စာတွေ့နဲ့လက်တွေ့ပေါင်းစပ်ပြီး ဗဟုသုတတွေလဲတိုးပွားလာပါတယ်။ သမီးတို့ ပထမဆုံးရောက်တဲ့အခါမှာ ပြတိုက်တာဝန်ရှိသူတွေက ပြတိုက်ရည်ရွယ်ချက်တွေ၊ သမိုင်းကြောင်းတွေ၊ ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြကွက်ပြခန်းတွေကို လိုက်လံပြီးတော့ ရှင်းပြပေးပါတယ်။ အခုလို မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ သိရှိသင့်တဲ့ သမိုင်းကြောင်းတွေကို သိရှိရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ နောက်လဲ ဒီလိုလေ့လာရတဲ့အခွင့်အရေးမျိုးရချင်ပါသေးတယ်"ဟုပြောသည်။

"ကျွန်တော် ဒီနေ့စစ်သမိုင်းပြတိုက်ကို လာရောက် လေ့လာရတဲ့အတွက်လဲ ကျွန်တော် အရမ်းကို ဂုဏ်ယူပြီးတော့ ဝမ်းသာမိပါတယ်။ ကျောင်းမှာသင်နေတဲ့ သမိုင်းစာအုပ်တွေထဲကသာမကပဲနဲ့ပေါ့ နော် အပြင်လက်တွေ့မှာ စစ်ပညာတွေရော စစ်ပစ္စည်းတွေရော မျက်မြင်ကိုယ်တွေ့ လေ့လာခဲ့ရတဲ့အတွက်ကြောင့် ပိုပြီးတော့လဲ ဗဟုသုတတွေ ရတယ်ပေါ့နော် ပိုပြီးတော့လဲ မှတ်မိသွားပါတယ်။ ပြီးတော့ တာဝန်ထမ်းဆောင်ခဲ့တဲ့ စစ်သည်တွေရဲ့ ရာဇဝင်တွေ သမိုင်းတွေကိုကြည့်ပြီးတော့ ကျွန်တော်တို့ လေးစားဂုဏ်ယူအားကျရတယ်။ လေတပ်ကတော့ ကျွန်တော် အကြိုက်ဆုံးဖြစ်ပါတယ်။ ငယ်ငယ်ထဲကလဲ စိတ်ဝင်စားတယ်။ ကျွန်တော်တို့ ကျောင်းသားတွေကို နောက်ထပ်လဲ ဒီလိုမျိုးလေ့လာရေးခရီးလေးတွေ ပိုပြီးတော့ ကျွန်တော်တို့ ပညာဗဟုသုတတွေကြွယ်ဝအောင် လုပ်ပေးနိုင်ပါစေလို့လဲကျွန်တော်တောင်းဆိုချင်ပါတယ်ခင်ဗျာ" ဟု ပြောသည်။

(၅၀၁)

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂**


ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၆ ရက်အတွင်း နေပြည်တော်၊ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊တနင်္သာရီတိုင်းဒေသကြီး၊ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင်နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။

(မိုး/ဇလ)

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ၁-၉-၂၀၂၆ ရက် မြန်မာစံတော်ချိန် ၀၆:၃၀နာရီအချိန်ကို အခြေခံတွက်ချက်ထားသည့် ၃-၉-၂၀၂၆ရက်နေ့မှ ၆-၉-၂၀၂၆ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



# ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂**

ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာမိုင် (၁၁/၆)နှင့် (၁၁/၇)ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် တိုက်စားမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှု အပေါ် ယာယီကာကွယ်နိုင်ရန်အတွက် မူလ ပန်းတာ တာမိုင် (၁၁/၆)နှင့် (၁၁/၇) ကြား Bund Slope အခြေ သဲအိတ်ထောက်ခြင်း၊ တာမိုင် (၁၁/၅)နှင့် (၁၁/၆) ကြား ယာယီပန်းတာပြုလုပ်ခြင်းတွင် တာ တစ်လျှောက်ရှိ မြေပျော့များဖယ်ရှားခြင်း၊ မြစ်ကမ်းထိန်း လုပ်ငန်းဖြစ်သည့် porcu-pine ချထားခြင်း လုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့များ၊ ဒေသခံပြည်သူများပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက် အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက် လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ယနေ့တွင် သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရေဘေးတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစဉ်။



နယ်မြေခံတပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

# ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



နယ်မြေခံတပ်မတော်သားများ၊ လူမှုကူညီရေးအဖွဲ့များ၊ ဒေသခံပြည်သူများက ရေဘေးတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

**နေပြည်တော် စက်တင်ဘာ ၂**

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာ မြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ် ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်း သဲကြောမှထူးပေါက်၍ ရပ်ကွက်ကျေးရွာ များအတွင်း ရေဖြတ်သန်းစီးဆင်းဝင် ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင် ရောက်မှုကြောင့် ယနေ့ထိ လေးမျက်နှာ မြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့ အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်၊ ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိ ကြောင်း သိရသည်။

ထိုသို့ ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ သော်လည်း ရေကြည်မြို့နယ်၌ ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်ထိအမြင့် ဆုံး ဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၇ ပေ ၂ လက်မခန့်သာကျန်ရှိတော့သဖြင့် ၃ ပေ ၄ လက်မခန့် ဆက်လက်ကျဆင်းသွား ခဲ့ကြောင်း၊ ကျောင်းကုန်းမြို့တွင် ငဝန် မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ၇ ပေ ၁ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၆ ပေ ၈ လက်မခန့်သာကျန်ရှိ သဖြင့် ငါးလက်မခန့်ထိ ကျဆင်းသွား ခဲ့ကြောင်း သိရသည်။

အဆိုပါဒေသရှိ ရေပြန်လည်ကျဆင်း သွားသည့် မြို့ရွာများမှ စာသင်ကျောင်း များ၊ ဆေးရုံဆေးခန်းများ၊ ဘုန်းတော်ကြီး ကျောင်းများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို ယနေ့တွင် အနောက် တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီ ရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ နှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းပေးခြင်း၊ ရေဘေးသင့် ပြည်သူများကို စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း များကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက် ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက် ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေး လျက်ရှိသည်။

ထို့ပြင် ငဝန်ပန်းတာရေဝင်ရောက်မှု ကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြုရန် (Geobags) သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်း များအတွင်း သဲအိတ်များဖြည့်၍ကာကွယ် ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက် ယန္တရားများနှင့် လုပ်အားစုများအသုံးပြု ၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို အနောက် တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူ များက သွားရောက်ကြည့်ရှုပြီး လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

❍ နီပေါနိုင်ငံမှအဆက်

ယခုလှူဒါန်းမှုသည် နီပေါပြည်သူများ အပေါ် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူ များ၏ လူသားချင်းစာနာထောက်ထားမှု အရ ကူညီထောက်ပံ့ခြင်းဖြစ်ကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက် နိုင်မည်ဟုမျှော်လင့်ပါကြောင်း၊ သဘာဝ ဘေးသင့်ပြည်သူများ အမြန်ဆုံးပုံမှန် ဘဝသို့ ပြန်လည်ရောက်ရှိစေရေး ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့အတူ နီပေါနိုင်ငံ သိပ္ပံ၊ နည်းပညာ နှင့် တီထွင်ဆန်းသစ်မှုဝန်ကြီးဌာနဝန်ကြီး က မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူ များ၏ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ကူညီပံ့ပိုးပေးမှုအတွက် အထူး ကျေးဇူးတင်ရှိပါကြောင်း၊ အဆိုပါ ကူညီ ထောက်ပံ့မှုများကို သဘာဝဘေးသင့် ပြည်သူများအတွက် ထိရောက်စွာ အသုံးပြုသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက နီပေါနိုင်ငံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ဝန်ကြီး ဌာန ဝန်ကြီးထံ လှူဒါန်းငွေ အမေရိကန် ဒေါ်လာ ငါးသိန်းနှင့် ပဲ ရှစ်တန်ကို လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ပေးအပ်လှူဒါန်းမှုတွင် မတ်ပဲ ငါးတန်နှင့် ကုလားပဲ သုံးတန်တို့ပါဝင်ပြီး နီပေါနိုင်ငံမှ သဘာဝဘေးသင့်ပြည်သူ များ၏ အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ် ပေးအပ်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေး အန္တရာယ်များဖြစ်ပေါ်သည့်အခါ နိုင်ငံ တကာ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာအခြေခံမူများနှင့်အညီ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်လျက်ရှိပြီး နိုင်ငံများအကြား အပြန်အလှန်ချစ်ကြည် ရင်းနှီးမှုနှင့် လူသားချင်းစာနာမှုပိုမိုခိုင်မာ စေရေးအတွက် ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။(သတင်းစဉ်)



# ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေး



**ကလေး စက်တင်ဘာ ၂**

ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို နိုင်ငံတော်၏ အထူးလုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်က ဘဏ္ဍာငွေသာမက ဆောက်လုပ်ရေးသုံး ပစ္စည်းများ၊ ဆေးဝါး၊ ဘုရားဆင်းတုတော် ပါမကျန် လူအား၊ ငွေအား၊ ပစ္စည်း အင်အားတို့ဖြင့် ပံ့ပိုးပေးလျက်ရှိကြောင်း၊ ပုဂ္ဂလိက ကဏ္ဍမပါ ဌာနဆိုင်ရာနှင့် အများပြည်သူဆိုင်ရာ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် ငွေကျပ်ဘီလီယံ ၄၀ ကျော်ခန့် ကျသင့်မည်ဟု ခန့်မှန်းထားကြောင်း ယနေ့ နံနက် ၁၁ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်း၌ ညှိနှိုင်းအစည်းအဝေးတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ဆွေးနွေးပြောကြားသည်။

ထို့အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကို ဖလမ်းမြို့တွင် ၃၀ ရာခိုင်နှုန်း၊ တီးတိန်မြို့တွင် ၆၁ ရာခိုင်နှုန်း၊ တွန်းဇံမြို့တွင် ၄၆ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ယခုအခါ ဖလမ်းမြို့၊ တီးတိန်မြို့၊ တွန်းဇံမြို့တို့ရှိ ဆက်သွယ်ရေးစခန်း သုံးခုအတွက် ဆက်သွယ်ရေးပစ္စည်းများ၊ ပြည်သူ့ဆေးရုံအတွက် ဓာတ်မှန်စက်များလည်း ကလေးမြို့သို့ ရောက်ရှိလာပြီဖြစ်ပြီး သက်ဆိုင်ရာမြို့များသို့ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများ၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီမှ တာဝန်ရှိသူများက ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ကော်မတီဖွဲ့စည်းမှု၊ နိုင်ငံ့ဝန်ထမ်းများ၊ ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်မှု၊ အခြေခံပညာကျောင်းများ၊ ဆေးရုံများ ပြန်လည်ဖွင့်လှစ်နိုင်မှု၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးပစ္စည်းများ လက်ခံရရှိမှု၊ ဖြန့်ဝေထားရှိမှု၊ ဌာနဆိုင်ရာအဆောက်အအုံပျက်စီးမှု၊ ထပ်မံကွင်းဆင်းစစ်ဆေး တွေ့ရှိချက်အရ တစ်စိတ်တစ်ပိုင်းပြုပြင်ရန် လိုအပ်မှု၊ ဌာနဆိုင်ရာအဆောက်အအုံများ ပြုပြင်၊ ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့၏ ရွေးချယ်အတည်ပြုထားသော ကုမ္ပဏီများ၊ ပျက်စီးသွားသည့် ပုဂ္ဂလိကနေအိမ်များနှင့် ပတ်သက်၍ ထောက်ပံ့မှု၊ အမျိုးသားဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဆန်၊ ဆီ၊ ဆား၊ ပဲအတွက် ငွေထောက်ပံ့မှု၊ ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးရန်ပုံငွေ လက်ခံရရှိ၊ သုံးစွဲ၊ လက်ကျန်အခြေအနေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ပေးခဲ့ကြောင်း သတင်းရရှိသည်။

**ခရိုင်(ပြန်/ဆက်)**

---

**☆ ကျောဖုံးမှအဆက်**

ထိုသို့ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့မှ အမျိုးသား ၁၀ ဦး၊ ခုနစ်မိုင်စခန်းမှ အမျိုးသား တစ်ဦး၊ ကြို့ပင်ကောက်မြို့မှ အမျိုးသား တစ်ဦး၊ နတ်တလင်းမြို့မှ အမျိုးသား ငါးဦးနှင့် အမျိုးသမီး သုံးဦး၊ ရွှေတောင်မြို့မှ အမျိုးသား တစ်ဦး၊ ကျောက်ကြီးမြို့မှ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦး၊ ကျောက်တံခါးမြို့မှ အမျိုးသား တစ်ဦး တို့ကို ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းမှူး ဗိုလ်ချုပ် စိုးကျော်ထက်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ လူငယ်များကို အသိပညာပေးစကားပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA-3 သေနတ် တစ်လက်၊ M 4 သေနတ် တစ်လက်၊ ကာဘိုင်သေနတ် တစ်လက်၊ BA ၆၃ သေနတ် တစ်လက်၊ လက်လုပ်ပစ္စတို သေနတ် တစ်လက်၊ လက်လုပ်သေနတ် သုံးလက်၊ လက်ပစ်ဗုံး ၁၀ လုံး၊ မှန်ပြောင်း တစ်လက်၊ကျည်အိမ် ခြောက်ခု၊ ကျည်မျိုးစုံ ၂၆၁ တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို မောင်းပြန်ရိုင်ဖယ် လေးလက်အတွက် ဆုကြေးငွေကျပ် သိန်း ၂၀၀၊ လက်လုပ်သေနတ် လေးလက်အတွက် ဆုကြေးငွေကျပ် သိန်း ၂၀၊ လက်ပစ်ဗုံး ၁၀ လုံးအတွက် ဆုကြေးငွေ သိန်း ၃၀၊ မှန်ပြောင်း တစ်လက်အတွက် ဆုကြေးငွေ နှစ်သိန်းနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ ၂၄ ဦးကို တစ်ဦးလျှင် ဆုကြေးငွေကျပ် သုံးသိန်းစီဖြင့် ၇၂ သိန်းကျပ် စုစုပေါင်း ဆုကြေးငွေ ၃၂၄ သိန်းနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ကာ ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးရာ အလင်းဝင်ရောက်လာသူများ၏ကိုယ်စား အလင်းဝင်လာသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကျင်းပစဉ်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(၅၀၁)**

---

**❑ ဖြူးချောင်းရေလှောင်တမံမှ**

လာမယ့်နွေစပါးရာသီမှာ ပုံမှန်စိုက်ပျိုးကေထက် ဧက ၈၀၀ တိုးချဲ့စိုက်ပျိုးမယ်လို့သိရတဲ့အတွက် တိုးချဲ့ဧကတွေအတွက် ရေပို့လွှတ်နိုင်ဖို့ ပြင်ဆင်ထားပါတယ်။ တိုင်းဒေသကြီးအတွင်းမှာ တစ်နှစ်ထက်တစ်နှစ် နွေစပါး တိုးချဲ့စိုက်ပျိုးမှုနဲ့ တိုးချဲ့စိုက်ဧကတွေအတွက် စိုက်ပျိုးရေပို့လွှတ်နိုင်မှုဟာ တောင်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေမှာ အမှန်ပါ”ဟု ဖြူးချောင်းရေလှောင်တမံစီမံကိန်း ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်း လက်ထောက်ညွှန်ကြားရေးမှူး ဦးတလန်ဂျာက ပြောသည်။

ဖြူးချောင်းရေလှောင်တမံမှ နွေစပါး စိုက်ခင်းများသို့ ဇန်နဝါရီလမှစတင်ကာ မေလထိ စိုက်ပျိုးရေများကို ပို့လွှတ်သွားမည်ဖြစ်ပြီး နွေစပါးရာသီတွင် ဆင်းသုခ၊ ရက် ၉၀၊ နံ့ကောက်၊ ရတနာတိုး၊ ဗီယက်နမ်၊ ရေဆင်းပေါ်ဆန်း(၁)နှင့် အောင်နိုင်တိုးစပါးတို့ကို စိုက်ပျိုးသွားမည်ဖြစ်သည်။

ဖြူးချောင်း ရေလှောင်တမံသည် အလယ်ရိုးမမှ စီးဆင်းလာသောရေများကို သိုလှောင်ထိန်းညှိပေးထားပြီး တမံအတွင်းသို့ ပျမ်းမျှ ဧကပေ ၆၆၈၀၀၀ ရေစီးဝင်၍ ဧကပေ ၆၃၂၅၃၀ ရေသိုလှောင်နိုင်သော ကျောက်ဖြည့်တမံ အမျိုးအစားဖြစ်ကာ ဖြူးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို အထောက်အပံ့ပြုနေသည့် ရေလှောင်တမံတစ်ခု ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

---

**ထူးခြားသည့် နေ့အပူချိန်များ**

(၂-၉-၂၀၂၆)

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ချောက် | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | မိုင်းဆတ် | ၃၃ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ဖျာပုံ | ၃၃ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ကိုကိုးကျွန်း | ၃၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၃ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | မြိတ် | ၃၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

# မိတ္ထီလာခရိုင် ဘက်စုံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဇုန်အဖြစ် အဆင့်မြှင့်တင်လုပ်နိုင်မှုကို လေ့လာသုံးသပ်ရန် ဖြစ်နိုင်ခြေလေ့လာမှုသုတေသနအဖွဲ့၊ ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံ



**မန္တလေး စက်တင်ဘာ ၂**

မိတ္ထီလာခရိုင် ဘက်စုံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဇုန်အဖြစ် အဆင့်မြှင့်တင်လုပ်နိုင်မှုကို လေ့လာသုံးသပ်ရန် ဖြစ်နိုင်ခြေလေ့လာမှုသုတေသနအဖွဲ့၊ ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့်တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲပိုင်းက မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး မိတ္ထီလာခရိုင် ဘက်စုံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဇုန်အဖြစ် အဆင့်မြှင့်တင်လုပ်နိုင်မှုကို လေ့လာသုံးသပ်ရန် ဖြစ်နိုင်ခြေလေ့လာမှုသုတေသနအဖွဲ့မှ တာဝန်ရှိသူများက ရည်ရွယ်ချက်နှင့် ဆောင်ရွက်မည့်အစီအစဉ် အနှစ်ချုပ်ကို ရှင်းလင်းတင်ပြကာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သုတေသနအဖွဲ့၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကာ ကွင်းဆင်းဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

၎င်းနောက် ဇောင်ချမ်းကုန်းကျေးရွာအုပ်စု ဇောင်ချမ်းကုန်းကျေးရွာရှိ တောင်သူဦးအောင်ကြည်စိန်၏ မိုးစပါးစံပြစိုက်ကွက်တွင် ကျင်းပသည့် ကောက်စိုက်စက်ဖြင့် ပျိုးသက်တမ်း ၁၄ ရက်ရှိ ဆင်းသုခမျိုးစပါး စိုက်ပျိုးခြင်း ကွင်းသရုပ်ပြသို့ရောက်ရှိပြီး တောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စိုက်ပျိုးခြင်းကွင်းသရုပ်ပြသမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မန္တလေးလျှောင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မိတ္ထီလာတောင်ကန် Up Stream ကန်ပေါင်ဘက်ခြမ်းရှိ လူသွားစင်္ကြံလမ်း အသုံးပြုသည့် ပြည်သူများ အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရန်အတွက် ပြန်လည်ပြုပြင်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အရည်အသွေးစံချိန်စံညွှန်းပြည့်မီရေး အလေးထားဆောင်ရွက်သွားရန်တို့ကို မှာကြားပြီး ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

---

**● ပိုက်ကျော်ခြင်းပြိုင်ပွဲမှ**

အားကစားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ ဒုတိယဝန်ကြီးများ၊ အားကစားရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌဦးကျော်စွာစိုး၊အားကစားရေးရာဝန်ကြီးဌာနမှ အရာထမ်း၊အမှုထမ်းများ၊ ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း အမျိုးသမီး လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်ခဲ့ရာ မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ပိုက်ကျော်ခြင်း အမျိုးသား လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ယှဉ်ပြိုင်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အတိုးတက်ဆုံး အမျိုးသမီး အားကစားသမားဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ကျောနံပါတ် (၁) ဖြိုးစန္ဒာအောင်ကို မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်စွာစိုးကလည်းကောင်း၊ အတိုးတက်ဆုံး အမျိုးသား အားကစားသမားဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းမှ ကျောနံပါတ်(၇)ဇင်မျိုးထက်ကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ အကောင်းဆုံး အားကစားသမားဆုရရှိသည့် မွန်ပြည်နယ်အသင်းမှ ကျောနံပါတ် (၂) နန်းခိုင်သဇင်ဦးကို အားကစားရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က လည်းကောင်း ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အမျိုးသမီး နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်အသင်း၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်း၊ တတိယဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီကလည်းကောင်း၊ အမျိုးသား နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်အသင်း၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်း၊ တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်ကလည်းကောင်း၊ အမျိုးသမီး သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး အသင်းတို့ကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက လည်းကောင်း၊ အမျိုးသား သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ တတိယဆုရရှိသည့် ကရင်ပြည်နယ် အသင်းတို့ကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ်က လည်းကောင်း၊ အမျိုးသမီး လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်အသင်း၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်ကလည်းကောင်း၊ အမျိုးသား လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်း၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်း ဒေသကြီးအသင်း၊ တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး အသင်းတို့ကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရွှေတံဆိပ် နှစ်ခုဖြင့် အမျိုးသမီး တံခွန်စိုက်ဆုဖလားရရှိသည့် မွန်ပြည်နယ်အသင်းကို လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက လည်းကောင်း၊ ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် တစ်ခုတို့ဖြင့် အမျိုးသားတံခွန်စိုက် ဆုဖလား ရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက လည်းကောင်း တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
  (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
  (၁) ၀၉-၃၄၉၀၃၅၃၄
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
  (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
  (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
  (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
  (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# မလေးရှားထိန်းသိမ်းရေးစခန်းများရှိ မြန်မာနိုင်ငံသားများကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂**

မြန်မာနိုင်ငံ နိုင်ငံတော်အစိုးရအနေဖြင့် မလေးရှားနိုင်ငံ၌ တရားမဝင် နေထိုင်မှုများနှင့် အခြားသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းကမ်းချက်များချိုးဖောက်မှုကြောင့် ပြစ်ဒဏ်များ ကျခံခဲ့ပြီးနောက် လူဝင်မှုကြီးကြပ်ရေးထိန်းသိမ်းရေးစခန်းများ၌ ထိန်းသိမ်းခံရကာ မြန်မာနိုင်ငံသို့ ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားစိစစ်ပြီးသူ ၁၀၈၆ ဦးကို လူသားချင်း စာနာထောက်ထားမှုအရ နှစ်နိုင်ငံအစိုးရချင်းညှိနှိုင်းကာ မြန်မာ့တပ်မတော်ရေယာဉ်များဖြင့် ပထမဆုံးအကြိမ်အဖြစ် ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့သည်။

ယခုအခါ အလားတူ မလေးရှားနိုင်ငံ၌ တရားမဝင်နေထိုင်မှုများနှင့် အခြားသော လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စည်းကမ်းချက်များ ချိုးဖောက်ခဲ့သည့်အတွက် ပြစ်ဒဏ်များ ကျခံပြီးနောက် လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းများတွင် ထိန်းသိမ်းခံထားရပြီး မြန်မာနိုင်ငံသို့ ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားစိစစ်ပြီးသူ ၁၄၇၆ ဦးကို ဩဂုတ် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် မြန်မာ့တပ်မတော် ရေယာဉ်များဖြင့် သွားရောက်ခေါ်ဆောင်နိုင်ရန် မြန်မာအစိုးရအနေဖြင့် မလေးရှားအစိုးရနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

သို့ရာတွင် မလေးရှားနိုင်ငံဘက်က အထက်ပါနေ့ရက်များတွင် လာရောက်ခေါ်ဆောင်ရန် အဆင်ပြေမှုမရှိပါကြောင်းနှင့် စက်တင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ပြန်လည်စီစဉ်ရန် အဆိုပြုလာပါသဖြင့် မြန်မာအစိုးရသည် မလေးရှားနိုင်ငံဘက်မှ အဆိုပြုသည့်နေ့ရက်များတွင် ခရီးစဉ်ကို ပြန်လည်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ပြည်ပရောက် မိမိနိုင်ငံသားများ၏ အရေးကိစ္စများကို အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိရာ ပြည်ပနိုင်ငံများတွင် အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲများနှင့် ဒုက္ခကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကို ကူညီကယ်ဆယ်ရေးနှင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိရေးတို့အတွက် သက်ဆိုင်ရာ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ တစ်ဆင့် လိုအပ်သောကောင်စစ်ရေးရာ ကူညီစောင့်ရှောက်မှုများကို အစဉ်တစိုက် အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ အမျိုးသမီးတစ်ဦးကို သတ်ဖြတ်၍ ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်သွားသူ တရားခံ အမျိုးသားတစ်ဦး ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂**

ယခုနှစ် ဩဂုတ် ၂၈ ရက် ညနေပိုင်းတွင် ဒေါ်သန်းသန်းနုသည် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံတောင်ရပ်ကွက် မင်္ဂလာသိဒ္ဓိလမ်းနှင့် ဓမ္မပါလလမ်းထောင့်ရှိ တိုက်အမှတ်(၄၅) ပထမထပ်နေ သူငယ်ချင်းဖြစ်သူ ဒေါ်ခင်မိုးကြည် ၅၄ နှစ်၏အခန်းသို့သွားရောက်၍ တံခါးအရှေ့မှ ဒေါ်ခင်မိုးကြည်ကို ခေါ်ခဲ့ရာ ခေါ်မရသဖြင့် အိမ်နီးချင်းများနှင့်အတူ အခန်း၏ သံပန်းတံခါးဖျက်၍ ဝင်ရောက်ကြည့်ရှုစဉ် အခန်းပေါက်ဝဘုရားခန်းရှေ့၌ ဒေါ်ခင်မိုးကြည်မှာ သွေးအိုင်ထဲ၌ မှောက်ခုံအနေအထားဖြင့် စောင်ခြုံလျက်ထိုးသွင်းဒဏ်ရာ သုံးချက်ဖြင့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သတင်းပေးပို့ တိုင်တန်းချက်အရ ဗဟန်းမြို့မ ရဲစခန်းက (ပ)၂၆၈/၂၀၂၆ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်လှစ်ပြီး တရားခံဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားခံ ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး အခင်းဖြစ်ရပ်စစ်ဆေးခြင်း၊ နယ်မြေသတင်းရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁ ရက် ညပိုင်းတွင် လူသတ်မှုကျူးလွန်သူ တရားခံ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက်နေ ဉာဏ်စိုး ၂၀ နှစ်ကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် (၆)ရပ်ကွက်ရှိ The Waiting Lodge Hotel အခန်းအမှတ် B-06 ၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဉာဏ်စိုးကို စစ်ဆေးချက်အရ ၎င်းသည် သေဆုံးသူ ဒေါ်ခင်မိုးကြည်၏ သားဖြစ်သူနှင့် သူငယ်ချင်းဖြစ်ပြီး အခင်းဖြစ်နေအိမ်သို့ ဝင်ထွက်သွားလာဖူးသူ ဖြစ်ကြောင်း၊ ၎င်းသည် အွန်လိုင်းစလော့ဂိမ်းရှုံး၍ ငွေလိုအပ်နေသဖြင့် လုယက်ရန်အတွက် ဩဂုတ် ၂၈ ရက် ညနေပိုင်းတွင် အခင်းဖြစ်နေအိမ်သို့ သွားရောက်ခဲ့ကြောင်း၊ နေအိမ်သို့ရောက်ရှိပြီး ဒေါ်ခင်မိုးကြည်က တံခါးဖွင့်ပေးစဉ် ၎င်းကအသင့်ယူဆောင်လာသည့် ဓားဖြင့်ထိုးသတ်၍ အခန်းအတွင်းရှိ စားပွဲပေါ်မှသော့ဖြင့် ဗီရိုကိုဖွင့်ကာ အတွင်းမှရွှေထည်ပစ္စည်းများ လုယက်ယူဆောင်ခဲ့ခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ အမျိုးသမီးတစ်ဦးကို သတ်ဖြတ်၍ ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်ခဲ့သူ တရားခံ ဉာဏ်စိုးကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် သက်သေခံပစ္စည်းများ သိမ်းဆည်းရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ အမျိုးသမီးတစ်ဦးကို သတ်ဖြတ်၍ ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်သွားသူ တရားခံ အမျိုးသား တစ်ဦး ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

(၅၀၁)



နေဝင်းထွန်း ခေါ် ဒန်နီကို ဖမ်းဆီးရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

◆ **ဖမ်းဆီးရမိမှု**

ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၃၀ ရက် နံနက် ၄ နာရီတွင် သတင်းအရ တောင်ငူမြို့ အမှတ်(၂၂)ရပ်ကွက်အနီးတွင် ဖယ်ခုံမြို့နယ် ဆီဖူးကျေးရွာနေ ပန်းအောင် ခေါ် အောင်ပေ ၃၉ နှစ်၊ သံတောင်ကြီးမြို့နယ် လိပ်သိုကျေးရွာနေ မနော်ဌေးဌေးစိုး ၂၀ နှစ်တို့ နှစ်ဦးကို ဘိန်းဖြူ ၆ ဒသမ ၃၄ ကီလို (တစ်ကီလိုလျှင် ငွေကျပ် သိန်း ၃၅၀ နှုန်းဖြင့် ၎င်းဒေသတန် ဖိုးငွေကျပ် ၂၂၁၉ သိန်း)၊ စိတ်ကြွဆေးပြား ၈၁၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၂၁၅ ဘီလီယံ)၊ TOYOTA ALPHARD ယာဉ် တစ်စီး၊ IPSUM ယာဉ်တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် ပန်းအောင် ခေါ် အောင်ပေ၊ မနော်ဌေးဌေးစိုးတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားသည်။

ထို့ပြင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၃၁ ရက် ည ၁၀ နာရီခွဲတွင် သတင်းအရ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၉၂)ရပ်ကွက်နေ နေဝင်းထွန်း ခေါ် ဒန်နီ ၅၂ နှစ်၏ နေအိမ်တိုက်ခန်းကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၇၆၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် သိန်း ၁၅၂၀) ဖမ်းဆီးရမိသဖြင့် နေဝင်းထွန်း ခေါ် ဒန်နီကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း၊ ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် ''Ma Seint'' Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ပိုးလောင်းလေးကျေးရွာနေ စိမ့်စိမ့်သူကို မွန်းလွဲ ၂ နာရီခွဲတွင် ပြင်စလူနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# လူငယ်တို့ဘဝတိုးတက်ရေး လူ့ကျင့်ဝတ်များလိုက်နာပေး

ဘုန်းသန့်စင်

**ကျင့်ဝတ်**

"ကျင့်ဝတ်"ဆိုသည်မှာ လူသားတို့လိုက်နာစောင့်ထိန်းအပ်သည့် ဝတ္တရားများပင်ဖြစ်သည်။ လူမှုပတ်ဝန်းကျင်၌ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် ကျင်လည်နေထိုင်ကြရာတွင် လိုက်နာစောင့်ထိန်းရသည့် လူ့ကျင့်ဝတ်များရှိသည်။ လူမှုပတ်ဝန်းကျင်တွင် ကျင့်ဝတ်လိုက်နာစောင့်ထိန်းသူများသည် အခြားသူများ၏လေးစားမှုကို ရယူနိုင်ကြသည်။ အမည်ဂုဏ်သတင်း သင်းပျံ့ကြိုင်လှိုင်နေတတ်ပြီး ရောက်လေရာအရပ်တွင် မျက်နှာပွင့်လန်း၍ကိစ္စတိုင်းကို အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်သည်။ ကျင့်ဝတ်များသည် လူသားများအတွက် လူမှုဆက်ဆံရေးကို ကောင်းမွန်စေခြင်းက အစပြု၍ ဘဝအောင်မြင်မှုကို ရယူနိုင်ခြင်းထိ ဖြစ်စေနိုင်သည်။

လူ့ဘဝ၌ လူသားတစ်ဦးအနေဖြင့် ရှင်သန်နေထိုင်ရာတွင် မိမိဘဝရှင်သန်ရပ်တည်နိုင်ရေးအတွက် အခြားသူများ၏ ဘဝထိခိုက်နစ်နာမှုကို ဖြစ်စေသည့် လုပ်ရပ်များကို ရှောင်ကြဉ်ရမည်ဖြစ်သည်။ အခြေခံအားဖြင့် "သူတစ်ပါးအသက်ကို သတ်ခြင်း၊ သူတစ်ပါးပစ္စည်းကို ခိုးယူခြင်း၊ လိမ်လည်လှည့်ဖြားခြင်း" စသည့်အပြုအမူများကို ရှောင်ကြဉ်ခြင်းသည် အခြေခံလူ့ကျင့်ဝတ်များပင်ဖြစ်သည်။ မိမိအသက်ရှင်သန်နေထိုင်ရေးအတွက် အကြောင်းမဲ့ သူတစ်ပါး၏အသက်ကို သတ်ခြင်း၊ မိမိပစ္စည်းဥစ္စာကြွယ်ဝချမ်းသာရေးအတွက် အခြားသူများပိုင်ဆိုင်သည့်ဥစ္စာပစ္စည်းများကို ခိုးယူခြင်း၊ မတရားရယူခြင်း စသည်တို့သည် လူ့ကျင့်ဝတ်ကို ချိုးဖောက်ခြင်းပင်ဖြစ်သည်။ ပြုမူ၊ ပြောဆို၊ ဆက်ဆံမှုများတွင် မဟုတ်မမှန်၊ မဖြောင့်မမှန်၊ လိမ်လည်လှည့်ဖြားဆောင်ရွက်သူများကို လူမှုပတ်ဝန်းကျင်က လက်သင့်ခံလိုခြင်းမရှိသကဲ့သို့ ထိုအပြုအမူများသည်လည်း လူ့ကျင့်ဝတ်ကို ချိုးဖောက်ခြင်းပင်ဖြစ်သည်။

**လူငယ်နှင့်ဂိဟိဝိနယ**

အခြေခံလူ့ကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းရုံသာမက လူ့ဘဝတွင် လူအဖြစ် လူသားဆန်စွာဖြင့် အမည်သတင်းမွှေးပျံ့စွာ ရပ်တည်နိုင်ရေးအတွက် သိထားသင့်သည့် ကျင့်ဝတ်များစွာရှိသည်။ မြတ်စွာဘုရားရှင်က သိင်္ဂါလသုတ်တွင် ဂိဟိဝိနယခေါ် လူ့ဝိနည်းကျင့်ဝတ်များကို ဟောကြားခဲ့သည်။ ဘဝခရီးလမ်းလျှောက်လှမ်းကာစ လူငယ်များသည် သိင်္ဂါလသုတ်လာ လူ့ဘဝအခြေခံ ဂိဟိဝိနယ ခေါ် လူ့ဝိနည်းကျင့်ဝတ်များကို လိုက်နာမည်ဆိုပါက အောင်မြင်တိုးတက်သော ဘဝလမ်းကို လျှောက်လှမ်းနိုင်မည်ဖြစ်သည်။ ဂိဟိဝိနယ ခေါ် လူ့ဝိနည်းကျင့်ဝတ်များသည် ဘဝခရီးလမ်းလျှောက်လှမ်းစ လူငယ်များသာမက အသက်အရွယ်မရွေးလူသားတိုင်း လိုက်နာကျင့်ကြံရမည့်တရားများပင်ဖြစ်သည်။

လူငယ်တို့အနေဖြင့် လူ့ဘောင်လူ့ဘဝတွင် ကျင်လည်ရာ၌ ထာဝရရှောင်ရှားသင့်သည့် "ညစ်ညူးသော ကံလေးပါး၊ မကောင်းမှုများကို ဖြစ်စေသည့် အခြေခံ အကြောင်းတရားလေးပါး (အဂတိတရားလေးပါး)၊ စည်းစိမ်ဥစ္စာပျက်စီးကြောင်း အကြောင်းတရားခြောက်ပါး၊ သေရည်သေရက်သောက်ခြင်း အပြစ်ခြောက်ပါး၊ ညအခါ၌ အချိန်မတော် သွားလာခြင်း၏ အပြစ်ခြောက်ပါး၊ ပွဲလမ်းသဘင်ကြည့်ရှုခြင်း အပြစ် ခြောက်ပါး၊လောင်းကစားခြင်းအပြစ်ခြောက်ပါး၊ မကောင်းသောသူတို့နှင့် ပေါင်းသင်းမိခြင်း အပြစ်ခြောက်ပါး၊ ပျင်းရိခြင်းအပြစ်ခြောက်ပါး၊ မပေါင်းအပ်သော မိတ်ဆွေတုလေးမျိုး၊ လူ့ဘဝကို ဖျက်ဆီးတတ်သော အကျင့်စရိုက်များ" စသည်ဖြင့် ရှောင်ရှားအပ်သည့် အရာများကို သိင်္ဂါလသုတ်တွင် မြတ်စွာဘုရားရှင်က ဘဝခရီးလမ်းအစ လူငယ်ဘဝကို ရထားသည့်သိင်္ဂါလသတို့သားကို ဟောကြားညွှန်ပြဆုံးမခဲ့သည်။

ထို့ပြင် "ဝီရိယရှိခြင်း၏ အကျိုးကျေးဇူး၊ မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းဖက်ရခြင်း၏ အကျိုး၊ စီးပွားဥစ္စာရှာဖွေခြင်းနည်းလမ်း၊ အမိအဖ၊ ဆရာသမားများ၊ သားမယား၊ အစေအပါး၊ ရဟန်း

> ❖ အခြေခံအားဖြင့် "သူတစ်ပါးအသက်ကို သတ်ခြင်း၊ သူတစ်ပါးပစ္စည်းကို ခိုးယူခြင်း၊ လိမ်လည်လှည့်ဖြားခြင်း" စသည့် အပြုအမူများကို ရှောင်ကြဉ်ခြင်းသည် အခြေခံလူ့ကျင့်ဝတ်များပင် ဖြစ်သည်။ မိမိအသက်ရှင်သန်နေထိုင်ရေးအတွက် အကြောင်းမဲ့ သူတစ်ပါး၏အသက်ကို သတ်ခြင်း၊ မိမိပစ္စည်းဥစ္စာကြွယ်ဝချမ်းသာရေးအတွက် အခြားသူများပိုင်ဆိုင်သည့်ဥစ္စာပစ္စည်းများကို ခိုးယူခြင်း၊ မတရားရယူခြင်း စသည်တို့သည် လူ့ကျင့်ဝတ်ကို ချိုးဖောက်ခြင်း ပင်ဖြစ်သည်။ ❖

သံဃာ စသည်တို့ကိုစောင့်ရှောက်ခြင်း၏ အကျိုး၊ သားသမီးဝတ္တရားငါးပါး၊ မိဘဝတ္တရားငါးပါး၊ တပည့်ဝတ္တရားငါးပါး၊ ဆရာ့ဝတ္တရားငါးပါး၊ လင့်ဝတ္တရားငါးပါး၊ မိတ်ဆွေဝတ္တရားငါးပါး၊ သင်္ဂဟတရားလေးပါး" စသည်ဖြင့် ထာဝရစွဲမြဲလက်ကိုင်ထားကာ ကျင့်ကြံရမည့် လူ့ဝိနည်းကျင့်ဝတ်များကိုလည်း ဟောကြားခဲ့သည်။

**ဆောင်ရန် တရားများ**

မြတ်စွာဘုရားရှင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေသည့်အချိန်အခါကာလတွင် ရာဇဂြိုဟ်ပြည်ကသူကြွယ်တစ်ဦးသည် အသက်မဆုံးမီ သားဖြစ်သူကိုခေါ်၍ "အရပ်ခြောက်ပါးတို့ကို ရှိခိုးရမည်" ဟုမှာကြားခဲ့လေသည်။ သူကြွယ်သားဖြစ်သူ သိင်္ဂါလသည် ဖခင်ဆုံးပါးသွားသည့်အခါ ဖခင်၏အမှာစကားကို ပုံဖော်မှား၍ အရှေ့၊ အနောက်၊ တောင်၊ မြောက် အစရှိသည့်အရပ်ခြောက်ပါးကို ရှိခိုး၍ နေလေသည်။ မြတ်စွာဘုရားရှင်နှင့်တွေ့သည့်အခါ အရပ်ခြောက်ပါးဆိုသည်မှာအရှေ့၊ အနောက်၊ တောင်၊ မြောက် အစရှိသည့် အရပ်ဒေသကို ဆိုလိုခြင်းမဟုတ်ဘဲ "အမိအဖတို့ကို အရှေ့အရပ်ဟုလည်းကောင်း၊ ဆရာသမားတို့ကို တောင်အရပ်ဟုလည်းကောင်း၊ သားမယားတို့ကို အနောက်အရပ်ဟုလည်းကောင်း၊ အဆွေခင်ပွန်းတို့ကို မြောက်အရပ်ဟုလည်းကောင်း၊ အစေအပါး၊ အလုပ်သမားတို့ကို အောက်အရပ်ဟုလည်းကောင်း၊ ရဟန်းသံဃာတို့ကို အထက်အရပ်ဟုလည်းကောင်း၊" သတ်မှတ်၍ လုပ်ကျွေးပြုစုခြင်းအမှုကို ပြုရမည်ဟု ဟောကြားဆုံးမခဲ့သည်။ အမိအဖ ဆရာသမားများ အစရှိသည်တို့ကို လုပ်ကျွေးပြုစုခြင်းသည် လူသားတိုင်း ဆောင်ထားအပ်သည့် လောကကျင့်ဝတ်တရားများပင်ဖြစ်သည်။

မျိုးဆက်သစ်လူငယ်များအတွက် သိင်္ဂါလသတို့သားကို မြတ်စွာဘုရားဟောကြားခဲ့သည့် လူမှုကျင့်ဝတ်များအနက် အရာရာကို ဝီရိယအားကိုးကာ ကြိုးစားရမည်ဆိုသည့် တရားတစ်ခုသည် ထာဝရဆောင်ထားရမည့် တရားပင်ဖြစ်သည်။ ကြိုးစားသူအတွက် အောင်မြင်မှုက အိမ်တံခါးဝသို့ ရောက်လာနိုင်သည်ဟုဆိုပါလျှင် ဝီရိယအားကိုး ကြိုးစားသူအတွက်မူ အောင်မြင်မှုက မိမိနှင့်ထာဝရ အတူရှိနေမည်ဖြစ်သည်။ ဘဝခရီးလမ်းလျှောက်လှမ်းနေသည့် လူငယ်များအနေဖြင့် ဝီရိယကို ထာဝရ မိတ်ဆွေအဖြစ် သတ်မှတ်ထားရမည်ဖြစ်သကဲ့သို့ လူမှုဆက်ဆံရေးနယ်ပယ်တွင်လည်း မိတ်ကောင်းဆွေကောင်းများရှိနေရန် လိုအပ်သည်။ "မိမိကို ကျေးဇူးပြုတတ်သော၊ ထာဝရကူညီစောင့်ရှောက်တတ်သော ဥပကာရမိတ်ဆွေ၊ ချမ်းသာအတူ၊ ဆင်းရဲအတူ ထာဝရမခွဲအတူရှိတတ်သည့် သမာနသုခဒုက္ခမိတ်ဆွေ၊ အကျိုးစီးပွားဖြစ်စေသည့် အရာများကိုသာဖြစ်စေသည့် အတ္ထက္ခာယီမိတ်ဆွေ၊ စိတ်ကောင်းနှလုံးကောင်းရှိသော အနုကမ္ပက မိတ်ဆွေ" စသည့်မိတ်ဆွေကောင်းလေးမျိုးကို ထာဝရပေါင်းသင်း၍ ဘဝခရီးလမ်းအောင်မြင်မှုပန်းကို ဆွတ်ခူးဆင်မြန်းရမည်ဖြစ်သည်။ မိမိကိုယ်တိုင်က အခြားသူများအတွက် မိတ်ဆွေကောင်းဖြစ်အောင် ကြိုးစားခြင်းကလည်း လူ့ကျင့်ဝတ်တစ်ခုပင်ဖြစ်သည်။

**ရှောင်ရန်တရားများ**

လူငယ်များ၏ ဘဝခရီးလမ်းတွင် မိတ်ဆွေကောင်းများက အကျိုးပြုနေစဉ်တွင် မိတ်ဆွေတု၊ မိတ်ဆွေယောင်များက ဘဝတိုးတက်လမ်းကို ပိတ်သွားစေပြီး ဘဝကိုချောက်ကမ်းပါးအတွင်းသို့ သက်ဆင်းသွားစေနိုင်သည်။ "အယူသာရှိပြီး အပေးမရှိသော အညဒတ္ထုဟာရ မိတ်ဆွေတု၊ နှုတ်ဖြင့်သာ လောကွတ်ပြုတတ်ပြီး လက်တွေ့မလုပ်ပေးတတ်သည့် ဝစီပရမမိတ်ဆွေတု၊ အလိုကိုသာလိုက်၍ ပြောဆိုလုပ်ကိုင်တတ်သည့် အနုပ္ပိယဘာဏီ မိတ်ဆွေတု၊ ပျက်စီးရာ ပျက်စီးကြောင်း မကောင်းသော အလုပ်များ၌သာ အပေါင်းအဖော်ဖြစ်သော အပါယသဟာယမိတ်ဆွေတု" စသည့်မိတ်ဆွေတုများကို အပေါင်းအသင်းမလုပ်မိစေရန်လိုသည်။ ကိုယ်တိုင်ကလည်း အခြားသူများအတွက် ကောင်းကျိုးကို မဖြစ်စေဘဲ ဆိုးကျိုးကိုသာဖြစ်စေသည့် အကျိုးယုတ်စေသည့်မိတ်ဆွေတုမဖြစ်အောင် ကြိုးစားရမည်ဖြစ်သည်။

အလွန်တိုတောင်းလှသည့် လူ့ဘဝခရီးလမ်းကို လျှောက်လှမ်းရာတွင် လိုက်နာစောင့်ထိန်းရမည့် လူ့ကျင့်ဝတ်များစွာရှိသည်။ ထိုကျင့်ဝတ်တရားများကို လွယ်လင့်တကူ ချိုးဖောက်၍ ကမောက်ကမဖြစ်စေသည့်အရာများကို ထာဝရရှောင်ရှားရမည်ဖြစ်သည်။ "အရက်သေစာသောက်စားခြင်း၊ လောင်းကစားပြုလုပ်ခြင်း၊" စသည့်မကောင်းမှုများသည် လူ့ကျင့်ဝတ်များကို ဖောက်ဖျက်စေနိုင်သဖြင့် ရှောင်ရှားရမည်ဖြစ်သည်။ မြတ်စွာဘုရားရှင်က သိင်္ဂါလသတို့သားကို လူ့ဝိနည်းကျင့်ဝတ်များကို ဟောဖော်ညွှန်ပြဆုံးမခဲ့ရာတွင် "သူ့အသက်သတ်ခြင်း၊ ပိုင်ရှင်မပေးသည့်အရာကို ခိုးယူခြင်း၊ ကာမဂုဏ်တို့၌ မှားယွင်းစွာကျူးလွန်ခြင်း၊ မဟုတ်မမှန်ပြောဆိုခြင်း၊" စသည်တို့သည် ညစ်ညူးသော ကံလေးပါးဖြစ်ပြီး လူသားတစ်ဦးအနေဖြင့် ထိုအကြောင်းတရားများကို ရှောင်ရှားရမည်ဟု ဟောကြားခဲ့သည်။ ထိုကံလေးပါးကို ကျူးလွန်ခြင်းသည်လည်း လူ့ကျင့်ဝတ်များကို ချိုးဖောက်ခြင်းပင်ဖြစ်သဖြင့် ရှောင်ရှားရမည်ဖြစ်သည်။

**အကြောင်းတရားလေးပါးထာဝရရှောင်ရှား**

လူ့ဘဝခရီးလမ်းလျှောက်လှမ်းရာတွင် မကောင်းမှုများကို လူသားတို့ကျူးလွန်မိတတ်ကြသည်။ မကောင်းမှုကို ကျူးလွန်မိတတ်သည့်အခြေခံအကြောင်းတရားလေးပါးဖြစ်သည့် ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ ဘယာဂတိ၊ မောဟာဂတိတို့ကို ထာဝရရှောင်ရှားရမည်ဖြစ်သည်။ ဆန္ဒာဂတိဆိုသည်မှာ ချစ်သဖြင့်မလိုက်အပ်သည် သို့လိုက်၍ မကောင်းမှုကိုပြုလုပ်မိခြင်း၊ ဒေါသာဂတိဆိုသည်မှာ မုန်းသဖြင့် မလိုက်အပ်သည်သို့လိုက်၍ မကောင်းမှုကိုပြုလုပ်မိခြင်း၊ ဘယာဂတိဆိုသည်မှာ ကြောက်သဖြင့် မလိုက်အပ်သည်သို့လိုက်၍ မကောင်းမှုကိုပြုလုပ်မိခြင်း၊ မောဟာဂတိဆိုသည်မှာ မသိသဖြင့် မလိုက်အပ်သည်သို့လိုက်၍ မကောင်းမှုကို ပြုလုပ်မိခြင်းတို့ပင်ဖြစ်သည်။

**ကျင့်ဝတ်လိုက်နာ လွန်ချမ်းသာ**

မွေးဖွားခြင်းနှင့်သေဆုံးခြင်းကြား အချိန်ကာလကို ဘဝဟုဆိုကြသည်။ "မိဘအုပ်ထိန်းသူများ၏ စောင့်ရှောက်မှုကို ခံယူရသည့်ကလေးဘဝ၊ ဘဝခရီးလမ်းတွင် အပျိုသင်စ လူငယ်ဘဝ၊ ကိုယ်ပိုင်ဘဝဖြင့် ဘဝခရီးကို နှင်နေသည့်အိမ်ရာထူထောင်သည့် ဘဝ၊ ထိုမှလွန်သည့်အခါ အခြားသူများ၏ ကူညီစောင့်ရှောက်မှုကို ပြန်လည်ရယူရသည့် အသက်အရွယ်ကြီးရင့်သည့်ဘဝ" စသည်ဖြင့်အချိန်တို့ကို ဖြတ်သန်းရသည်။ ထိုကာလများအနက် ဘဝခရီးလမ်းကို ကိုယ်ပိုင်အသိဖြင့် စတင်လျှောက်လှမ်းမည့် အချိန်သည် အရေးကြီးဆုံးပင်ဖြစ်သည်။ လူမှုပတ်ဝန်းကျင်တွင် ဖြစ်ပေါ်တိုးတက်နေသည့်အရာများကို သင်ကြားနေသည့်အချိန်တွင် လူ့ကျင့်ဝတ်များကို ချိုးဖောက်မိမည်ဆိုပါက လူမှုပတ်ဝန်းကျင်တွင် ဝင်ဆံ့နိုင်ရန် မလွယ်ကူတော့ပေ။ လူ့ကျင့်ဝတ်များကို လေးစားလိုက်နာသူသည် လောကလူ့ရွာကောင်းကျိုးကို သယ်ပိုးသူဖြစ်သဖြင့် လူတိုင်းက ချစ်ခင်လေးစားတန်ဖိုးထားကြသည်။ သို့ဖြစ်ရာ လူငယ်များအနေဖြင့် လူ့ကျင့်ဝတ်များကို လိုက်နာခြင်းဖြင့် အောင်မြင်တိုးတက်သော ဘဝကိုရနိုင်ကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရပါသည်။

**ကိုးကား**

**-ဗုဒ္ဓဘာသာကောင်းတစ်ယောက်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊**

**-သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၂၀၂၀၊**

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၀၄၄ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ စက်တင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၃၀၄၄ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌နေကြာ ၃၀၄၄ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ နေကြာ ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ ပြည်ပကတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားပါမယ်။ နေကြာ တစ်ဧကေ ဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များပါတယ်" ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနက နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ခြင်းများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ပုသိမ်မြို့နယ်တွင် ဒေသထွက်နှံ့ကားဆန်များ အရောင်းအဝယ်ကောင်းမွန်နေ

**ပုသိမ် စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် နှံ့ကားဆန်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

ပုသိမ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးဈေးကွက်တွင် ယခုနှစ် ဩဂုတ်လတတိယပတ်က စတင်ပြီး နှံ့ကားဆန်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ နှံ့ကားဆန်များ ဝယ်လိုအားကောင်းလာခြင်းသည် ဒေသဈေးကွက်မှ အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"အခု ဒေသဈေးကွက်မှာ အခြားဆန်တွေထက် နှံ့ကားဆန်က ဝယ်လိုအားကောင်းနေပါတယ်။ ဩဂုတ်လတတိယပတ်လောက်ကနေ အဝယ်လိုက်လာတာဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်ကလဲ နှံ့ကားဆန်တွေ အဝယ်လိုက်နေပါတယ်။ အခုလို နှံ့ကားဆန်တွေ အဝယ်လိုက်နေတာကလဲ ပြည်တွင်းဆန်လုပ်ငန်းနဲ့ ဆက်စပ်တဲ့လုပ်ငန်းတွေ ပြန်လည်ပတ်လာလို့ပါ။ အရောင်းအဝယ်ကောင်းမွန်လာတော့ ဆန်သိုလှောင်ထားတဲ့သူတွေ အဆင်ပြေလာပါတယ်"ဟု ပုသိမ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။



ပုသိမ်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ဈေးကွက်တွင် အရောင်းအဝယ် ကောင်းနေသည့် နှံ့ကားဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၃၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ နှံ့ကားဆန်များ ဝယ်လိုအားကောင်းလာခြင်းကြောင့် ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ ကုန်ထမ်းလုပ်သားများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# အုတ်ဖိုမြို့နယ် အုန်းနဲ့ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**အုတ်ဖို စက်တင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုန်းနဲ့ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းအကြောင်းကို မိတ်ဆက်ရှင်းလင်းပြောကြားပြီး စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာဇာစိုးက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့် အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ အုန်းနဲ့ကျေးရွာ၌ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အုတ်ဖိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အေးမြတ်**

# စလင်းမြို့နယ် မကျီးပင်ပုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစု ဝင်ငွေတိုးပွားစေရန်၊ ကျေးလက်နှင့် မြို့ပြကွာဟမှုကို လျှော့ချနိုင်ရန်ရည်ရွယ်၍ မကျီးပင်ပုကျေးရွာအုပ်စု မကျီးပင်ပုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မကျီးပင်ပုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ်လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့သည်။

အဆိုပါ မကျီးပင်ပုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၃၁ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းစိုး**

# ရွှေတောင်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဖွင့်

**ရွှေတောင် စက်တင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ရွှေ၊ ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ခိုင်ဇော်က အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးရာဇာလင်းနှင့် တာဝန်ရှိသူများက သင်တန်းသားများထံ သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ရွှေတောင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ဆိုင်ကယ်ပြင်နည်းနှင့် စပ်လျဉ်းသည့် ဘာသာရပ်များကို စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ တစ်လကြာ စာတွေ့လက်တွေ့အခမဲ့ သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဆက်လူ**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ် - ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# တူနီးရှားနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားပြီး သစ်တောဧက ၁၄၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရ



**တူးနစ် စက်တင်ဘာ ၂**

တူနီးရှားနိုင်ငံတွင် ဇွန်လမှ ဩဂုတ်လအတွင်း တောမီးလောင်ကျွမ်းမှုဖြစ်ပွားပြီး သစ်တောဧက ၁၄၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

အရေးပေါ်မီးသတ်တပ်ဖွဲ့၏ ထုတ်ပြန်ချက်အရ အဆိုပါကာလအတွင်း သစ်တောနှင့် ၎င်းအနီးဝန်းကျင်ဒေသများတွင် အဓိကတောမီးလောင်ကျွမ်းရာ နေရာ ၁၃၄၆၃ နေရာရှိခဲ့ကြောင်း၊ ဒေသအများအပြားတွင် တစ်ပြိုင်နက်တည်း တောမီးလောင်မှုဖြစ်ပွားခဲ့သဖြင့် မီးငြိမ်းသတ်ရာတွင် အခက်အခဲများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အလျင်အမြန် လောင်ကျွမ်းနေသော တောမီးကိုထိန်းချုပ်ရန် မီးသတ်တပ်ဖွဲ့ဝင်များကို တပ်ဖြန့်ဆောင်ရွက်ခဲ့သဖြင့် အဆိုပါနေရာများကို ငြိမ်းသတ်ထိန်းချုပ်နိုင်ခဲ့သော်လည်း တောမီးလောင်ကျွမ်းမှု၏ ၈၅ ရာခိုင်နှုန်းခန့်သာ ထိန်းချုပ်နိုင်ခဲ့ကြောင်း၊ လက်ရှိတွင် မိုးကြိုးမုန်တိုင်းများနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် တောမီးလောင်ကျွမ်းမှုပြန်လည်ဖြစ်ပွားနေကြောင်း၊ ယခုတောမီးလောင်ကျွမ်းရာနေရာများမှာမတ်စောက်ပြီး မီးသတ်တပ်ဖွဲ့ဝင်များရောက်ရှိရန် ခက်ခဲသောဒေသများဖြစ်သဖြင့် မီးတောက်များ အလျင်အမြန်ပျံ့နှံ့ခဲ့ကြောင်း ပြည်သူ့ ကာကွယ်ရေးဌာန၏ အကြီးအကဲ ကာလီမက်ရှာရီက ပြောကြားခဲ့သည်။

ယနေ့တွင် ထိုတောမီးလောင်ရာနေရာများ၌ မြေပြင်မီးသတ်တပ်ဖွဲ့များနှင့် တူနီးရှားလေတပ်တို့ ပူးပေါင်းမှုဖြင့် ငြိမ်းသတ်နေကြောင်း၊ မီးလောင်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# စပိန်နိုင်ငံ၌ ၂၀၂၄ ခုနှစ် နွေကာလအတွင်း အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်၍ သေဆုံးသူဦးရေ ၅၀၀၀ ကျော်ထိရှိခဲ့

**မက်ဒရစ် စက်တင်ဘာ ၂**

စပိန်နိုင်ငံ၌ ၂၀၂၄ ခုနှစ် နွေကာလအတွင်း အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုဖြစ်ပေါ်ခဲ့ပြီး အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်၍ သေဆုံးသူဦးရေ ၅၀၀၀ ကျော်ထိရှိခဲ့ကြောင်း စပိန်ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

နွေကာလအတွင်း အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုမှာ စံချိန်တင်အပူချိန်မြင့်တက်မှု တစ်ရပ်ဖြစ်ခဲ့ပြီး သက်တမ်းတစ်လျှောက် အပူချိန်ပမာဏအများဆုံး နွေကာလဖြစ်ခဲ့ကြောင်း၊ အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်ပြီး သေဆုံးသူအများစုမှာ သက်ကြီးရွယ်အိုများဖြစ်ပြီး အများစုမှာ အသက် ၆၅ နှစ်နှင့်အထက်ရှိသူများ ဖြစ်ကြောင်း၊ အပူချိန်အမြင့်မားဆုံးသောကာလမှာ ဇွန် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အတွင်းဖြစ်ပြီး နှစ်စဉ် ဖြစ်ပေါ်လေ့ရှိသည့် အပူချိန်ပမာဏထက် ၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်မားခဲ့ကြောင်း၊ အထူးသဖြင့် ဇွန်လတွင် အပူချိန် အမြင့်မားဆုံးဖြစ်ခဲ့ပြီး စပိန်နိုင်ငံသက်တမ်းတစ်လျှောက် ဒုတိယမြောက်အပူချိန်အမြင့်ဆုံးသော ဇွန်လဖြစ်ခဲ့ကြောင်း စပိန်မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

စပိန်နိုင်ငံ နေ့စဉ်သေဆုံးမှုစောင့်ကြည့်စနစ်(MoMo)၏ ထုတ်ပြန်ချက်အရ ၂၀၂၄ ခုနှစ် နွေကာလအတွင်း သေဆုံးသူစုစုပေါင်း ၅၂၃၂ ဦးရှိခဲ့ပြီး ဇွန်လမှ ဩဂုတ်လအတွင်း သေဆုံးသူစုစုပေါင်း ၅၁၁၁ ဦးရှိခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ဟိမဝန္တာတောင်တန်းရှိ နယ်မြေများတွင် ရေကြီးရေလျှံမှုများ ထပ်မံဖြစ်ပေါ်လာနိုင်ကြောင်း သုတေသီများက သတိပေးချက်ထုတ်ပြန်

**ဂျီနီဗာ စက်တင်ဘာ ၂**

ဟိမဝန္တာတောင်တန်းရှိ နယ်မြေများတွင် ရေကြီးရေလျှံမှုများ ထပ်မံဖြစ်ပေါ်လာနိုင်ကြောင်း ကမ္ဘာ့ကုလသမဂ္ဂမှ သုတေသီများက သုတေသန ရလဒ်များနှင့်တကွ သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဟိမဝန္တာတောင်တန်းတွင် ရေခဲတောင်များ အရည်ပျော်ကျကာ တောင်ကျရေများအသွင် စီးဆင်းခဲ့ပြီးနောက် ဟိမဝန္တာတောင်တန်းရှိ နယ်မြေများတွင် ရေကြီးရေလျှံမှု ဖြင့်ရင်ဆိုင်ခဲ့ရကြောင်း၊ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံတို့တွင် ရေကြီးရေလျှံမှုပြဿနာဖြင့် အဓိကရင်ဆိုင်နေရပြီး ၎င်းနိုင်ငံများ၌ ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုအများစုမှာ ဟိမဝန္တာတောင်တန်းရှိ ရေခဲတောင်အရည်ပျော်ကျရာမှ ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုများဖြစ်ကြောင်း သုတေသီများက ထုတ်ပြန်ခဲ့သည်။

"ဟိမဝန္တာတောင်တန်းဒေသတွေမှာ နှစ်စဉ်နှစ်တိုင်း ရေကြီးရေလျှံမှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဟိမဝန္တာတောင်တန်းမှာရှိတဲ့ ရေခဲတောင်တွေအရည်ပျော်ကျရာကနေ ဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်။ ရေခဲတောင်တွေ အရည်ပျော်ကျမှုဖြစ်စဉ်တွေ၊ ရေခဲတောင်ပြိုကျတဲ့ဖြစ်စဉ်တွေဟာ ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပါတယ်။ အအေးဓာတ်မြင့်မားတဲ့ဒေသတွေမှာ အပူချိန်တွေမြင့်တက်လာတဲ့အတွက်အခုလိုရေခဲတောင်အရည်ပျော်ကျရတာ ဖြစ်ပါတယ်။ ဒီဖြစ်စဉ်တွေနဲ့ပတ်သက်ပြီး နည်းပညာအကူအညီတွေ ရယူပြီး ဖြေရှင်းသွားဖို့ကလဲ မဖြစ်နိုင်ပါဘူး။ ဖြေရှင်းနိုင်ဖို့ တစ်ခုတည်းသောနည်းလမ်းကတော့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေကို တိုးမြှင့်လုပ်ဆောင်ဖို့ပါ။ အပူချိန်မြင့်တက်မှုကို ထိန်းချုပ်နိုင်မှ ဒီပြဿနာတွေကို ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်"ဟု ကမ္ဘာ့ကုလသမဂ္ဂမှ သုတေသီတစ်ဦးက ပြောကြားခဲ့သည်။



Ref : Sputnik News

Trs : Sai Sat

# အမေရိကန်နိုင်ငံ တက္ကဆက်နှင့် လူဝီစီယားနားပြည်နယ်တွင် အပူပိုင်းမုန်တိုင်းအက်ဒ်ဂါ ဝင်ရောက်တိုက်ခတ်

**ဝါရှင်တန် စက်တင်ဘာ ၂**

အမေရိကန်နိုင်ငံ တက္ကဆက်နှင့် လူဝီစီယားနားပြည်နယ်တွင် စက်တင်ဘာ ၁ ရက်က အပူပိုင်းမုန်တိုင်းအက်ဒ်ဂါ ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အပူပိုင်းမုန်တိုင်း အက်ဒ်ဂါသည် မက္ကဆီကိုပင်လယ်ကွေ့မှ ထွက်ခွာပြီး တက္ကဆက်နှင့် လူဝီစီယားနားပြည်နယ်၏ ကမ်းခြေသို့ ဝင်ရောက်တိုက်ခတ်ခဲ့ကာ လေတိုက်နှုန်းသည် တစ်နာရီလျှင် မိုင် ၆၀ ထိရှိပြီး မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အမျိုးသားဟာရီကိန်းစင်တာ၏အဆိုအရ အပူပိုင်းမုန်တိုင်း အက်ဒ်ဂါသည် လူဝီစီယားနားပြည်နယ်၏ အနောက်တောင်ဘက်သို့ ဝင်ရောက် တိုက်ခတ်ခဲ့ပြီး ထိုမှတစ်ဆင့် တက္ကဆက်ပြည်နယ် အရှေ့တောင်ပိုင်းသို့ ဝင်ရောက်ခဲ့ကြောင်း၊ မုန်တိုင်းအရှိန်ကြောင့် အဆိုပါပြည်နယ်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်နေကြောင်း သိရသည်။

ယနေ့တွင် မုန်တိုင်းသည် ကုန်းတွင်းပိုင်းသို့ ရွေ့လျားလာသဖြင့် အားပျော့သွားနိုင်ကြောင်း၊ သို့သော် အပူပိုင်းမုန်တိုင်း အက်ဒ်ဂါသည် မက္ကဆီကိုပင်လယ်ကမ်းရိုးတန်းမှ အရှေ့အလယ်ပိုင်း တက္ကဆက်ပြည်နယ် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်ချိန်တွင် မိုးရေချိန် ကိုးလက်မထိ ရွာသွန်းနိုင်ကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဒေသတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်ကြောင်း အမျိုးသားဟာရီကိန်းစင်တာက ထုတ်ပြန်ခဲ့သည်။

ထို့ပြင် မုန်တိုင်းကြောင့် အမေရိကန်နိုင်ငံ အရှေ့တောင်ပိုင်း တက္ကဆက်ပြည်နယ်ရှိ လူနေအိမ်နှင့် စီးပွားရေးလုပ်ငန်း ၄၀၀၀ ကျော် လျှပ်စစ်ဓာတ်အား ပြတ်တောက်နေကြောင်း လျှပ်စစ်ဓာတ်အားပေးဝေရေးဌာနများ၏ ထုတ်ပြန်ချက်အရ သိရသည်။

Ref : Russia Today

Trs : KZ

# ဗင်နီဇွဲလားနိုင်ငံတွင် မြေငလျင်ကြောင့်ယာယီပိတ်ထားသော ဆိုင်မွန်ဘိုလီဗာအပြည်ပြည်ဆိုင်ရာလေဆိပ်ဖွင့်၍ လေကြောင်းလိုင်းများ ပြန်လည်ပြေးဆွဲ

**ကာရာကက်စ် စက်တင်ဘာ ၂**

ဗင်နီဇွဲလားနိုင်ငံတွင် ဇွန် ၂၄ ရက်က ပြင်းအားများသည့် မြေငလျင်နှစ်ကြိမ် လှုပ်ခတ်ခဲ့သဖြင့် ယာယီပိတ်ထားသော ဆိုင်မွန်ဘိုလီဗာ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို စက်တင်ဘာ ၁ ရက်တွင်ဖွင့်လှစ်၍ လေကြောင်းလိုင်းများ ပြန်လည်ပြေးဆွဲကြောင်း ဗင်နီဇွဲလားအစိုးရက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဆိုင်မွန်ဘိုလီဗာအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ကီလိုမီတာ ၂၀ ခန့်အကွာတွင် ပြင်းအား ၇ ဒသမ ၂ မဂ္ဂနီကျူရှိသည့် မြေငလျင်နှင့် ပြင်းအား ၇ ဒသမ ၅ မဂ္ဂနီကျူရှိသော မြေငလျင်တို့ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ငလျင်ကြောင့် ဆိုင်မွန်ဘိုလီဗာ အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံများ ပျက်စီးခဲ့ကြောင်း သိရသည်။

"မြေငလျင်တွေကြောင့် ယာယီပိတ်ထားရတဲ့ ဆိုင်မွန်ဘိုလီဗာ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို စက်တင်ဘာ ၁ ရက်က ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒီလေဆိပ်ဟာ နိုင်ငံရဲ့လေကြောင်းသယ်ယူပို့ဆောင်မှုအတွက် အဓိကကျတဲ့ လေဆိပ်ဖြစ်ပါတယ်။ လေကြောင်းခရီးစဉ်တွေကိုလဲ ပုံမှန်အတိုင်း ပြန်လည် ပြေးဆွဲခွင့်ပြုထားပြီး ဖြစ်ပါတယ်။ လေကြောင်းပို့ဆောင်ရေးအတွက်လဲ အဆင်ပြေ ချောမွေ့ပြီဖြစ်ပါတယ်"ဟု ဗင်နီဇွဲလားသမ္မတရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# အနာဂတ်ပညာရေးကို ပြောင်းလဲပေးမည့် ဉာဏ်ရည်တုနည်းပညာ

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

ဉာဏ်ရည်တု (AI) နည်းပညာသည် ခေတ်သစ်လူ့အဖွဲ့အစည်း၏ နယ်ပယ်များစွာကို လျင်မြန်စွာ ပြောင်းလဲနေပြီး ပညာရေးသည်အပြုသဘောဆောင်သော ပြောင်းလဲမှုအတွက် အလားအလာအရှိဆုံး နယ်ပယ်တစ်ခုအဖြစ်ပေါ်ထွက်လာနေသည်။ ကိုယ်ပိုင်သင်ယူမှုနှင့် ဉာဏ်ရည်ထက်မြက်သော နည်းပြပေးခြင်းမှသည် သင်ခန်းစာပြင်ဆင်မှု၊ ပညာရေးဆိုင်ရာ သုတေသနနှင့် အုပ်ချုပ်ရေးဆိုင်ရာ ပံ့ပိုးမှုထိ AI သည် ဆရာ၊ ဆရာမများနှင့် ကျောင်းသားများအတွက် အခွင့်အလမ်းအသစ်များကို ဖန်တီးပေးနေသည်။

ဖန်တီးထုတ်လုပ်သော AI (Generative AI) ရောက်ရှိလာခြင်းသည် ဤပြောင်းလဲမှုကို အရှိန်မြှင့်ပေးခဲ့သည်။ ယခင် ဒစ်ဂျစ်တယ်နည်းပညာများနှင့် မတူဘဲ Generative AI သည် ဘာသာစကားမှတစ်ဆင့် သင်ယူသူများနှင့် အပြန်အလှန်ဆက်သွယ်နိုင်သည်။ ပညာရေးဆိုင်ရာ အကြောင်းအရာများကို ဖန်တီးနိုင်သည်။ ရှင်းလင်းချက်များနှင့် တုံ့ပြန်ချက်များ ပေးစွမ်းနိုင်ပြီး သင်ယူမှုလှုပ်ရှားမှုများကို ဒီဇိုင်းဆွဲရာတွင် ဆရာ၊ ဆရာမများကို ပံ့ပိုးပေးနိုင်သည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း(OECD) ၏ ဒစ်ဂျစ်တယ်ပညာရေး အလားအလာ ၂၀၂၆ တွင် Gen AI ကို ရှင်းလင်းသော သင်ကြားရေးရည်ရွယ်ချက်များဖြင့် အသုံးပြုသောအခါ အလားအလာရှိသော အစွမ်းထက်သော ဆရာ၊ သင်ယူမှုမိတ်ဖက်နှင့် သင်ကြားရေးလက်ထောက်အဖြစ်ဖော်ပြထားသည်။

ထို့ကြောင့် ပညာရေးတွင် AI သည် နေရာတစ်ခုရှိသင့်မသင့်မဟုတ်ဘဲ ပညာရေးစနစ်များသည် ဆရာ၊ ဆရာမများ၏ မရှိမဖြစ်လူသားအခန်းကဏ္ဍကို ထိန်းသိမ်းရင်း သင်ယူမှုရလဒ်များ တိုးတက်စေရန် AI ကို မည်သို့ဉာဏ်ရည်ထက်မြက်စွာ၊ တာဝန်သိစွာနှင့် အသုံးချနိုင်မည်နည်းဟု မေးခွန်းထုတ်စရာရှိလာသည်။

**သင်ယူမှုလုပ်ဖော်ကိုင်ဖက်အသစ် တစ်ဦးအနေဖြင့် အသုံးဝင်သော AI**

ပညာရေးတွင် AI ၏ အလားအလာအရှိဆုံး အသုံးချမှုများထဲမှတစ်ခုမှာ ပုဂ္ဂိုလ်ရေးဆန်သော သင်ယူဖြစ်သည်။ ကျောင်းသားများတွင် မတူညီသော စွမ်းရည်များ၊ စိတ်ဝင်စားမှုများ၊ သင်ယူမှုအမြန်နှုန်းများနှင့် ပညာရေးဆိုင်ရာလိုအပ်ချက်များ ရှိကြသည်။ သမားရိုးကျ စာသင်ခန်းသင်ကြားမှုသည် သင်ယူသူတိုင်းကို တစ်ဦးချင်းစီတုံ့ပြန်ရန် ခက်ခဲနိုင်သည်။ သို့သော် AI အခြေပြုပညာရေးစနစ်များသည် ရှင်းလင်းချက်များ၊ လေ့ကျင့်ခန်းများနှင့် တစ်ဦးချင်းလိုအပ်ချက်များနှင့် ကိုက်ညီသော တုံ့ပြန်ချက်များကို ပေးစွမ်းနိုင်သည်။

ထို့ပြင် AI သည် အပြန်အလှန်အကျိုးသက်ရောက်သော သင်ယူမှုလုပ်ဖော်ကိုင်ဖက်အဖြစ်လည်းလုပ်ဆောင်နိုင်သည်။ အဖြေတစ်ခုပေးရုံသာမက ပညာရေးဆိုင်ရာ AI စနစ်သည် မေးခွန်းများမေးနိုင်သည်။ ကျောင်းသားများကို ၎င်းတို့၏ အကြောင်းပြချက်ကို ရှင်းပြရန် အားပေးနိုင်ပြီး အခက်အခဲများနှင့်ကြုံတွေ့ရသည့်အခါ လမ်းညွှန်မှုပေးနိုင်သည်။

**ဝေဖန်ပိုင်းခြားတွေးခေါ်မှုနှင့် တီထွင်ဖန်တီးနိုင်စွမ်း တိုးတက်စေခြင်း**

AI သည် ကျောင်းသားများကို ၎င်းတို့ကိုယ်တိုင် စဉ်းစားတွေးခေါ်ခြင်းမှ တားဆီးနိုင်သည်ဟူသော စိုးရိမ်မှုတစ်ခု တစ်ခါတစ်ရံတွင် ရှိတတ်သည်။ ဤစိုးရိမ်မှုသည် အရေးကြီးသော်လည်း ၎င်းအချက်က AI အထောက်အကူပြုပညာရေး၏ ပိုမိုကောင်းမွန်သော မော်ဒယ်တစ်ခုလိုအပ်ကြောင်းကိုလည်း မီးမောင်းထိုးပြနေသည်။

AI ကို အဖြေများထုတ်ပေးရန် သို့မဟုတ် တာဝန်များကို ပြီးမြောက်အောင် လုပ်ဆောင်ရန်သာ အသုံးပြုသောအခါ ကျောင်းသားများသည် တက်ကြွမှုမရှိသောအသုံးပြုသူများ ဖြစ်လာနိုင်သည်။ သို့သော် ဆရာများသည် AI ကို ပြဿနာဖြေရှင်းခြင်း၊ဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်သင်ယူမှုတွင် ရည်ရွယ်ချက်ရှိရှိထည့်သွင်းသောအခါ ၎င်းသည် အဆင့်မြင့်တွေးခေါ်မှု ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အစွမ်းထက်သော ကိရိယာတစ်ခုဖြစ်လာနိုင်သည်။

ကျောင်းသားများသည် AI ကို မတူညီသော ရှင်းလင်းချက်များကို နှိုင်းယှဉ်ရန်၊ အငြင်းပွားမှုများ၏ အားနည်းချက်များကို ဖော်ထုတ်ရန်၊ နောက်ဆက်တွဲ




မေးခွန်းများမေးရန်နှင့် အခြားဖြေရှင်းနည်းများကို စူးစမ်းလေ့လာရန် အသုံးပြုနိုင်သည်။

OECD သည် Gen AI ကို ပညာရေးဆိုင်ရာ ရည်ရွယ်ချက်ဖြင့် အသုံးပြုသောအခါ ဝေဖန်ပိုင်းခြားတွေးခေါ်မှု၊ တီထွင်ဖန်တီးနိုင်စွမ်း၊ ပူးပေါင်းဆောင်ရွက်မှုနှင့် အငြင်းပွားမှုအပါအဝင် ကျွမ်းကျင်မှုများကို ပံ့ပိုးပေးနိုင်ကြောင်း တွေ့ရှိခဲ့သည်။ ထို့ကြောင့် ရည်မှန်းချက်မှာ ကျောင်းသားများကို AI အသုံးပြုခြင်းမှ တားဆီးရန်မဟုတ်ပေ။ AI ကို ၎င်းတို့အတွက် စဉ်းစားခွင့်မပြုဘဲ AI ဖြင့် မည်သို့စဉ်းစားရမည်ကို သင်ကြားပေးသင့်သည်။

**AI နှင့် ပညာရေးအခွင့်အလမ်းများ**

AI ၏ အဓိကအကျိုးကျေးဇူးတစ်ခုမှာ အရည်အသွေးမြင့်ပညာရေးအရင်းအမြစ်များကို ရယူအသုံးပြုနိုင်ရန် တိုးချဲ့နိုင်သည့် အလားအလာဖြစ်သည်။ ပညာရေးအရင်းအမြစ် အကန့်အသတ်ရှိသော ဝေးလံခေါင်သီသော ဒေသများ သို့မဟုတ် လူမှုအသိုက်အမြုံများရှိ ကျောင်းသားများသည် လုံလောက်သော ချိတ်ဆက်မှု၊ စက်ပစ္စည်းများနှင့် ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုများရှိပါက AI ပံ့ပိုးထားသော သင်ယူမှုကိရိယာများမှ အကျိုးကျေးဇူးရရှိနိုင်သည်။ AI သည် အခက်အခဲအဆင့်အမျိုးမျိုးတွင် ရှင်းလင်းချက်များကို ပေးနိုင်သည်၊ ဘာသာစကား သင်ယူမှုကို အထောက်အကူပြုနိုင်သည်၊ နောက်ထပ်လေ့ကျင့်မှုများ ပေးစွမ်းနိုင်ပြီး ပုံမှန်စာသင်ခန်း အချိန်များထက် ပညာရေးအရင်းအမြစ်များကို ရရှိနိုင်အောင် ပြုလုပ်ပေးနိုင်သည်။

ဤအလားအလာသည် ဖွံ့ဖြိုးဆဲနိုင်ငံများ အတွက် အထူးအရေးကြီးသည်။ အစိုးရများသည် ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံ၊ ဆရာအတတ်ပညာသင်တန်းနှင့် ပညာရေးနည်းပညာများကို တတ်နိုင်သောဈေးနှုန်းဖြင့် ရယူအသုံးပြုနိုင်မှုတွင် တစ်ပြိုင်နက်တည်းရင်းနှီးမြှုပ်နှံပါက AI သည် ပညာရေးဆိုင်ရာ မညီမျှမှုအချို့ကို ကျဉ်းမြောင်းစေရန် ကူညီပေးနိုင်သည်။

သို့သော် နည်းပညာဆိုင်ရာ ဝင်ရောက်ခွင့်သည် ဒစ်ဂျစ်တယ်တတ်ကျွမ်းမှု (Digital Literacy) နှင့်အတူ တွဲဖက်ရမည်ဖြစ်သည်။ AI ကိရိယာများ ပံ့ပိုးပေးခြင်းသည် ပိုမိုကောင်းမွန်သော ပညာရေးကို အလိုအလျောက်မဖြစ်ပေါ်စေပါ။ ကျောင်းသားများနှင့် ဆရာများသည် ဤနည်းပညာများကို ထိရောက်စွာ ဝေဖန်ပိုင်းခြားစွာနှင့် တာဝန်သိစွာ အသုံးပြုရန် ကျွမ်းကျင်မှုများလိုအပ်ပါသည်။

**လူသားဗဟိုပြုချဉ်းကပ်မှု**

AI ၏အပြုသဘောဆောင်သော အလားအလာကို တာဝန်ယူမှုရှိသော စီမံအုပ်ချုပ်မှုဖြင့် တွဲဖက်ထားရမည်ဖြစ်သည်။ ပညာရေးနှင့် သုတေသနတွင် တီထွင်ဖန်တီးမှုဆိုင်ရာ AI အတွက် UNESCO ၏ လမ်းညွှန်ချက်သည် AI ကို ကျင့်ဝတ်နှင့်အညီ၊ ဘေးကင်းလုံခြုံသော၊ တန်းတူညီမျှပြီး အဓိပ္ပာယ်ရှိသော အသုံးပြုမှုကို မြှင့်တင်ပေးသည့် လူသားဗဟိုပြုချဉ်းကပ်မှုကို ထောက်ခံသည်။ ၎င်းသည် ဒေတာလုံခြုံရေးနှင့် သင့်လျော်သော မူဝါဒများကိုလည်း မီးမောင်းထိုးပြသည်။ ဤမူသည် အထူးအရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ပညာရေးသည် သတင်းအချက်အလက် လွှဲပြောင်းခြင်းသက်သက်မဟုတ်ပေ။ ၎င်းသည် လူသားစရိုက်၊ တီထွင်ဖန်တီးနိုင်စွမ်း၊ ဆက်ဆံရေး၊ တန်ဖိုးများနှင့် နိုင်ငံသားဖြစ်မှုတို့ကို ဖွံ့ဖြိုးတိုးတက်စေခြင်းတို့နှင့်လည်း ပတ်သက်ခြင်းပင်ဖြစ်သည်။

ထို့ကြောင့် AI သည် Agent အဖြစ်သာ ပံ့ပိုးပေးသင့်သည်။ ဆရာ၊ ဆရာမများသည် အရေးကြီးသော ပညာရေးဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် တာဝန်ရှိနေသင့်ပြီး ကျောင်းသားများသည်၎င်းတို့၏ ကိုယ်ပိုင်သင်ယူမှုတွင် တက်ကြွစွာ ပါဝင်နေသင့်သည်။

**AI ခေတ်တွင် ဆရာ၊ ဆရာမများနှင့် ကျောင်းသားများကို ပြင်ဆင်ပေးခြင်း**

AI အောင်မြင်စွာ ပေါင်းစပ်ရန်အတွက် ပညာရေးဆိုင်ရာ အသိပညာပုံစံသစ်တစ်ခု လိုအပ်သည်။ ဆရာ၊ ဆရာမများသည် AI ကိရိယာများကို မည်သို့ဆောင်ရွက်ရမည်ကိုသာမက ၎င်းတို့ကို ထိရောက်သောသင်ကြားရေးဗျူဟာများတွင် မည်သို့ထည့်သွင်းရမည်ကိုပါ လွှမ်းခြုံထားသည့် ပရော်ဖက်ရှင်နယ်ဖွံ့ဖြိုးတိုးတက်မှုလိုအပ်သည်။

ကျောင်းသားများသည်လည်း AI တတ်ကျွမ်းမှုလိုအပ်သည်။ ၎င်းတို့သည် AI စနစ်များက အချက်အလက်များကို မည်သို့ထုတ်ပေးသည်ကို နားလည်သင့်သည်။ AI သည် မတိကျသော သို့မဟုတ် ဘက်လိုက်သော တုံ့ပြန်မှုများကို ထုတ်ပေးနိုင်ကြောင်း သိရှိသင့်သည်။ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို ကာကွယ်သင့်ပြီး ပညာရေးဆိုင်ရာလုပ်ငန်းများတွင် AI ကို သင့်လျော်စွာ အသုံးပြုကြောင်း အသိအမှတ်ပြုသင့်သည်။

ထို့ကြောင့် ပညာရေးအဖွဲ့အစည်းများသည် ပညာရေးဆိုင်ရာ ကိုယ်ကျင့်တည်ကြည်ခြင်း လျှို့ဝှက်ရေး၊ တာဝန်ယူမှုရှိသော AI အသုံးပြုမှုနှင့် အကဲဖြတ်မှုတို့ကိုလွှမ်းခြုံထားသည့် ရှင်းလင်းသော လမ်းညွှန်ချက်များကို ချမှတ်သင့်သည်။ UNESCO က AI အတွက် ပညာရေးနှင့် သုတေသနတွင် အဓိပ္ပာယ်ရှိရှိ ပံ့ပိုးကူညီကြောင်း သေချာစေရန် စွမ်းရည်တည်ဆောက်ခြင်းနှင့် ညီညွတ်သော မူဝါဒဆိုင်ရာမူဘောင်များလိုအပ်ကြောင်းဖော်ပြထားသည်။

**အနာဂတ်ဆီသို့ မျှော်ကြည့်ခြင်း**

ပညာရေး၏အနာဂတ်ကို နည်းပညာတစ်ခုတည်းဖြင့်သာ သတ်မှတ်မည်မဟုတ်ပေ။ လူ့အဖွဲ့အစည်းများသည် နည်းပညာဆန်းသစ်တီထွင်မှုနှင့် လူ့တန်ဖိုးများကို မည်သို့ပညာရှိရှိ ပေါင်းစပ်ထားသည်ဆိုသည့်အပေါ်မူတည်၍ ဆုံးဖြတ်မည်ဖြစ်သည်။ AI သည် သင်ယူမှုကို ပိုမိုစိတ်ကြိုက်ပြင်ဆင်နိုင်စေရန်၊ ဆရာ၊ ဆရာမများ ပိုမိုထိရောက်စေရန်၊ ပညာရေးဆိုင်ရာ အရင်းအမြစ်များကို ပိုမိုရရှိနိုင်စေရန်နှင့် သုတေသနလုပ်ငန်းများကို ပိုမိုထိရောက်စေရန် အလားအလာရှိသည်။

ထို့ကြောင့် မူဝါဒချမှတ်သူများအတွက် ဦးစားပေးရမည့်အရာမှာ ဆန်းသစ်တီထွင်မှုနှင့် တာဝန်ယူမှုတို့အတူတကွ ဖွံ့ဖြိုးတိုးတက်လာသည့် ပတ်ဝန်းကျင်တစ်ခုဖန်တီးရန်ဖြစ်သည်။ ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံ၊ ဆရာ၊ ဆရာမသင်တန်း၊ ပညာရေးဆိုင်ရာ AI သုတေသန၊ အချက်အလက်ကာကွယ်မှုနှင့် တန်းတူဝင်ရောက်ခွင့်တို့တွင် ရင်းနှီးမြှုပ်နှံမှုသည် မရှိမဖြစ်လိုအပ်မည်ဖြစ်သည်။

နိဂုံးချုပ်အားဖြင့်ဆိုရသော် ဉာဏ်ရည်တု (AI ) နည်းပညာသည် ၂၁ ရာစုတွင် ပညာရေးပြောင်းလဲမှုအတွက် အရေးအကြီးဆုံး အခွင့်အလမ်းများထဲမှ တစ်ခုဖြစ်သည်။ AI ကို ကောင်းမွန်စွာပေါင်းစပ်အသုံးပြုပါက ကျောင်းသားများကို ကိုယ်ပိုင်ပံ့ပိုးမှုပေးစွမ်းနိုင်သည်။ ဆရာ၊ ဆရာမများကို ခက်ခဲသော တာဝန်များတွင် ကူညီပေးနိုင်သည်။ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ဝေဖန်ပိုင်းခြားတွေးခေါ်မှုကို လှုံ့ဆော်ပေးနိုင်ပြီး သင်ယူမှုအခွင့်အလမ်းများကို တိုးချဲ့နိုင်သည်။

သို့သော်ပညာရေးတွင် AI ၏ စစ်မှန်သော ကတိကဝတ်မှာ လူ့ဉာဏ်ရည်ကို အစားထိုးခြင်းမဟုတ်ဘဲ ၎င်းကိုမြှင့်တင်ပေးခြင်းတွင် တည်ရှိသည်။ အနာဂတ်စာသင်ခန်းသည် AI ၏ ခွဲခြမ်းစိတ်ဖြာနိုင်စွမ်းကို ဆရာ၊ဆရာမများနှင့် ကျောင်းသားများ၏ ဉာဏ်ပညာ၊ စာနာမှုနှင့် တီထွင်ဖန်တီးနိုင်စွမ်းတို့နှင့် ပေါင်းစပ်သင့်သည်။

ထို့ကြောင့် အနာဂတ်အတွက်စိန်ခေါ်မှုမှာ လူသားများနှင့် စက်များကြား ရွေးချယ်ရန်မဟုတ်ပါ။ လူသားများသည် အရေးပါသောအလယ်ဗဟိုတွင် ရှိနေပြီး AI သည် သင်ယူမှုတွင် အစွမ်းထက်သော မိတ်ဖက်တစ်ဦးဖြစ်လာသည့် ပညာရေးစနစ်တစ်ခု တည်ဆောက်ရန်ဖြစ်ကြောင်းတင်ပြလိုက်ပါသည်။

**ကိုးကား**

- OECD. (2026). OECD Digital Education Outlook 2026: Exploring Effective Uses of Generative AI in Education. OECD Publishing, Paris.
- Miao, F., & Holmes, W. (2023).Guidance for Generative AI in Education and Re search. UNESCO, Paris.

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၆)
## (၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်–

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

( ခ ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

( ဂ ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။

( ခ ) ၂၀၂၆ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်စေရ။

( ဂ ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

( င ) လျှောက်ထားသူသည် ပြစ်မှုနှင့်ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

( ခ ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

( ဂ ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၂၇-၈-၂၀၂၆ ရက်မှ ၂၇-၉-၂၀၂၆ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်၊ ၃၀ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| နေပြည်တော် | ဖုန်း | – | ၀၉ –၄၃၀၂၉၈၂၀၊ ၀၉–၄၂၂၁၉၂၁၇၀၊ ၀၉– ၆၉၅၆၉၉၉၆၆ ၀၁၁–၇၄၀၀၆၊ ၀၁၁–၇၄၀၀၈ |
| ရန်ကုန် | ဖုန်း | – | ၀၉–၄၀၁၇၀၁၅၉၉ |
| မန္တလေး | ဖုန်း | – | ၀၉–၆၈၈၈၈၃၅၅၈ |


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


## ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်း ၃၂၃၃ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲလွမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ပွင့်ဖြူ စက်တင်ဘာ ၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်း ၃၂၃၃ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်း ၃၂၃၃ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါပဲလွမ်းစိုက်ပျိုးခြင်းကို ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ပဲလွမ်း ၃၂၃၃ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ပဲလွမ်းစိုက်ပျိုးတာနဲ့ပတ်သက်ပြီး ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ GAP နည်းစနစ်နဲ့စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်မှန်ကန်ပြီး သွင်းအားစုပစ္စည်းတွေ စနစ်တကျသုံးစွဲဖို့၊ စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပဲလွမ်းစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်းတိုးတက်စေရန်အတွက် ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ ပေါင်းမြက်ကင်းစင်စေရေး၊ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲတတ်စေရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ အထွက်နှုန်းကောင်းသောမျိုးများရရှိရေး၊ စိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး၊ စိုက်ပျိုးရေစနစ်တကျသုံးစွဲရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပဲလွမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲလွမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

## ပေါင်းတည်မြို့နယ် သဖန်းချိုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ပေါင်းတည် စက်တင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် သဖန်းချိုကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေနှင့်ဝန်ထမ်းများက သဖန်းချိုကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း၊ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ခရိုင်ဦးစီးမှူးက ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ သဖန်းချိုကျေးရွာ၌ အကျယ် လေးလက်မခွဲ၊ အနက်ပေ ၃၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်းကို ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေကျပ် ၈၀ ဒသမ ၄၉၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် Royal Lucky ကုမ္ပဏီက ယခုနှစ် ဩဂုတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သန္တာ

# ထာဝရလှပသော အပြုံးအတွက်

Fluoride ပါဝင်သောကြောင့် သွားများကို ခြေမှုပွေးတောက်ပစေပါသည်။

# DENTOMEC




ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်**၊ **Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။




**ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉၂၅၁ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊ ၀၉ - ၇၇၇ ၀၀၄ ၀၉၇

**ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀


## အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အထက(၃၄)၊ Grade–5 တွင် ပညာသင်ကြားနေသော(ဘ) ဦးကျော်ကျော်၏ သား မောင်ဟန်မင်းစံ၏ အမည်မှန်မှာ အိမ်ထောင်စု လူဦးရေ စာရင်းအရ **မောင်ဟန်မင်းဇံ** ဖြစ်ပါကြောင်း။

**မောင်ဟန်မင်းဇံ**

## အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ Ayawaddy International School၊ Pre Kg တွင် ပညာသင်ကြားနေသော (ဘ)ဦးစိုင်းအောင်ပန်း၏ သား မောင်ဟန်သာမင်းကို **မောင်အောင်မျိုးဟိန်း**ဟု အမည် ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်အောင်မျိုးဟိန်း**

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ အထက(၁)၊ Grade–9၊ (A)တန်းတွင် ပညာ သင်ကြားနေသော မောင်ဟိန်းသူရိန်၏ ဖခင် အမည်မှန်မှာ အိမ်ထောင်စု လူဦးရေ စာရင်းအရ **ဦးသက်နိုင်စိုး(၅/ဝလန(နိုင်)၀၁၃၈၉၂)**ဖြစ်ပါကြောင်း။

**ဦးသက်နိုင်စိုး**
**(၅/ဝလန(နိုင်)၀၁၃၈၉၂)**

## အမည်မှန်

စစ်ကိုင်းမြို့၊ အမက(၁)၊ Grade–4၊ (B)တန်းတွင် ပညာ သင်ကြားနေသော (ဘ) ဦးနွေကိုကိုအောင်(၅/ကဘလ(နိုင်)၁၅၈၉၇၄)၏ သား မောင်စွမ်းကမ္ဘာ၏ အမည်မှန်မှာ **မောင်ဝိုင်းကိုကိုအောင်** ဖြစ်ပါကြောင်း။

**မောင်ဝိုင်းကိုကိုအောင်**

## ပျောက်ဆုံးကြောင်း

ကျိုးဖေ (ဘ)ဦးထန်ရှောက်ဆန်း (၁၃/သရန(နိုင်)၂၀၀၅၅)၏ နိုင်ငံကူးလက်မှတ်အမှတ်–MD–567469 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09–776909116**

## နိုင်ငံသားစိစစ်ရေးကတ်ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ အနောက်ရပ်ကွက်၊ အကွက်(၅၆၁)နေ ဦးရဲလင်းအေး (ဘ) ဦးအေးကြူ (၉/ခအဇ(နိုင်)၀၃၄၉၃၁)၏ နိုင်ငံသားစိစစ်ရေးကတ်ပြားပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09–266320803**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကူးမြို့၊ ရပ်ကွက်(၂)နေ ဦးသန်းလွင် (ဘ) ဦးတင်ရှိန်(၉/စကန(နိုင်)၀၁၁၇၀၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09–789198294**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့၊ ရပ်ကွက်(၂)နေ ဒေါ်သီလှ (ဘ) ဦးကျော်မြ၊ (၉/စကန(နိုင်)၀၂၄၇၀၄)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09–777533292**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်(၅၅၃)၊ အောင်နန်းရိပ်သာအရှေ့နေ ဦးသန်းဝင်း(၉/မရတ(နိုင်)၀၀၄၆၃၁)နှင့် ဒေါ်ချောစု(၉/ခအဇ(နိုင်)၀၀၅၆၀၁)တို့၏ သမီး မမေသဇင်ဝင်းသည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းဝင်း+ဒေါ်ချောစု**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၃၁)၊ ဦးပိုင်အမှတ်(၂၅၇)ရှိ ဦးရှိန် မြေကွက်ပေါ်တွင် ဒေါ်အိအိလှိုင်(၉/မခန(နိုင်)၂၄၃၀၉၆) ကိုင်ဆောင်သူမှ (အလျား ၂၀'-၀" x အနံ ၃၀'-၀") နံကပ်တစ်ထပ် အဆောက်အအုံဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသော အထောက်အထားများယူဆောင်လာရန် မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁)တိုးချဲ့ရပ်ကွက်၊ မြေကွက်အမှတ်(င-၁၇)ပေါ်တွင် ဒေါ်ဖြိုးဖြိုးအောင် (/မခန(နိုင်)၂၂၄၉၆၂) ကိုင်ဆောင်သူမှ အလျား(၂၀'-၀" x အနံ ၂၀'-၀") Steel–structure (၂)ထပ်အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင် တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်(၅၈၆)၊ ချမ်းလယ်ရပ်ကွက်နေ ဒေါ်စိုးစိုးအောင်(ခ)စိုးစိုး(၉/မရမ(နိုင်)၀၈၃၆၂၆)၏သား မောင်လင်းထက်အောင်(၉/ခအဇ(နိုင်)၀၅၅၄၄၄)သည် မိဘများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင်ပြုလုပ်၍ နေအိမ်ပေါ်မှ ဆင်းသွားပါသောကြောင့် ၃-၉-၂၀၂၆ ရက်မှစ၍ ရာသက်ပန် အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝငွေကြေးကိစ္စများအားလုံး မိသားစုအသိုင်းအဝိုင်းနှင့် မပတ်သက်တော့ပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ နိုင်ငံအချို့၏ ကြေညာချက်နှင့် ထုတ်ပြန်ပြောကြားချက်များအပေါ် မြန်မာနိုင်ငံ၏ တုံ့ပြန်ချက်

နေပြည်တော် စက်တင်ဘာ ၃

၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ နိုင်ငံအချို့က ကြေညာချက်များ၊ ထုတ်ပြန်ပြောကြားချက်များ၊ လူမှုကွန်ရက်မီဒီယာများအပါအဝင် သတင်းဖော်ပြချက်များ ပြုလုပ်ခဲ့သည်။

ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် နောက်ဆက်တွဲဖြစ်စဉ်များသည် အာဆာအကြမ်းဖက်အဖွဲ့၏ တစ်ပြိုင်နက်တည်း အကွက်ချကြိုတင်စီစဉ်စတင်တိုက်ခိုက်ခဲ့ခြင်းကြောင့်ဖြစ်ပေါ်လာရခြင်းဆိုသည့်အချက်ကို အဆိုပါကြေညာချက်များနှင့်ထုတ်ပြန်ပြောကြားချက်များတွင် အသိအမှတ်ပြုရန် ပျက်ကွက်လျက်ရှိသည်။

ဖြစ်စဉ်အမှန်မှာ ၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် အာဆာအကြမ်းဖက်များက ရခိုင်ပြည်နယ်မြောက်ပိုင်း၌ အကြမ်းဖက်တိုက်ခိုက်မှုများ ကနဦးကျူးလွန်ခဲ့ပြီး ယင်းဖြစ်စဉ်များအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အရပ်သားများ အသက်ဆုံးရှုံးခဲ့ရသည်။

၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် အာဆာအကြမ်းဖက်များက ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လုံခြုံရေးစခန်း ၃၀ နှင့် တပ်ရင်းဌာနချုပ်တစ်ခုတို့ကို တစ်ပြိုင်နက်တည်း အကွက်ချတိုက်ခိုက်ခဲ့ခြင်းကြောင့် စာမျက်နှာ ၁၉ ကော်လံ ၁ ❖

## 2027 AFC U 20 Asian Cup အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(K)ခြေစစ်ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၂

2027 AFC U 20 Asian Cup အမျိုးသားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်များ၏ အုပ်စု(K)ပွဲစဉ်များကို ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၆ ရက်ထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိပြီး ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ စက်တင်ဘာ ၃ ရက်(**ယနေ့**) ညနေ ၄ နာရီတွင် မြန်မာအမျိုးသားအသင်းနှင့် ဘရူနိုင်းအမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားကြပုံများကို ယင်းနေ့ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်ပြီး MRTV HD Channel၊ MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံ အဖွဲ့ဝင် အမျိုးသားဦးရေ ၂၀ နှင့် အမျိုးသမီး လေးဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် စက်တင်ဘာ ၂

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသားဦးရေ ၂၀ နှင့် အမျိုးသမီး လေးဦး စုစုပေါင်း ၂၄ ဦးတို့သည် လက်နက်မျိုးစုံ ရှစ်လက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။ စာမျက်နှာ ၂၃ ကော်လံ ၁ ☆

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခုဖြင့် အမျိုးသမီးတံခွန်စိုက်ဆုဖလားကို မွန်ပြည်နယ်အသင်းနှင့် ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် တစ်ခုဖြင့် အမျိုးသားတံခွန်စိုက်ဆုဖလားကို ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ဆွတ်ခူး




မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း ရန်ကုန်တိုင်းဒေသကြီး အသင်းကို အမျိုးသားတံခွန်စိုက် ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် စက်တင်ဘာ ၂

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲများကို ယနေ့မွန်းလွဲ ၂ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပသည်။

ဗိုလ်လုပွဲပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ စာမျက်နှာ ၂၄ ကော်လံ ၁ ●

## ကလေးမြို့နယ် ဖောင်ကူးကျေးရွာ၊ တီးတိန်မြို့နယ် ခိုင်ကမ်းမြို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေး



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများပူးပေါင်း၍ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် စက်တင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် ယခုရက်ပိုင်းအတွင်း အဆက်မပြတ် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ရှိ နရဋ္ဌရာချောင်းမှ ချောင်းရေလျှံခြင်းများဖြစ်ပေါ်ပြီး ဖောင်းကူးကျေးရွာအတွင်း ရုတ်တရက်ချောင်းရေများဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည်။

ထို့ကြောင့် အဆိုပါကျေးရွာမှ ဒေသခံပြည်သူများကို ရေဘေးလွတ်ရာသို့ပြောင်းရွှေ့နေထိုင်နိုင်ရန်အတွက် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ စာမျက်နှာ ၁၉ ကော်လံ ၁ ■

## တောင်ငူမြို့တွင် ငွေကျပ် ၁ ဒသမ ၄၃၆၉ ဘီလီယံတန်ဖိုးနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ငွေကျပ်သိန်း ၁၅၂၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂

တောင်ငူမြို့တွင် ငွေကျပ် ၁ ဒသမ ၄၃၆၉ ဘီလီယံတန်ဖိုးနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ငွေကျပ်သိန်း ၁၅၂၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိ တရားခံများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော စာမျက်နှာ ၂၅ ကော်လံ ၃ ◆

ပန်းအောင် ခေါ် အောင်ပေ၊ မနော်ဌေးဌေးစိုး တို့ကို သိမ်းဆည်းရမိ မူးယစ်ဆေးဝါး များနှင့်အတူ တွေ့ရစဉ်။

